ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနသဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 22 August 2017 (၉၀၂၄)

# ပြည်သူ့ဘဏ္ဍာကို ပြည်သူလူထုကိုယ်တိုင် စီမံခန့်ခွဲဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာ ၉၉၀၀ ကျော်တွင် အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ ပိုမိုထိရောက်ကောင်းမွန်သည့်အစီအစဉ်များ ရေးဆွဲချမှတ်ခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၁

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၄၇)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

# ရန်ကုန်မြစ်တစ်လျှောက် ကမ်းပြိုမှုများ ဆက်လက်မဖြစ်ပွားအောင် ယခုဘဏ္ဍာနှစ်မှစတင်ကာ ငါးနှစ်ဆက်တိုက် ပြုပြင်ထိန်းသိမ်းသွားမည်

**နေပြည်တော် ဩဂုတ် ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၏ **ရန်ကုန်မြစ်ကမ်းတစ်လျှောက် ကမ်းပြိုမှုများ ပိုမိုဖြစ်ပွားလာသဖြင့် ကမ်းပြိုမှုများ ဆက်လက်မဖြစ်ပွားအောင် ကာကွယ်ခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းတို့ကို စီမံကိန်းချမှတ်ပြီး ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရန်ကုန်မြစ်၏အပေါ်ပိုင်းဆိပ်ခံတံတားများ၏ ရှေ့တွင် အများအားဖြင့် နုန်းပို့ချခြင်းများရှိ၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သောင်တူး၊ သောင်စုပ်စက်များဖြင့် ထိန်းသိမ်းဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်မြစ်အပေါ်ပိုင်းတွင် ကမ်းပြိုတိုက်စားသည့် အဓိကအပိုင်းမှာ ဆိပ်ကြီးခနောင်တိုမြို့နယ်ဘက်ကမ်းတွင်ရှိပြီး မြစ်ကွေ့နေရာရှိ ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်း၏ အလယ်ပိုင်းနေရာတွင် အများဆုံးဖြစ်ပေါ်နေပါကြောင်း၊ မြစ်ကြောင်းရေတိုက်စားခံရပြီး မပျက်စီးရန် စီမံဆောင်ရွက်ထားသော မြစ်ကြောင်းထိန်းတံတိုင်းဖြစ်ပြီး အဆိုပါတံတိုင်း၏ ပျက်စီးနေသည့်အစိတ်အပိုင်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ Steel Sheet Pile သုံး၍ လုပ်ငန်းအကြီးစားအဖြစ် ပြုပြင်ထိန်းသိမ်းလျက်ရှိပါကြောင်း၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

မြန်မာနိုင်ငံဆိုင်ရာ ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီးနှင့်အဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံ
စာမျက်နှာ » ၃

ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ
စာမျက်နှာ » ၈

ရန်ကုန်မြို့ပြအိမ်ရာစီမံကိန်းများကြားမှ ရှားပါးလယ်ယာမြေ အသနားခံ
စာမျက်နှာ » ၉

# ချင်းပြည်နယ်အား ခရီးသွားဧည့်သည်များ ဆွဲဆောင်နိုင်သည့်ဒေသဖြစ်လာစေရေး ကြိုးပမ်းနေ



နတ်မတောင် တောင်ပေါ်အလှမြင်ကွင်းနှင့် ကန်ပက်လက်မြို့အား တွေ့ရစဉ်။

**ကန်ပက်လက် ဩဂုတ် ၂၁**

ချင်းပြည်နယ်အတွက် ဝင်ငွေတိုးရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန် အသင့်တော်ဆုံးလုပ်ငန်းတစ်ခုမှာ ခရီးသွားလုပ်ငန်းဖြစ်ရာ ချင်းပြည်နယ်အား အနာဂတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်လာစေရန် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို အဓိကဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိတွင် ကန်ပက်လက်မြို့နယ် ဆော်လောင်းကျေးရွာတွင် စတင်ဆောင်ရွက်လျက်ရှိရာ နှစ်ယောက်အိပ်ခန်းပါသည့်ချင်းရိုးရာ

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ○**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# သဘာဝဘေးကို ကြိုတင်သတိထား

မျက်မှောက်ကာလတွင် မိုးများသောဝါဆိုဝါခေါင်လကုန်ဆုံးတော့မည်။ ဥတုအားဖြင့် မိုးကာလကိုကျော်ဖြတ်ရန် နီးကပ်လာသည်။ မိုးကွင်း မိုးကျန်များရွာသွန်းနေပြီး မိုးကာလပါးလျားလာသည်ဟု ထင်မှတ်ရသော်လည်း မုတ်သုံမိုးမှာ မကုန်သေးချေ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသအချို့တွင် ရေကြီးရေလျှံမှုများနှင့်ကြုံတွေ့နေရပြီး အာရှဒေသနိုင်ငံအချို့တွင် ရေကြီးရေလျှံဖြစ်ပွားသောကြောင့် လူရာနှင့်ချီသေဆုံးနေသည်ကိုကြားသိနေရသည်။

ယင်းအခြေအနေတွင် လေဖိအားနည်းမြောင်းတန်းမှာ မြစ်ဝကျွန်းပေါ်၊ မွန်နှင့်ကရင်ပြည်နယ်ကို ဖြတ်သန်းနေပြီး ဗီယက်နမ်နိုင်ငံပေါ်မှ တိမ်တိုက်များနှင့်တစ်ဆက်တည်း တည်ရှိနေကာ ထိုတိမ်တိုက်ကြီးသည် မြန်မာနိုင်ငံဘက်သို့ ပြန်လည်ရွေ့လျားလာသည်ဟု မိုးလေဝသမှ အသိပေးထားသည်။ ထိုလေဖိအားနည်းအရှိန်ကြောင့် မြန်မာနိုင်ငံအနှံ့အပြားရှိ အချို့ဒေသများတွင် မိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်ဟု ဆိုထားသည်။ တစ်ဆက်တည်းတွင် နောက်နှစ်ရက်၌ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးသုံးခုနှင့် မွန်နှင့် ကရင်ပြည်နယ်တို့တွင် မိုးပိုမိုလာနိုင်သည်ဟု ခန့်မှန်းထားသည်။

မိုးလေဝသမှ ထိုသို့သတိပေးထားသော်လည်း မြန်မာနိုင်ငံနှင့်မိုး၊ မြန်မာနိုင်ငံနှင့် သဘာဝဘေးတို့မှာ မဆန်းသလိုဟု အများပြည်သူတို့ ထင်မှတ်ကြမည်ဖြစ်သည်။ သဘာဝဘေးကို ကိုယ်တွေ့ခံစားရသူတို့သာ သဘာဝဘေးဒဏ်ကို သိရှိနားလည်ကြသည်။ ယခုလက်ရှိတွင် မိုးများသောကြောင့် ဧရာဝတီမြစ်ရေတက်လာသဖြင့် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာအချို့ ရွာလုံးကျွတ်ရေဘေးသင့်ကာ အိုးပစ်အိမ်ပစ်ရွှေ့ပြောင်းနေကြရသည်။ စာသင်ကျောင်းများ ပိတ်ထားရသည်။ နောက်ရက်များတွင်လည်း မြစ်ရေဆက်လက်တိုးလာဖွယ်ရှိသည်။

အစိုးရက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးနေရသည်။ ယခုသဘာဝရေဘေးမှာ ယမန်နှစ်များကလောက်မများသဖြင့် လူမှုအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုနည်းသည်။ ထို့ကြောင့် ရေဘေးသင့်ပြည်သူများမှာ ပိုမိုခံစားကြရသည်။ မန္တလေးတိုင်းဒေသကြီးတွင် မိုးရေတက်လာသဖြင့် ဧရာဝတီမြစ်ရေတိုက်စားသောကြောင့် တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ နေရာနှစ်နေရာအပါအဝင် အခြားဒေသများရှိ နေရာ ၁၂ နေရာ၌ ကမ်းပါးပြိုကျမှုများ ဖြစ်ပွားနေသဖြင့် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော ယခုနှစ်ရေကြီးရေလျှံမှုများမှာ ယခင်နှစ်များထက်စာလျှင် သက်သာသည်ဟု ဆိုရမည်ဖြစ်သည်။ တောင်အာရှဒေသတစ်ဝန်းတွင် ရာသီအလိုက်ဖြစ်ပေါ်နေသော ရေကြီးမှုဒဏ်ကိုခံနေရသည့် ပြည်သူ သန်းနှင့်ချီရှိနေပြီး လူ ၆၀၀ နီးပါး သေဆုံးခဲ့သည်ဟု သိရသည်။ ထိုသေဆုံးမှုမှာ နီပေါနှင့်အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံတို့မှဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နယ်မြေ သုံးပုံတစ်ပုံခန့် ရေနစ်မြုပ်နေပြီး အိန္ဒိယနိုင်ငံရှိ ပြည်နယ်လေးခုမှ လူ ၁၁ သန်းခန့် ရေကြီးမှုဒဏ်ခံစားနေရသည်။

ဘင်္ဂလားဒေ့ရှ်မှာ မကြာမီရက်ပိုင်းတွင် အခြေအနေပိုမိုဆိုးရွားလာနိုင်သည်။ အိန္ဒိယမှ လျှံကျသောမြစ်ရေများမှာ ဘင်္ဂလားဒေ့ရှ်တွင်စုပုံလာကာ သဘာဝဘေးကို ဆိုးဆိုးရွားရွားခံစားရမည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း သဘာဝရေဘေးမပြေးထန်သေးဟု လျှော့ပေါ့မတွက်သင့်ပေ။ အပေါ်မှပြုဆင်းလာသောရေမှာ အလယ်ပိုင်း၌ ပိကျလာနေချိန်တွင် ဖိလှည့်လာသော လေဖိအားနည်းတိမ်တိုက်များ၏ အရှိန်ကြောင့် အောက်ရေများတိုးလာပြီး အထက်ရေဖိ၊ အောက်ရေတိုးကာ ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုဖြစ်စဉ်များကို အထူးသတိထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးကို ကြိုတင်တားဆီးကာကွယ်ခြင်း၊ ကြိုတင်ရှောင်ရှားခြင်းတို့ကို မဖြစ်မီကပြင်ဆင် ဆောင်ရွက်တတ်သည့် အလေ့အထကောင်းများနှင့် ကူညီဆောင်ရွက်ပေးရမည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရန် အသိပေးအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် လမ်း၊ တံတားနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်း (နေပြည်တော်-ရန်ကုန်) လမ်းပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး သာဂရသို့ ရောက်ရှိခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဆက်လက်၍ မိတ္ထီလာ-တောင်ငူ ၅၀၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းအတွက် တာဝါတိုင်၊ ကြိုးများနှင့် ကြွေသီးများ ရောက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများ သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီသည့် ပစ္စည်းများဖြစ်ရန်လိုကြောင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတာရှည်-ကရင်ချောင်း-လိပ်သိုလမ်းပိုင်းရှိ ကျွဲရိုင်းပြင်ကျေးရွာသို့ ရောက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများက ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာအထိနှင့် တောင်ငူမြို့နယ် ကရင်ချောင်းအထိ ကတ္တရာလမ်းရှိပြီးဖြစ်သည့်အတွက် ယခု စစ်တောင်းမြစ်ကိုဖြတ်၍ တံတားတစ်စင်း တည်ဆောက်ပေးပါက သွားလာရေး လွယ်ကူအဆင်ပြေလာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တံတားတည်ဆောက်ပေးရန်အတွက် မြေပြင်အခြေအနေ၊ ရေလမ်းကြောင်းအခြေအနေတို့ကို သေချာကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် Oriental Highway ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ပျဉ်းမနား-ရေတာရှည်လမ်းပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လမ်းစခန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများအား မိုးတွင်းကာလ လမ်းပျက်စီးမှုမရှိစေရေး ဆက်လက်ထိန်းသိမ်းသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု သင်တန်းဖွင့်

**ကလိန်အောင် ဩဂုတ် ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သစ်တောဦးစီးဌာနမှ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကလိန်အောင်မြို့ မိကျောင်းလှောင်ကျေးရွာရှိ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်း၌ ကျင်းပသည်။



ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသန်းက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် ၎င်း၏လုပ်ငန်းစဉ်များ၊ ဆက်စပ်သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို သိရှိနားလည်နိုင်စေရန်၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးလာစေရန်၊ သစ်တောအုပ်ချုပ် လုပ်ကိုင်မှုတွင် ဒေသခံများ၏အခန်းကဏ္ဍ ပိုမိုမြင့်မားလာစေ၍ သစ်တောထွက်ပစ္စည်း ထောက်ပံ့ပေးနိုင်မှုအတွက် အထောက်အကူရရှိစေရေး စသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်၊ ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်းမြို့နယ်တို့မှ သင်တန်းသား ၃၆ ဦးအား သစ်တောဦးစီးဌာနမှ သင်တန်းဆရာ ငါးဦးက ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ပြီး မြန်မာ့သစ်တောမူဝါဒနှင့် သစ်တောများမှ ပေးသော အကျိုးကျေးဇူးများ အပါအဝင် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောဘာသာရပ်များကို ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်နိုင်ဇော်(ပြန်/ဆက်)**

# ရာသီတုပ်ကွေးရောဂါ အသိပညာပေးစာစောင်နှင့် နှာခေါင်းစည်းများ ဖြန့်ဝေ

**ကမ္မ ဩဂုတ် ၂၁**

ပခုက္ကူမြို့နယ် ကမ္မမြို့ ကမ္မလူငယ်ဖွံ့ဖြိုးရေးအဖွဲ့က ရာသီတုပ်ကွေးရောဂါ အသိပညာပေး လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများကို ယနေ့နံနက် ၉ နာရီက ကမ္မမြို့မဈေးနှင့် ကားဂိတ်ဝန်းကျင်၌ ဖြန့်ဝေခဲ့သည်။

ကမ္မလူငယ်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များသည် လက်ကမ်းစာစောင် ၅၀၀၊ နှာခေါင်းစည်း (Mask)အစုံ ၂၅၀ တို့ကို ဈေးနှင့်ကားဂိတ် နေရာများ၌ ခရီးသွားပြည်သူဗဟိုပြုအခမဲ့ လိုက်လံဖြန့်ဝေ အသိပေးခဲ့ကြောင်း သိရသည်။ ပခုက္ကူခရိုင်အတွင်းတွင် ရာသီတုပ်ကွေးရောဂါ (H1N1) ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ အသိပညာပေး ဟောပြောခြင်းများကို ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဇော်(ခတ္တ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်(ရွှေဈေး) ၉၁၆၅၀၀ - ၉၁၆၅၀၀ မန္တလေး(ရွှေဈေး) ၉၁၆၅၀၀ - ၉၁၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၅/၆၇၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၁၅ ကျပ်၊ | ၇၇၀/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၆၈၀ ကျပ်၊ | ၇၀၀/၇၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၅/၆၉၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀/၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၁. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၉. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၄. ၀၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၉၅၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၁၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၃၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၄. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၅၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၈. ၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၈. ၃၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957 ၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာနိုင်ငံဆိုင်ရာ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့်အဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၁**
မြန်မာနိုင်ငံဆိုင်ရာ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂိုဏ်းချုပ်ဆရာတော်ကြီးက တိုင်းပြည်ရှိ ပါတီများ၊ အဖွဲ့အစည်းများအားလုံးအတွက် တစ်ခုတည်းသော လမ်းစဉ်မှာ ငြိမ်းချမ်းရေးလမ်းစဉ်သာဖြစ်ကြောင်း၊ ပြဿနာများကို ဆွေးနွေးအဖြေရှာရာတွင် မိမိတို့အတူ လက်တွဲပါဝင် ဆောင်ရွက်လိုကြောင်း၊ မိမိတို့အနေဖြင့် အကြမ်းမဖက်သော ငြိမ်းချမ်းရေးလမ်းစဉ်ကို ထောက်ခံပြီး လိုက်ပါလျှောက်လှမ်းရန် တိုက်တွန်းလိုကြောင်း၊ မည်သည့် နာကြည်းမှုများပင်ဖြစ်စေ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ကာ ဖြေရှင်းနိုင်ကြောင်း၊ ဆွေးနွေးညှိနှိုင်းသော စားပွဲဝိုင်းသို့ ပြန်လည်စုရုံးကြရန် တောင်းပန်ဆန္ဒပြုကြောင်း၊ ယခုမျက်မှောက်ရင်ဆိုင်ကြုံတွေ့နေရသော ကိစ္စများတွင် ငြိမ်းချမ်းသော ခံယူချက် နည်းဟန်များနှင့်ဖြေရှင်းနိုင်ရန် အမိနိုင်ငံတော်နှင့်တကွ နိုင်ငံ့ခေါင်းဆောင်များ၊ တပ်မတော်နှင့်တကွ အခြားသော အဖွဲ့အစည်းအားလုံးအတွက် မိမိတို့ဆုတောင်းမေတ္တာပို့သကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခိုင်မာသည့် ငြိမ်းချမ်းရေး၊ ခိုင်မာသည့် ဒီမိုကရေစီဖြစ်အောင် မိမိတို့ ကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ တိုင်းရင်းသားအခွင့်အရေးနှင့်ပတ်သက်၍ ဥပဒေနှင့်အညီသာ လုပ်ဆောင်ကြရမည်ဖြစ်ပြီး တိုင်းရင်းသား အစွဲများမထားဘဲ မြန်မာပြည်တွင် နေထိုင်သူအားလုံး မြန်မာစိတ်မွေးကြရမည်ဖြစ်ကြောင်းနှင့် မြန်မာ့နိုင်ငံရေး ပြောင်းလဲမှု၊ ငြိမ်းချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား အရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။



**(သတင်းစဉ်)**

# လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**
လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုညှိနှိုင်းရေး အဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သဘာဝဘေး လျော့ပါးရေးလုပ်ငန်း စီမံချက် (၂၀၁၇)ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ဦးစားပေးလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်၍ ရေးဆွဲထားခြင်းဖြစ်ပြီး လက်ရှိအခြေအနေအရ မဖြစ်မနေဆောင်ရွက်ရန်လိုအပ်နေသည့် စီမံကိန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ သတ်မှတ်ပေးရန်လိုအပ်ကြောင်း၊ ယခုကဲ့သို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ရန်ပုံငွေတိုးပွားရေးလုပ်ငန်းများအတွက် အရေးပါသကဲ့သို့ ရန်ပုံငွေလိုအပ်ချက်များကိုလည်း ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အချို့သောစီမံကိန်းများသည် အစိုးရဘတ်ဂျက်တွင် ထည့်သွင်းတင်ပြဆောင်ရွက်မည်ဖြစ်သော်လည်း အခြားသောနည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ လိုအပ်ချက်များရှိခဲ့လျှင်လည်း ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများ၏နိုင်ငံဆိုင်ရာအစီအစဉ်များ၊ နှစ်အလိုက်လုပ်ငန်းစီမံချက်များတွင်လည်း ကဏ္ဍအလိုက် စီမံကိန်းများကို ကြိုတင်ထည့်သွင်းလျာထားရန် လိုအပ်ပါကြောင်းပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အနေဖြင့် ဆောင်ရွက်သွားမည့်လုပ်ငန်းတာဝန်များအားလည်းကောင်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် လူမှုဝန်ထမ်းဦးစီးဌာနခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဦးစားပေးလုပ်ငန်းများ၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာသော ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့်ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့က ဆောင်ရွက်သွားမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းပြီး ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း အလုပ်သမားရေးရာဆိုင်ရာများ ဆောင်ရွက်ပေးခဲ့

**နေပြည်တော် ဩဂုတ် ၂၁**
နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၄၂၁၄ ဦး၊ အမျိုးသမီး ၉၆၁၁ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၃၈၂၅ ဦး ချုပ်ဆိုခဲ့ပါသည်။ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း လက်ခံရရှိမှု ၁၀၃ မှုတွင် ကျေအေးမှု ၂၂ မှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၁၁ မှု၊ ပိတ်သိမ်းမှု တစ်မှုတို့ဖြစ်ပြီး ကျန် ၆၉ မှု အတွက်ခံစားခွင့်ရှိသူ ၂၀၁ ဦးအား ငွေကျပ် ၈၇၃၄၀၅၆၆ နှင့် US$ ၇၅၀၅ ကို ခံစားစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၄၀၀၀ ကျော် ၊ US$ ၆၀၀၀၀ နှင့် ထိုင်းဘတ်ငွေသိန်း ၉၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိများက စက်ရုံ/အလုပ်ရုံ (၅၁၆) ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၂၈၁ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီက အမှုရှစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၁၀ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၉၂၈၂၁၆၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အမှု ၁၄ မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ခြောက်ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၇၈၀၀၀၀ ရရှိစေခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၇၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၃၅၉၉ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၅၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| (က) | အလုပ်သမားဆေးရုံကြီး သုံးရုံ (ပြင်ပလူနာ ၇၀၃၀ ဦး၊ အတွင်းလူနာ ၇၈၄ ဦး) | ၇၈၁၄ ဦး |
| (ခ) | လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၀နှင့်လူမှုဖူလုံရေး ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှု | ၇၁၂၃၂ ဦး |
| (ဂ) | အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု သုံးကြိမ် | ၅၂၆ ဦး |
| (ဃ) | လူမှုဖူလုံရေးဆေးခန်းများမှဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၁၂၈ ကြိမ် | ၄၀၂၅ ဦး |
| (င) | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသပေးမှု | ၂၅၉၁ ဦး |

**(သတင်းစဉ်)**

## ○ ချင်းပြည်နယ်မှ

နေအိမ်ငယ်များကို ဆောက်လုပ်ထားသည့်အပြင် ဒေသအငွေ့အသက်များ ပါဝင်နိုင်စေရန်လည်း ထည့်သွင်းထားကြောင်း၊ အလားတူ တီးတိန်မြို့နယ် လိုင်လိုးကျေးရွာနှင့် ဖလမ်းမြို့နယ် တာရွှန်းကျေးရွာတို့တွင်လည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများမှ သိရသည်။

"သဘာဝနဲ့ လူထုအခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကိုအားပေးမြှင့်တင်ဖို့အတွက် ပြည်တွင်း၊ ပြည်ပနဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အပံ့တွေ၊ နိုင်ငံတကာမှာရှိနေကြတဲ့ ချင်းလူမျိုးအသိုင်းအဝိုင်းတွေရဲ့ အကူအညီတိုးတက်ရရှိရေးတို့ကို ပြည်နယ်အတွင်း အချိုးမျှတစွာခံစားနိုင်စေဖို့ ပြည်ထောင်စုအစိုးရရဲ့ခွင့်ပြုချက်နဲ့လုပ်ဆောင်နေပါပြီ။ အဲဒါကြောင့် ချင်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အစီအမံတွေချမှတ်ဆောင်ရွက်တဲ့နေရာမှာ လိုအပ်မယ့်အကြံပြုချက်တွေ၊ ဗဟုသုတတွေရရှိဖို့ ပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ ပုဂ္ဂလိကအသင်းအဖွဲ့တွေနဲ့ ဒေသခံပြည်သူတွေပူးပေါင်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်"ဟု ချင်းပြည်နယ်ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခရီးသွားလုပ်ငန်းတွင် အဓိကကျသည့်အခြေခံအဆောက်အအုံများအတွက် ပြည်နယ်အစိုးရက ဆောင်ရွက်လျက်ရှိပြီး ဟိုတယ်များကို ထပ်မံတည်ဆောက်ရန်လည်း ကြိုးပမ်းလျက်ရှိရာ လက်ရှိတွင် မင်းတပ်နှင့်ကန်ပက်လက်မြို့တို့၌ ဟိုတယ်ခြောက်လုံးသာရှိကြောင်း၊ ယခုနှစ်အတွင်း ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ခိုင်ကမ်း၊ ပလက်ဝနှင့် မတူပီစသည့်မြို့တို့တွင် ဟိုတယ် ၁၂ လုံးအထိ တိုးမြှင့်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးစဉ်ဒေသ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့်ဧည့်သည်များလာရောက်လည်ပတ်ခြင်းတို့ကြောင့် ယင်းခရီးစဉ်ဒေသကိုထိခိုက်မှုနည်းနိုင်သမျှနည်းစေရေးတို့ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့် မိမိတို့ဒေသ၏သဘာဝအရင်းအမြစ်များကို မိမိတို့ထိန်းသိမ်းကာကွယ်ရန်အဓိကအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ပုံစံအမျိုးမျိုးသောအလုပ်အကိုင်များကို ဖန်တီးပေးနိုင်ရုံသာမက ခရီးသွားလုပ်ငန်းဖော်ဆောင်နေသည့် ခရီးစဉ်ဒေသတစ်ခုအတွင်း ဆင့်ပွားအကျိုးသက်ရောက်မှု(Ripple Effects)များကို ဖြစ်ပေါ်စေကာ အခြေခံအဆောက်အအုံ(Infrastructure)နှင့်အပေါ်ထပ်အဆောက်အအုံ(Superstructure)များကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ခရီးစဉ်ဒေသတစ်ခု၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာအစားအစာများ၊ လက်မှုအနုပညာထုတ်ကုန်များကိုလည်း မြှင့်တင်ပေးရာရောက်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(ဇိုဟေဆာ)**



# အမေရိကန် ရေတပ်ဖျက်သင်္ဘောနှင့် ရေနံတင်သင်္ဘောတို့ စင်ကာပူကမ်းလွန်တွင် တိုက်မိ

**စင်ကာပူ ဩဂုတ် ၂၁**

စင်ကာပူနိုင်ငံ ကမ်းလွန်ပင်လယ်ပြင် အတွင်း အမေရိကန် ရေတပ်ဖျက်သင်္ဘော တစ်စင်းနှင့် ရေနံတင်သင်္ဘောတစ်စင်းတို့ ဩဂုတ် ၂၁ ရက်တွင် တိုက်မိမှုဖြစ်ပွားရာ ရေ တပ်သား ၁၀ ဦးပျောက်ဆုံးနေပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

**မတော်တဆမှု**

မကြာသေးမီလများအတွင်း အမေရိကန် ရေတပ်စစ်ရေယာဉ်တစ်စင်းနှင့် ကုန်တင် သင်္ဘောတစ်စင်းတို့ တိုက်မိမှုဖြစ်ပွားခဲ့သဖြင့် ယခုဖြစ်ရပ်မှာ ဒုတိယအကြိမ် ဖြစ်ပွားသည့် မတော်တဆမှု ဖြစ်ရပ်ဖြစ်သည်။

မလက္ကာရေလက်ကြားကို အရှေ့ဘက်မှ ဖြတ်သန်းကာ စင်ကာပူဆိပ်ကမ်းဆီသို့ ဦးတည်မောင်းနှင်လာသည့် အမေရိကန်ရေတပ်မှ ပဲ့ထိန်းဒုံးတပ်ဆင်ထားသော ဖျက်သင်္ဘော ဂျွန်အက်စ်မက်ကိန်းသည် ဒေသစံတော်ချိန် နံနက် ၅နာရီ ၂၄မိနစ်တွင် အလျား ပေ ၆၀၀ ရှိ ရေနံနှင့် ဓာတုပစ္စည်းတင်သင်္ဘောနှင့် တိုက်မိခဲ့ကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

**၁၀ ဦးပျောက်ဆုံး**

အမေရိကန်ရေတပ်ဖျက် သင်္ဘော၏ ပဲ့ပိုင်း လက်ဝဲဘက်အခြမ်းမှာ ပျက်စီးခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။ အယ်နစ် အမ်စီ ရေနံတင်သင်္ဘောနှင့် တိုက်မိခဲ့သော စစ်သင်္ဘောမှ ရေတပ်သား ၁၀ ဦးပျောက်ဆုံးနေပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

**ပို့ဆောင်ပေးခဲ့**

စင်ကာပူရေတပ်မှ စစ်ရေယာဉ်များနှင့် ရဟတ်ယာဉ်များက သင်္ဘောချင်းတိုက်မိသည့် နေရာအနီးသို့ အလျင်အမြန်သွားရောက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့သည်။ ထိခိုက်ဒဏ်ရာရ ရေတပ်ဖွဲ့ဝင်လေးဦးကို စင်ကာပူစစ်ဘက်မှ ရဟတ်ယာဉ်ဖြင့် သယ်ဆောင်ကာ စင်ကာပူ စစ်ဘက်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဒဏ်ရာရသူများမှာ အသက်အန္တရာယ်စိုးရိမ်ရခြင်း မရှိဟုဆိုသည်။ ပဉ္စမမြောက်ထိခိုက်ဒဏ်ရာ ရသူမှာမူ နောက်ဆက်တွဲ ဆေးဝါးကုသမှုပြုရန် မလိုအပ်ကြောင်း အမေရိကန်အမှတ်(၇) ရေတပ်ဖွဲ့က ပြောကြားသည်။

**မီးမောင်းထိုးပြ**

အမေရိကန်ရေတပ်မှ စစ်ရေယာဉ်နှင့် ကုန်သွယ်ရေကြောင်း ရေယာဉ်တို့ တိုက်မိမှုဖြစ်ရပ်သည် တောင်တရုတ်ပင်လယ်၌ အမေရိကန်ရေတပ်၏ စိုးမိုးမှုကို စိန်ခေါ်နေသော တရုတ်နိုင်ငံနှင့် အမေရိကန်အကြား ပထဝီဝင်နိုင်ငံရေးအရ ပြဿနာများရှိနေပုံကို မီးမောင်းထိုးပြနေသည်ဟု ရိုက်တာက ရေးသား ဖော်ပြသည်။

**ရိုက်တာ။**

# ပါကစ္စတန်အရှေ့ပိုင်းတွင် ပြန်ပေးဆွဲခံခဲ့ရသော ရဲတပ်ဖွဲ့ဝင် ခုနစ်ဦး ပြန်လည်တွေ့ရှိ

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၁**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် တစ်ရက်ကြာပြန်ပေးဆွဲခံရသည့် ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ပြန်လည်ရှာဖွေတွေ့ရှိရကြောင်း ဒေသတွင်းရှိ အူရဒူဘာသာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ရဲတပ်ဖွဲ့ဝင်များပြန်ပေးဆွဲမှု ဖြစ်ပွားခဲ့ပြီးနောက် တပ်ဖွဲ့ဝင်များအား ရှာဖွေသည့်စစ်ဆင်ရေးကို ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းတွင် လုပ်ဆောင်ခဲ့ရာ ညသန်းခေါင်ယံအကျော် နာရီအနည်းငယ်အတွင်း ပြန်ပေးဆွဲခံ ရဲတပ်ဖွဲ့ဝင်များကိုရှာဖွေတွေ့ရှိရကြောင်း ရောဂျဟန်းဒေသ ရဲတပ်ဖွဲ့ဒုတိယရဲမှူး ရာမန်ဘော့ဟာရိုင်းက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးသည် ဩဂုတ် ၂၀ ရက်က အိန္ဒုမြစ်အတွင်း ရေယာဉ်ဖြင့် ကင်းလှည့်နေစဉ် ဓားပြများက ပြန်ပေးဆွဲခဲ့ခြင်း ဖြစ်သည်။ ပြန်ပေးဆွဲခံရဲတပ်ဖွဲ့ဝင်များကို ဓားပြများက ၎င်းတို့ခိုအောင်းနေသည့် အိန္ဒုမြစ်အတွင်းရှိ ကျွန်းငယ်လေးတစ်ကျွန်းသို့ ခေါ်ဆောင်သွားခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ဒေသခံရဲတပ်ဖွဲ့ဝင်များက အိန္ဒုမြစ်အတွင်း အဆိုပါကျွန်းငယ်အား ဝန်းရံပိတ်ဆို့ပြီး ဩဂုတ်၂၁ရက်တွင် ယင်းကျွန်းပေါ်ရှိ သစ်ပင်များ၌ ချည်နှောင်ခံထားသည့် ရဲတပ်ဝင်ဖွဲ့များကို ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များကို ဓားစာခံများအဖြစ် ဖမ်းဆီးထားသော ဓားပြများသည် ညဥ့်အမှောင်ကို အကာအကွယ်ယူ၍ အိန္ဒုမြစ်အတွင်းသို့ ရေကူးကာ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ ယင်းဓားပြများအား ရှာဖွေဖမ်းဆီးနိုင်ရေးအတွက် လုပ်ဆောင်နေကြောင်း ဒေသခံရဲတပ်ဖွဲ့ ဒုတိယရဲမှူး ဘော့ဟာရိုင်းက ပြောကြားသည်။

**ဆင်ဟွာ။**

# အာသံပြည်နယ်ရှိ သစ်တောဥယျာဉ် ရေလွှမ်းမှုကြောင့် တောရိုင်းတိရစ္ဆာန် ၂၂၅ ကောင်ထက်မနည်း သေဆုံး

**ဂူဝါဟာတီ ဩဂုတ် ၂၁**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်ရှိ ကာဇိုင်းရန်ဂါအမျိုးသားသစ်တောဥယျာဉ်ရှိ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေတွင် ရေလွှမ်းမိုးမှု ဖြစ်ပွားသဖြင့် တောရိုင်းတိရစ္ဆာန် ၂၂၅ ကောင်ထက်မနည်း သေဆုံးရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

**သေဆုံး**

အာသံပြည်နယ်ရှိ ကာဇိုင်းရန်ဂါအမျိုးသားသစ်တောဥယျာဉ်တစ်ခုလုံးနီးပါးတွင် ရေလွှမ်းမိုးခံရသဖြင့် ကြွ ၁၅ ကောင်၊ သမင် ၁၈၅ ကောင်၊ ဘင်္ဂလားကျားတစ်ကောင်ထက်မနည်း သေဆုံးခဲ့ကြရကြောင်း၊ တိရစ္ဆာန်ကောင်ရေ ရာပေါင်းများစွာမှာ ရေဘေးလွတ်ရာ ကုန်းမြင့်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း သစ်တောဥယျာဉ် ညွှန်ကြားရေးမှူး ဆက်ယန်ဒရာဆင်းက ပြောကြားသည်။

ထိုစဉ်အတွင်း အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသ၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနစ်ခြင်း၊ နေအိမ်များပြိုလဲခြင်းနှင့် မြေပြိုမှုများ ဖြစ်ပွားခြင်းတို့ကြောင့် ဩဂုတ် ၁၉ ရက်အထိ သေဆုံးရသူ ၅၇၈ ဦးရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

တောင်အာရှဒေသရှိ နိုင်ငံများ၌ ရေလွှမ်းမိုးမှုဒဏ်ကို ပြည်သူ ၁၆ သန်းခန့် တွေ့ကြုံခံစားနေကြရပြီး တပ်မတော်သားများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်သားများက ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ကာ လုပ်ဆောင်လျက်ရှိကြသည်။

**ပီတီအိုင်။**






# တရုတ်နှင့် ရုရှားဆက်သွယ်ထားသော ကုန်တင်ရထားခရီးစဉ် စတင်ပြီ

**ပေကျင်း ဩဂုတ် ၂၁**

တရုတ်နိုင်ငံနှင့် ရုရှားအကြား ဆက်သွယ်ထားသော ကုန်တင်ရထားခရီးစဉ်ကို ဩဂုတ်၂၀ ရက်တွင် စတင်လိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျင်းဟိုင်ပြည်နယ် ကွေ့တန်းချိုင့်ဝှမ်းဒေသရှိ ဂိုလ်မက်မြို့အား ရုရှားနိုင်ငံနှင့် ဆက်သွယ်ထားသည့် ရထားလမ်းကို အသုံးပြုကာ ကုန်ရထားခုတ်မောင်းပြေးဆွဲပေးသည့် ဝန်ဆောင်မှုစတင်လိုက်ပြီဖြစ်ကြောင်း၊ ဓာတုပစ္စည်းများတင်ဆောင်ထားသည့် ကုန်သေတ္တာများကို ပို့ဆောင်ပေးမည့် ကုန်ရထားသည် တရုတ်နိုင်ငံ ရှင်ကျန်းဒေသရှိ အလာတော် တောင်ကြားဒေသကို ဖြတ်သန်းကာ တရုတ်နိုင်ငံမှ ထွက်ခွာသွားခဲ့ကြောင်း၊ယင်းရထား၏ဦးတည်ရာ ပန်းတိုင်မှာ ရုရှားနိုင်ငံ ပမ်မြို့ဖြစ်ပြီး ယင်းမြို့သို့ မရောက်ရှိမီ ကာဇက်စတန်နိုင်ငံကို ဖြတ်သန်းရမည်ဖြစ်ကြောင်း ကျင်းဟိုင်ပြည်နယ် ဟိုင်ကျီးမွန်ဂိုနှင့် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မင်းဟိုင်က ပြောကြားသည်။

ကုန်ရထားခရီးစဉ် ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း မင်းဟိုင်က ပြောကြားသည်။

ပမ်မြို့ဘူတာရုံ၌ ကုန်ချမှုလုပ်ငန်းကို အများဆုံး ၁၀ ရက်အထိ အချိန်ယူကာ ဆောင်ရွက်ရမည်ဖြစ်သည်။ ကုန်ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းသည် ပင်လယ်ရေကြောင်းလမ်းဖြင့် သယ်ယူပို့ဆောင်ခြင်းထက် ရက်ပေါင်း ၃၀ ပိုမိုမြန်ဆန်သည်။

ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း အစီအစဉ်နှင့်အညီ တရုတ်နိုင်ငံရှိ မြို့ကြီး ၂၀ ကျော်သည် အာရှအလယ်ပိုင်းနှင့် ဥရောပရှိ နိုင်ငံများသို့ ရထားလမ်းကွန်ရက်ဖြင့် ချိတ်ဆက်နိုင်ပြီဖြစ်ကြောင်း ဆင်ဟွာက ရေးသား ဖော်ပြသည်။

**ဆင်ဟွာ။**

## လွှတ်တော်ရေးရာ

### ❂ ရွှေဖုံးမှ

အစည်းအဝေးတွင် လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူဝါဒ၊ ရည်ရွယ်ချက်နှင့်လုပ်ငန်းတာဝန်များကို ဖော်ဆောင်ရာတွင် ယခုလက်ရှိဆောင်ရွက်ပြီး အခြေအနေများကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီး ပြည်သူဗဟိုပြုချဉ်းကပ်မှုနည်းလမ်း၊ လူထုကိုယ်တိုင် ဦးဆောင်ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများဖြင့် လက်တွေ့ကျကျ ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်၏အထောက်အပံ့ဖြင့် မြို့နယ်(၆၃) မြို့နယ်ရှိ ကျေးရွာအားလုံး၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ အာရှဖွံ့ဖြိုးရေးဘဏ်၏ထောက်ပံ့မှုဖြင့် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းကို မြို့နယ်(၃)မြို့နယ်၌ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထို့ပြင် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် ပြည်သူ့ဘဏ္ဍာငွေကို ပြည်သူလူထုကိုယ်တိုင် စီမံခန့်ခွဲဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်ရသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၉၉၀၀ ကျော်တွင် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ကျေးရွာလူထုကိုယ်တိုင်ဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းကိုလည်း ကျေးရွာ ၈၂၄၄ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲများကို နှစ်စဉ်ပြုလုပ်၍ ပြင်ဆင်သင့်သည်များကို ပြင်ဆင်၍လည်းကောင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ တစ်နှစ်တာ



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ ကျင်းပစဉ်။

ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်၍ ပိုမိုထိရောက်ကောင်းမွန်သည့် အစီအစဉ်များ ရေးဆွဲချမှတ်ခြင်းတို့ကိုလည်းကောင်း နှစ်စဉ် ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **ဒေသခံ မဟုတ်သည့် စိုက်ပျိုးရေးလုပ်ကိုင်သူများက ဒေသခံတောင်သူများထံမှ မြေယာငှားရမ်းဆောင်ရွက်နေမှုများသည် လမ်းပျက်စီးမှုများ၊ မြေဆီလွှာပျက်စီးမှုများ၊ မြို့နယ်အလိုက်အခွန်အခရရှိမှုများအတွက် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လက်ရှိအနေအထားတွင် အသစ်ပြင်ဆင်ရေးဆွဲသော စာချုပ်စာတမ်းဥပဒေကြမ်းနှင့် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)များအား လွှတ်တော်သို့ တင်ပြဆွေးနွေးဆဲဖြစ်ပါကြောင်း၊ အတည်ပြုရခြင်းမရှိသေးသည့်အတွက် လောလောဆယ်တွင် လယ်ယာမြေငှားရမ်းခြင်းများကို တောင်သူများက အရပ်စာချုပ်နှင့်သာ ဆောင်ရွက်လျက်ရှိနေခြင်းဖြစ်ပါကြောင်း။

ပြည်တွင်းတွင် ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးရည်များ သုံးစွဲမှုအပေါ် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဖြန့်ဖြူးသည့် အရောင်းဆိုင်များကိုလည်း ဥပဒေနှင့်အညီ စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း၊ မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများနှင့် ညီညွတ်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငှားရမ်းသည့်မြေတည်ရှိရာ ဒေသတွင်ရှိသည့် ကျေးရွာလမ်းများ၊ ကုန်ထုတ်လမ်းများပျက်စီးမှုကို သက်ဆိုင်ရာဒေသရှိ ကျေးရွာ၊ မြို့နယ်များ၏ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသည့် ဌာန၊ အဖွဲ့အစည်းများ၏ ကြီးကြပ်စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်နှင့် ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်တို့၏ မောက်မယ်မြို့နယ် ခိုဆိုင်းကျေးရွာ၊ နားသဲကျေးရွာ၊ ရွာသစ်ကျေးရွာ ကျောက်ချောလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ ဂွချောင်းတံတား တည်ဆောက်ပေးရေး၊ လျှပ်စစ်မီးမရသေးသော အိမ်ထောင်စုများအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးတပ်ဆင်ပေးရေး၊ ဆောမြို့နယ်ရှိ မင်းချင်းဆည်တမံအား နိုင်ငံတော်ဘဏ္ဍာငွေမှ တည်ဆောက်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း တင်သွင်းထားသည့် **နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသတွင် လျှပ်စစ်မီးရရှိရန်အတွက် ကျေးလက်မီးလင်းရေးကော်မတီ ဖွဲ့စည်းထားမှုအပေါ် ဖျက်သိမ်းပြီး လျှပ်စစ်မီးနှင့်ပတ်သက်သော ကိစ္စရပ်များအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်သို့ ပြန်လည်ထားရှိရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးတို့က ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ကျေးလက်ဒေသအချို့တွင် ကျေးလက်မီးလင်းရေးကော်မတီသည် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နှုန်းထားများကို သတ်မှတ်ရာတွင် နယ်ခံနှင့် ညှိသည်ဟူ၍ ခွဲခြားကာ ညှိသည်များကို နှုန်းထားပိုမိုကောက်ခံခြင်းများ ရှိနေသောကြောင့် ဒေသခံပြည်သူများမှာ မိမိတို့၏တတ်နိုင်သော ငွေကြေးနှင့် လျှပ်စစ်ဓာတ်အားမရနိုင်ဘဲ ဖြစ်နေပါကြောင်း၊ အချို့ကျေးရွာများတွင်လည်း ကျေးလက်မီးလင်းရေးကော်မတီသည် ပွင့်လင်းမြင်သာမှုမရှိဘဲ မသမာမှုများရှိနေသည့်အတွက် မူလကော်မတီကို ဖျက်သိမ်းပြီး ကျေးလက်မီးလင်းရေးကော်မတီအသစ်ဖွဲ့စည်းရန် ဆန္ဒရှိသော်လည်း ဖွဲ့စည်းရန် အခက်အခဲတွေ့နေရပါကြောင်း၊ ကိုယ်ထူကိုယ်ထဖြင့် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူအချို့မှာ ကုန်ကျသည့်ငွေကို လုံးဝမတတ်နိုင်သည့်အတွက် ငွေများမပေးသွင်းနိုင်ခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်က မြို့နယ်တိုင်းနီးပါးတွင် ကျေးလက်မီးလင်းရေးကော်မတီများရှိနေကြပြီး ပြဿနာဖြစ်သံများကို နေရာအနှံ့အပြားတွင် ကြားသိနေရပါကြောင်း၊ လေ့လာကြည့်သည့်အခါ အချို့မြို့နယ်များတွင် ကျေးလက်မီးလင်းရေးကော်မတီများ၏ စာရင်းအင်းမပိုင်နိုင်မှု၊ ပွင့်လင်းမြင်သာစွာချပြနိုင်မှု အားနည်းခြင်းအပြင် ငွေကြေးအလွဲသုံးစားမှုများနှင့် တစ်ခါတစ်ရံ မီးကော်မတီက မှန်ကန်စွာ လုပ်ဆောင်သော်လည်း

စာမျက်နှာ ၈ သို့ ❖

### ❖ ရန်ကုန်မြစ်မှ

ပေ ၇၀၀ ခန့်ရှိသည့် ပြိုကျသည့်အပိုင်းများ တည်ငြိမ်သည့်အဆင့်အထိရောက်အောင် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ် အပါအဝင် ၅ နှစ်ခန့် ဆက်တိုက် ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ပြီး မြစ်ကြောင်းထိန်းတံတိုင်း၏ အပေါ်ပိုင်းကျောက်စီနံရံ၏ ပျက်စီးနေသော အပိုင်းများကိုပါ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ နှစ်စဉ် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်မြစ်၏ အနောက်ဘက်ကမ်း ကော့မှူးမြို့နယ်အတွင်းရှိ သရက်တောကျေးရွာနှင့် ပင်လယ်ဝသောင်ခုံကျေးရွာအထိ အလျား ၇ မိုင်ခန့်ရှိမည့် ကမ်းနားဘက်အနီးကပ်ဆုံးဖြစ်သော ရေလမ်းကြောင်းအား အများဆုံး အသုံးပြု၍ သင်္ဘောကြီးများ ဝင်/ထွက် ခုတ်မောင်းနေရပါကြောင်း၊ အဆိုပါ ကမ်းနားအပိုင်း၏ အောက်ဘက်တွင် ပေါ်ထွန်းနေသော သောင်ခုံအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သောင်ဖျက်သောင်တူးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မည့်ကုမ္ပဏီများကို နိုင်ငံတကာတင်ဒါစနစ်ဖြင့် ရွေးချယ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေလမ်းကြောင်းအား အတတ်နိုင်ဆုံး အဖြောင့်ပုံစံပြောင်းပြီး ကမ်းနဖူးစပ်အား ရေဦးထိုးမှုကြောင့် ကမ်းပြိုသည့် သက်ရောက်မှုကို လျော့ကျသွားအောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ရန်ကုန်မြစ်အောက်ပိုင်း ကမ်းပြိုကမ်းစားမှုများသည် သဲနုန်းပို့ချမှုများပြားခြင်း၊ ရေလယ်သောင်ရွေ့လျားပြီး မတည်ငြိမ်ခြင်း၊ ဒီရေအတက်နှင့်အတူ အင်အားပြင်းလှိုင်းမြင့် ပုတ်ခတ်သည့်ဒဏ် အဆက်မပြတ်ခံစားရခြင်းကြောင့် ကမ်းပြိုမှုများ ကြုံတွေ့နေရခြင်းဖြစ်ပါကြောင်း၊ သရက်တောကျေးရွာနှင့် သောင်ခုံကျေးရွာအကြား အလျား ၇ မိုင်ခန့်ရှိသည့် ကမ်းနဖူးတွင် ရေကာတံတိုင်းတစ်ခု တည်ဆောက်၍ မြစ်ကမ်းနဖူးပြိုကျခြင်းအား ကာကွယ်ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ်းပြိုကမ်းစား ကာကွယ်ရေးတို့အား ဆောင်ရွက်မည့်စီမံကိန်းကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ၊ နည်းပညာအကူအညီများရယူပြီး ဆောင်ရွက်သင့်ပါသဖြင့် နှစ်ရှည်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **တင်ဒါအောင်မြင်သူများ အလုပ်လုပ်ရာတွင် ပိုမိုအဆင်ပြေမြန်ဆန်စေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် အစိုးရနှင့် ဖက်စပ်လုပ်သော ဘဏ်များမှ Tender Project Loan ချေးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံပိုင်ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့်အလျောက် နိုင်ငံတော်၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ တည်ဆဲဘဏ်ဥပဒေ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အပ်ငွေများကို လက်ခံ၍ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာ့စီးပွားရေးဘဏ်သည် အမြတ်ရရှိရေးသက်သက်ကိုသာ ဆောင်



ဒုတိယဝန်ကြီး
ဦးကျော်မျိုး



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၈)မှ ဦးကျော်ထွေး

ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော ဘဏ္ဍာငွေအရင်းအမြစ်များ စုစည်းရရှိရန် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်၏ လက်ရှိချေးငွေ မူဝါဒအရ ပုဂ္ဂလိကများသို့ ငွေထုတ်ချေးရာတွင် ချေးငွေလုံခြုံမှုအတွက် အပေါင်အာမခံပစ္စည်းများ ရယူ၍သာ ငွေထုတ်ချေးခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိမ်ရာချေးငွေများအပါအဝင် အာမခံရယူ၍ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ဘဏ်ဝန်ဆောင်မှုအာမခံရရှိရေးအတွက် တင်ဒါခေါ်ယူချိန်နှင့် လုပ်ငန်းလုပ်ကိုင်ချိန်တို့တွင် ဘဏ်ဝန်ဆောင်မှုအာမခံ(Performance Guarantee) ထားရှိမှုကို အတိုးနှုန်းသက်သာစွာဖြင့် ၃ လ၊ ၆ လ၊ ၉ လ၊ တစ်နှစ် စသည်ဖြင့် ထားရှိနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း။

မေးခွန်းပါ တင်ဒါအောင်မြင်သူများ အလုပ်လုပ်ရာတွင် ပိုမိုအဆင်ပြေမြန်ဆန်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် အစိုးရနှင့် ဖက်စပ်လုပ်သော ဘဏ်များမှ Tender Project Loan ကို အာမခံပစ္စည်းမလိုဘဲ တင်ဒါအောင်မြင်သူများက ရိုးရှင်းလွယ်ကူသောစနစ်ဖြင့် ချေးငွေရရှိနိုင်ရေးဆောင်ရွက်ပေးရန်နှင့်ပတ်သက်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ Tender Loan စနစ်အား ဆောင်ရွက်နိုင်သည်ဖြစ်၍ အခြားငွေကြေး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသည့် ဘဏ်များတွင်သာ လျှောက်ထားနိုင်ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် အစိုးရနှင့် ဖက်စပ်လုပ်ကိုင်နေသော ဘဏ်များအနေဖြင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် စဉ်းစားသုံးသပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်သို့ အသိပေးပြောကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းတို့က အကြံပြုဆွေးနွေးကြသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ**က ရခိုင်ပြည်နယ်၌ အကြမ်းဖက်တို့၏ လုပ်ရပ်များသည် အပြစ်မဲ့သည့် ဒေသခံတိုင်းရင်းသားများအား ရက်စက်ကြမ်းကြုပ်လူမဆန်စွာ သတ်ဖြတ်သည့် ရာဇဝတ်မှုကြီးများဖြစ်ပါကြောင်း၊ အစိုးရ၊ တပ်မတော်နှင့် ဒေသခံရခိုင်ပြည်သူများ ဖြစ်နိုင်ပါက အဆိုပါဒေသနေ ကိုယ်စားလှယ်များပါဝင်၍ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကို အကောင်အထည်ဖော်မည့် အဖွဲ့တစ်ရပ်ဖွဲ့စည်းပြီး အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် မဟာဗျူဟာချမှတ်ပြီး ကြိုတင်ကာကွယ်တားဆီးကာ အမြစ်ပြတ်ချေမှုန်းကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရခြင်းသည် အကြမ်းဖက်အစွန်းရောက်များမှာ ပြည်သူထဲက ပြည်သူ့ ကိုယ်ပျောက်အကြမ်းဖက်များဖြစ်နေ၍ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းပြည်ပ အကြမ်းဖက်ရန်နှင့် အခြားရန်များမှ ကာကွယ်နိုင်ရန် တိုင်းရင်းသားများက စည်းလုံးညီညွတ်စွာ တွန်းလှန်ကာကွယ်ရန် လိုအပ်ပါကြောင်း စသည်ဖြင့် ထောက်ခံအကြံပြုဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၄၇) ရက်မြောက်နေ့ကို ဩဂုတ် ၂၂ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး (သတင်းစဉ်)**

# တက္ကသိုလ်ဝင်ခွင့်

စောနိုင်(ပညာရေး)

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ၇၁၆၁၈၈ ဦး ဝင်ရောက်ဖြေဆိုပြီး ၂၄၂၇၃၆ ဦး အောင်မြင်ခဲ့ကြရာ ရာခိုင်နှုန်းအားဖြင့် ၃၃ ဒသမ ၈၉ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြ၏။

**နှစ်အလိုက် အောင်ချက်ရာခိုင်နှုန်းနှင့် အောင်မြင်သည့်ဦးရေ နှိုင်းယှဉ်ချက်**

နှစ်အလိုက် ငါးနှစ်တာကာလ၏ စာရင်းများကို လေ့လာမည်ဆိုပါက နှစ်စဉ် ၃၀ ရာခိုင်နှုန်းနှင့်အထက် အောင်မြင်သည်ဟုဆိုနိုင်သော်လည်း ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် ၂၉ ဒသမ ၉၂ ရာခိုင်နှုန်းသာ အောင်မြင်ခဲ့ကြသည်။ ဦးရေအားဖြင့်ဆိုပါက ၁၉၀၃၉၀ အောင်မြင်ပြီး ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၂၄၂၇၃၆ ဦး အောင်မြင်ရာ ယခင်နှစ်ထက် ၅၂၃၄၆ ဦး ပို၍အောင်မြင်ခဲ့သည်ကို တွေ့ရ၏။

**နှစ်အလိုက် ဂုဏ်ထူးအရေအတွက်နှင့် ဦးရေစိစစ်ချက်**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၈၀၉ ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် ၁၈၇၄ ဦး ပေါ်ထွန်းခဲ့ရာ ယခင်နှစ်စာရင်းနှင့် နှိုင်းယှဉ်ပါက ဂုဏ်ထူးရှင်ဦးရေ လျော့နည်းနေတာကို တွေ့ရမည်ဖြစ်သည်။ ခြောက်ဘာသာဂုဏ်ထူးရှင်ဦးရေမှာ ယခင်နှစ်ကဦးရေထက် လျော့နည်းနေသော်လည်း ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်ဦးရေမှာ ယခင်နှစ်ဦးရေထက် ပိုများလာပါတယ်။ စုစုပေါင်းဂုဏ်ထူးရှင် ဦးရေမှာ ယခုနှစ်တွင် ၅၆၇၁၈ ဦးနှင့် ၂၀၁၆ ခုနှစ်တွင် ၄၅၂၁၂ ဦး ဖြစ်ခြင်းကြောင့် ယခုနှစ်တွင် ၁၁၅၀၆ ဦး ပိုများလာသည်ကိုတွေ့ရသည်။

**အမှတ်အများဆုံးရရှိမှု နှိုင်းယှဉ်ချက်**

ကျောင်းသား ကျောင်းသူအများစုသည် အတွဲ(၁) ဝိပ္ပံတွဲနှင့် အတွဲ(၇) သိပ္ပံတွဲတို့တွင် ဝင်ရောက်ဖြေဆိုကြပြီး ဝိဇ္ဇာတွဲ အတွဲ(၂)နှင့် အခြားအတွဲများတွင် စိတ်ဝင်စားမှုနည်းပါးသလောက် ဝင်ရောက်ဖြေဆိုသူဦးရေ နည်းပါးသည်မှာ နှစ်စဉ် ကြုံတွေ့နေရသောအခြေအနေပင်ဖြစ်၏။ ယခုနှစ် သိပ္ပံဘာသာတွဲ အမှတ်အများဆုံးရရှိသူ ၁၀ ဦးထဲမှ အမှတ်အမြင့်ဆုံး ကျောင်းသား၏ စုစုပေါင်းအမှတ်မှာ ၅၅၅ မှတ်ဖြစ်ပြီး ယခင်နှစ် အမှတ်အများဆုံးရရှိသူ၏ အမှတ်မှာ ၅၆၂ မှတ်ဖြစ်တာကြောင့် ယခင်နှစ်ထက် ခုနစ်မှတ် လျော့နည်းနေသည်ကို တွေ့ရမည်ဖြစ်သည်။

ဦးရေ ၎င်းတို့၏ အမှတ်ပိုင်ဆိုင်သည့် ရမှတ်စုစုပေါင်းတို့သည် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် တက္ကသိုလ်ရွေးချယ်လျှောက်ထားရာတွင် အထောက်အကူပြုရန်နှင့် နှိုင်းချိန်နိုင်ရန်အတွက်သာ ရည်ရွယ်ဖော်ပြခြင်းဖြစ်ပါသည်။

**၂၀၁၇ ခုနှစ်မတိုင်မီနှစ်များ၏ တက္ကသိုလ်အလိုက် ဝင်ခွင့်ရ အနိမ့်ဆုံးရမှတ်များ**

နှစ်စဉ် ဂုဏ်ထူးရသူအရေအတွက်နှင့် ၎င်းတို့၏ စုစုပေါင်းရမှတ်များကိုလေ့လာ၍ ယခုနှစ် တက္ကသိုလ်ဝင်ခွင့်အတွက် ခန့်မှန်းနိုင်ပြီး ဘယ်တက္ကသိုလ်၊ ဘယ်ဘာသာရပ်ကို လေ့လာသင်ယူလိုသည်ကို ခန့်မှန်းနိုင်ရန် ၂၀၁၇ ခုနှစ် မတိုင်မီနှစ်များ၏ တက္ကသိုလ်အလိုက် ဝင်ခွင့်ရ အနိမ့်ဆုံးအမှတ်များကို ဖော်ပြလိုက်ပါသည်။ တက္ကသိုလ်အလိုက် လက်ခံသင်ကြားမည့်ဦးရေကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ဖော်ပြပါရှိပါသည်။ သို့သော် လက်ခံသင်ကြားမည့်ဦးရေသည် ယခင်နှစ်က လက်ခံသင်ကြားသည့်ဦးရေထက် တိုး၍လက်ခံမည် သို့မဟုတ် လျှော့၍လက်ခံမည် သို့မဟုတ် ယခင်နှစ်အတိုင်း လက်ခံမည်ဆိုသော အချက်အလက်သည်လည်း ဝင်ခွင့်လျှောက်ထားသူများအတွက် ထည့်သွင်းစဉ်းစားရမည့် အချက် ဖြစ်ပါသည်။

**တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ပုံ**

ပထမဦးစွာ အမှတ်အများဆုံးမှ အမှတ်အများအနည်းစီ၍ တစ်ဦးချင်း၏လျှောက်ထားမှုကို ရွေးချယ်ရပါသည်။ အမှတ်တစ်မှတ်တည်းမှာပင် အတွဲ(၁) အတွဲ(၇) အတွဲ(၂) စသဖြင့် ခွဲခြားထားရပါသည်။ ဆေးတက္ကသိုလ်ကို ဝင်ခွင့်ပြု၍ ရသောအတွဲမှ ဆေးတက္ကသိုလ်ကို လျှောက်ထားပါက ဆေးတက္ကသိုလ်များ၏ အများဆုံးလက်ခံသင်ကြားမည့် ဦးရေ ၁၃၀၀ (ယခင်နှစ်က ၁၆၀၀)ကို ရွေးချယ်ပေးရပါသည်။ ဆေးတက္ကသိုလ်ဟု ဖော်ပြရခြင်းမှာ နှစ်စဉ် အမှတ်အများဆုံးသော ကျောင်းသား ကျောင်းသူအများစုသည် ဆေးတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်ကို ပထမ ဦးစားပေးလျှောက်ထားကြခြင်းကြောင့် ဖြစ်ပါသည်။ ထို့နောက် အခြားတက္ကသိုလ်များ လျှောက်ထားမှုကို ဆက်လက်ရွေးချယ်ရပါသည်။

**ဝင်ခွင့်ရနောက်ဆုံးအမှတ် (Last Total Marks- LTM)**

တက္ကသိုလ်များတွင် နောက်ဆုံးဝင်ခွင့်ရသော ကျောင်းသား ကျောင်းသူ၏ ဝင်ခွင့်ရနောက်ဆုံးအမှတ် (Last Total Marks- LTM) သည် တစ်နှစ်နှင့်တစ်နှစ် ပုံသေသတ်မှတ်၍မရဘဲ အပြောင်းအလဲရှိသည်။ အစဉ်အလာအရ တက္ကသိုလ်တစ်ခု၏ LTM သည် နိမ့်သွားသည်မရှိ၊ နှစ်စဉ် မြင့်တက်လာသည်ကို တွေ့နိုင်သည်။ ထိုသို့ မြင့်တက်လာရခြင်း၊ အပြောင်းအလဲရှိရခြင်းမှာ အောင်မြင်သူဦးရေ များလာခြင်းသည် အခြေခံအချက်ဖြစ်သော်လည်း အောင်မြင်သူများ၏ တစ်ဦးချင်း ပိုင်ဆိုင်သည့် စုစုပေါင်းရမှတ်အပေါ်တွင်လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ လျှောက်ထားသည့် ဦးစားပေး တက္ကသိုလ်၊ ဘာသာရပ်အပေါ်တွင်လည်းကောင်း မူတည်ပါသည်။ ထို့အပြင် တက္ကသိုလ်များ၏ လက်ခံသင်ကြားမည့်ဦးရေ လျော့နည်းသွားခြင်း၊ များလာခြင်းများကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

| | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
|---|---|---|---|
| အောင်မြင်သည့်ဦးရေ | ၂၂၄၈၄၇ | ၁၉၀၃၉၀ | ၂၄၂၇၃၆ |
| ၆ ဘာသာဂုဏ်ထူးရှင် | ၈၂၉ | ၈၈၂ | ၈၀၉ |
| ၅ ဘာသာဂုဏ်ထူးရှင် | ၂၀၅၂ | ၁၇၈၂ | ၁၈၇၄ |
| ၄ ဘာသာဂုဏ်ထူးရှင် | ၄၃၉၇ | ၃၀၄၇ | ၃၆၇၆ |
| ၃ ဘာသာဂုဏ်ထူးရှင် | ၅၆၅၉ | ၄၄၈၂ | ၅၃၆၆ |
| ၂ ဘာသာဂုဏ်ထူးရှင် | ၉၇၄၃ | ၇၀၃၁ | ၈၈၅၉ |
| ၁ ဘာသာဂုဏ်ထူးရှင် | ၃၀၅၄၅ | ၂၇၉၈၈ | ၃၆၁၃၄ |

| စဉ် | တက္ကသိုလ် | ၂၀၁၅ အနိမ့်ဆုံးအမှတ် | | ၂၀၁၆ အနိမ့်ဆုံးအမှတ် | | လက်ခံမည့်ဦးရေ |
|---|---|---|---|---|---|---|
| | | ကျား | မ | ကျား | မ | |
| ၁ | ဆေးတက္ကသိုလ်များ | ၄၉၁ | ၅၀၉ | ၄၈၈ | ၅၀၄ | ယခင်နှစ်ထက် ၃၀၀ ဦးလျော့ |
| ၂ | သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ | ၄၆၉ | ၄၉၇ | ၄၇၂ | ၄၉၇ | ယခင်နှစ်အတိုင်း |
| ၃ | ဆေးဝါးတက္ကသိုလ်များ | ၄၆၀ | | ၄၅၇ | | ယခင်နှစ်ထက် ၅၀ ဦးတိုး |
| ၄ | ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ | ၄၅၈ | | ၄၄၉ | | ယခင်နှစ်ထက် ၁၆၆ ဦးတိုး |
| ၅ | သူနာပြုတက္ကသိုလ်များ | ၄၃၉ | ၄၅၉ | ၄၂၅ | ၄၅၀ | ယခင်နှစ်အတိုင်း |
| ၆ | အခြေခံကျန်းမာရေးတက္ကသိုလ် | ၄၄၅ | ၄၇၀ | ၄၃၁ | ၄၅၉ | ယခင်နှစ်အတိုင်း |
| ၇ | တိုင်းရင်းဆေးတက္ကသိုလ် | ၄၀၁ | ၄၂၇ | ၃၇၀ | ၄၁၃ | ယခင်နှစ်အတိုင်း |
| ၈ | မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် | ၄၇၈ | ၄၉၀ | ၄၇၀ | ၄၇၄ | ယခင်နှစ်အတိုင်း |
| ၉ | မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် | ၄၅၃ | ၄၅၉ | ၄၄၄ | ၄၅၃ | ယခင်နှစ်အတိုင်း |
| ၁၀ | သတင်းအချက်အလက် နည်းပညာတက္ကသိုလ် | ၄၈၃ | | ၄၈၁ | | ယခင်နှစ်အတိုင်း |
| ၁၁ | မန္တလေးကွန်ပျူတာတက္ကသိုလ် | ၄၅၆ | | ၄၅၀ | | ယခင်နှစ်အတိုင်း |
| ၁၂ | ရန်ကုန်နည်းပညာတက္ကသိုလ် | ၅၁၃ | ၅၀၅ | ၅၁၆ | ၅၀၀ | ယခင်နှစ်ထက် ၃၀ ဦးတိုး |
| ၁၃ | မန္တလေးနည်းပညာတက္ကသိုလ် | ၄၉၄ | ၄၉၉ | ၄၉၁ | ၄၉၃ | ယခင်နှစ်ထက် ၃၀ ဦးတိုး |
| ၁၄ | နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာ) | ၄၆၃ | ၄၆၆ | ၄၅၆ | ၄၅၀ | ယခင်နှစ်ထက် ၅၀ဦးတိုး |

**ပညာရေးတက္ကသိုလ်များ**

| | ၂၀၁၅ အနိမ့်ဆုံးအမှတ် | | ၂၀၁၆ အနိမ့်ဆုံးအမှတ် | | လက်ခံမည့် ဦးရေ |
|---|---|---|---|---|---|
| ရန်ကုန်ပညာရေး | ကျား | မ | ကျား | မ | |
| သိပ္ပံတွဲ | ၄၅၅ | ၄၈၆ | ၄၅၆ | ၄၇၈ | ယခင်နှစ်ထက် ၁၀၀ ဦးတိုး |
| ဝိဇ္ဇာ+သိပ္ပံတွဲ | ၄၆၀ | ၄၇၁ | ၄၄၈ | ၄၆၀ | |
| ဝိဇ္ဇာတွဲ | ၄၂၅ | ၄၆၆ | ၄၁၇ | ၄၃၄ | |
| စစ်ကိုင်းပညာရေး | | | | | |
| သိပ္ပံတွဲ | ၄၆၄ | ၄၈၅ | ၄၆၀ | ၄၈၀ | ယခင်နှစ် အတိုင်း |
| ဝိဇ္ဇာ+သိပ္ပံတွဲ | ၄၅၃ | ၄၆၅ | ၄၄၅ | ၄၅၅ | |
| ဝိဇ္ဇာတွဲ | ၄၃၁ | ၄၄၀ | ၄၂၂ | ၄၂၉ | |

**စီးပွားရေးတက္ကသိုလ်များ**

| | | ၂၀၁၅ | ၂၀၁၆ | လက်ခံမည့်ဦးရေ |
|---|---|---|---|---|
| ၁ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၄၂၀ | ၄၁၂ | ယခင်နှစ်အတိုင်း |
| ၂ | မုံရွာစီးပွားရေးတက္ကသိုလ် | ၄၀၀ | ၃၈၅ | |
| ၃ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၄၀၆ | ၄၀၂ | |
| ၄ | ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်) | | ၄၇၀ | |

**(ကျား၊ မ မခွဲပါ)**

**ဆိုလိုရင်းအချက်**

အထက်တွင် ရေးသားဖော်ပြစိစစ် နှိုင်းယှဉ်ချက်များသည် တစ်ဦးနှင့်တစ်ဦးကို အဓိကနှိုင်းယှဉ်ဖော်ပြလိုခြင်း မဟုတ်ပါ။ နှစ်တစ်နှစ်၏ အောင်ချက်ရာခိုင်နှုန်း၊ အောင်မြင်သည့် ဦးရေ၊ ဂုဏ်ထူးရှင်ဦးရေနှင့် ကျောင်းသား

ထို့ကြောင့် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်ခွင့်ကို လျှောက်ထားကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိစိတ်ဝင်စားသော ဘာသာရပ်၊ ဝါသနာပါသော ဘာသာရပ်ကို ရွေးချယ်လျှောက်ထားနိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တင်ပြလိုက်ရပါသည်။ ။

---

## တပ်ကုန်းမြို့နယ်၌ ရေးသမျှ၊ ဖတ်သမျှ ဆွေးနွေးကြ စာပေစကားဝိုင်းကျင်းပ

**တပ်ကုန်း ဩဂုတ် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ရေးသမျှ၊ ဖတ်သမျှ ဆွေးနွေးကြ စာပေ စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါရုံးရှိ Community Center ခန်းမ၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ရေးသမျှ၊ ဖတ်သမျှ ဆွေးနွေးကြ စာပေစကားဝိုင်း ကျင်းပရခြင်း အကြောင်းရှင်းလင်းပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမောင်ပု(ဉာဏ်လင်း-တပ်ကုန်း)နှင့် စာရေးဆရာအသင်းဝင်များ၊ တက်ရောက်လာသည့် စာပေဝါသနာရှင်များက စာပေရေးသားမှု၊ စာပေဖတ်ရှုသည့်အတွေ့အကြုံတို့ကို ဆွေးနွေးကြသည်။

ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် စာပေရေးသားမှုကဏ္ဍများအတွက် မျိုးဆက်သစ်စာပေဝါသနာရှင်များ ပေါ်ထွန်းလာစေရေးနှင့် စာပေဝါသနာရှင်အချင်းချင်း ပိုမိုရင်းနှီးအကျွမ်းတဝင်ဖြစ်စေရေးကို ရည်ရွယ်ကျင်းပရခြင်းဖြစ်ပြီး အဆိုပါစာပေစကားဝိုင်းကို လစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၉/၂၀၁၇)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၂၆/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| လေ ၁၇၇၃ ဗိုလ်မှူးချုပ်ဦးကျော် | အစား | ကြည်း ၁၈၁၆၂ ဗိုလ်မှူးချုပ်ဇော်ဝင်း |

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၂၀/၂၀၁၇)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၂/၂၀၁၆)၊ ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၂၇/၂၀၁၆)နှင့် ၁၆-၅-၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၉/၂၀၁၇)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၄၁၈၀၈ ဗိုလ်မှူးစိုးရာဇာသိုက် | အစား | ကြည်း ၁၈၆၃၇ ဗိုလ်မှူးကြီးအောင်လွင် |
| (၂) | ကြည်း ၃၉၆၉၄ ဗိုလ်မှူးထက်ကိုကိုအောင် | အစား | ကြည်း ၂၁၁၂၃ ဗိုလ်မှူးကြီးကျော်ကျော် |
| (၃) | ကြည်း ၃၅၁၈၈ ဗိုလ်မှူးနိုင်ဝင်းလတ် | အစား | ကြည်း ၂၀၅၉၅ ဗိုလ်မှူးကြီးနိုင်ဦး |
| (၄) | ကြည်း ၂၉၄၈၆ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင် | အစား | ကြည်း ၂၁၆၅၈ ဗိုလ်မှူးကြီးမျိုးမင်းအောင် |
| (၅) | ကြည်း ၂၆၁၄၈ ဒုတိယဗိုလ်မှူးကြီးကျော်စံဦး | အစား | ကြည်း ၁၇၅၁၇ ဗိုလ်မှူးကြီးထိန်လင်း |
| (၆) | ကြည်း ၃၈၃၉၂ ဗိုလ်မှူးဟိန်းမင်းစိုး | အစား | ကြည်း ၂၀၆၈၂ ဗိုလ်မှူးကြီးတင်အောင်ထွန်း |
| (၇) | ကြည်း ၂၁၈၆၈ ဗိုလ်မှူးချုပ်ဇော်ဇော်နိုင် | အစား | ကြည်း ၁၉၇၂၉ ဗိုလ်မှူးကြီးစိုးမိုးအောင် |

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးအေးကျော် | ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (ခ) ဦးတင်မောင်ဦး | ဦးဆောင်ညွှန်ကြားရေးမှူး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးအောင်မြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ခ) ဒေါက်တာဒေါ်စန်းစန်းအေး ဒုတိယညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |

## ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ စစ်တွေမြို့တွင် ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၁**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival)သီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိသည်။

ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်၍ Level-1 ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးမြို့နှင့် ဘားအံမြို့များ၌ ကျင်းပသွားမည်ဖြစ်ပြီး စစ်တွေမြို့ ခိုင်သဇင်မြို့တော်ခန်းမ၌ ဩဂုတ် ၂၄ ရက်တွင် အသံစစ်ဆေးခြင်း၊ ဩဂုတ် ၂၆ ရက်တွင် Stage Rehearsal ပြုလုပ်ခြင်း၊ စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဩဂုတ် ၂၇ ရက်တွင် Level-1 Live ယှဉ်ပြိုင်ခြင်းများကို ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးစိန်ဦး မလေးရှားနိုင်ငံဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၂၂**

မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးစိန်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ဩဂုတ် ၁၇ ရက်တွင် ကွာလာလမ်ပူမြို့၌ မလေးရှားနိုင်ငံဘုရင်မင်းမြတ် ပဉ္စမမြောက် ဆူလ်တန် မူဟာမက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## မောင်တောခရိုင်တွင် ပိုလီယိုရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံတိုက်ကျွေးမှု ဒုတိယအကြိမ်ပြုလုပ်

**မောင်တော ဩဂုတ် ၂၁**



မောင်တောခရိုင်တွင် ဒုတိယအကြိမ် မွေးကင်းစမှငါးနှစ်အထိ ကလေးငယ်များကို ပိုလီယိုရောဂါ ကာကွယ်ဆေး အပိုဆောင်း ထိုးနှံတိုက်ကျွေးခြင်းကို ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်ထိ ဆောင်ရွက်လျက်ရှိသည်။

ပိုလီယိုရောဂါကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သော ကွင်းဆင်းဆေးတိုက်ကျွေးရေး အထောက်အကူပြုကော်မတီများကို မောင်တောမြို့နယ်တွင် ကိုးဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် ရှစ်ဖွဲ့ ဖွဲ့စည်း၍ ယနေ့နံနက်ပိုင်းတွင် စတင်တိုက်ကျွေးခဲ့ကြသည်။

မောင်တော ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းဦးဆောင်သော ကျန်းမာရေးအဖွဲ့သည် ငါးခူရကျေးရွာနှင့် ကြိမ်ချောင်းကျေးရွာများတွင် ပိုလီယိုကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခဲ့ကြသည်။

အလားတူ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာအုပ်စု၊ ပညောင်ပင်ကြီးအုပ်စု၊ ဈေးကုန်းတန်းနှင့် မောင်တူလာကျေးရွာများတွင်လည်း ပိုလီယိုကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများ ပြုလုပ်ခဲ့သည်။

“အခုပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းက ပုံမှန်တိုက်ကျွေးခြင်း လုပ်ငန်းအပြင် အပိုဆောင်းနှစ်ကြိမ်တိုက်ကျွေးခြင်းဖြစ်ပါတယ်။ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းနဲ့အတူ ပိုလီယိုကာကွယ်ဆေးထိုးခြင်းကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ မွေးကင်းစမှ ငါးနှစ်အထိ ကလေးငယ်တွေကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပြီး သုံးလမှနှစ်နှစ်အရွယ်ကလေးငယ်များကို တိုက်ကျွေးခြင်းအပြင် ထိုးဆေးကိုပါ ထိုးပေးပါတယ်။ ကာကွယ်ဆေးထိုးနှံရတဲ့ အဓိကအကြောင်းကတော့ ရခိုင်ပြည်နယ် မောင်တောဒေသမှာ ပိုလီယိုအသွင်ပြောင်းပိုး တွေ့ရှိခဲ့တဲ့အတွက် ပိုလီယိုထိုးဆေးကို ကလေးငယ်တွေ တစ်ယောက်မကျန်ထိုးနှံနိုင်အောင် ဆောင်ရွက်နေပါတယ်”ဟု အလယ်သံကျော် တိုက်နယ်ဆေးရုံ ကျန်းမာရေးဌာနမှ ဦးသိန်းဆွေမြင့်က ပြောကြားသည်။

အလယ်သံကျော် တိုက်နယ်ကျန်းမာရေးဌာနမှ ဒေါ်တင်နုကလည်း “ကလေးတွေက ပိုလီယိုဆေးတိုက်တာဆို တော့လာကြတယ်။ ထိုးတာကျတော့ သိပ်မထိုးချင်ဘူး။ ထိုးတာကျတော့ ကြောက်တာကိုး။ ဒါပေမယ့် ကာကွယ်ဆေးဖြစ်တဲ့အတွက် မဖြစ်မနေထိုးပေးရမယ်။ သူတို့ကို ပညာပေးရတာပေါ့။ ကာကွယ်ဆေးက ဘယ်လိုသက်ရောက်မှုရှိတယ်ဆိုတာ ပြောပြတော့ သူတို့ကလေးတွေကိုလာထိုးကြပါတယ်။ လုပ်ငန်းလည်းအဆင်ပြေအောင်၊ ကလေးတွေလည်း ဆေးထိုးဖို့ မကျန်ရလေအောင် အတတ်နိုင်ဆုံး လုပ်ပေးပါတယ်”ဟု ပြောကြားသည်။

မောင်တောမြို့ပေါ်တွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးသည် မြို့မအရှေ့၊ အနောက်၊ တောင်၊ မြောက်ရပ်ကွက်၊ လေးမိုင်၊ ရွာသစ်ကော၊ မြို့ဦး၊ ကညင်တန်းမြို့မှ ရပ်ကွက်များနှင့် မြို့သူကြီး၊ ရွှေစား၊ သီဟိုဠ်ကျွန်း၊ ညောင်ချောင်းကျေးရွာများသို့ ကွင်းဆင်းတိုက်ကျွေးခဲ့ကြောင်း သိရသည်။

ပိုလီယိုကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာများကိုလည်း နယ်မြေဒေသအခြေအနေအရ ဩဂုတ် ၂၉ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေဝမ်းစိုး၊ မျိုးသူဟိန်း၊**
**ဓာတ်ပုံ-အောင်ကျော်စိန်(ပြန်/ဆက်)**

❑

❖ စာမျက်နှာ ၅ မှ

စတင်သဘောတူချမှတ်ထားသော ပေးသွင်းငွေ၊ ဒဏ်ကြေးငွေများကို မပေးသွင်းလိုသော ပြည်သူတချို့၏ တိုင်ကြားမှုများကြောင့်ဖြစ်သည်ကို သိရှိရပါကြောင်း၊ တစ်ရွာတည်းနေ ပြည်သူချင်းဖြစ်သည့် ပြဿနာများဖြစ်သည့်အတွက် ညှိနှိုင်းပေးလိုက်ခြင်းဖြင့် ပြေလည်မှုများပါကြောင်း။

မှန်မှန်ကန်ကန်ဆောင်ရွက်နေကြသည့် ကျေးရွာများအတွက် မီးလင်းရေးကော်မတီကို ဖျက်သိမ်းပစ်ရမည်ဆိုလျှင် ငွေစာရင်းများရှင်းပေးနိုင်ရန် အချိန်ပေးရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လွှဲပြောင်းတာဝန်ယူမည်ဆိုလျှင် မည်သည့်အချိန် မီးလင်းနိုင်မည်ဆိုသည့် ပြည်သူတို့၏ နောက်ဆက်တွဲမေးခွန်းများအတွက် အဖြေသည် အစိုးရ၏ ဖြည့်ဆည်းပေးနိုင်မှု အတိုင်းအတာပေါ်တွင် မူတည်သွားမည်ဖြစ်ပါကြောင်း၊ မျှော်လင့်ချက်ကြီးစွာ ကြိုးစားနေသည့် ကျေးရွာပြည်သူလူထု၏ မျှော်လင့်ချက်ကို ရိုက်ချိုးသည့်အတိုင်း မဖြစ်စေရန် သတိပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၊ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်သင်း၊ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်း၊ တန့်ဆည် မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်၊ လယ်ဝေး မဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးဝင်းအောင်နှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကျေးရွာမီးလင်းရေး ကော်မတီပေါင်း ၈၉၄၂ ဖွဲ့တည်ရှိနေပြီဖြစ်သည့်အတွက် ၎င်းအဖွဲ့များအား ဖျက်သိမ်းလိုက်ပါက ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ အခြေအနေများကို အလေးအနက်ချင့်ချိန်စဉ်းစားသင့်ပါကြောင်း၊ ကျေးရွာမီးလင်းရေးကော်မတီများကို ဖျက်သိမ်းမည့်အစား ထိုကော်မတီများကို ပိုမိုနည်းစနစ်ကျနစွာ လုပ်ကိုင်နိုင်သည့် ကော်မတီများဖြစ်လာစေရန် ပြုပြင်ပြောင်းလဲရေးပြုလုပ်သင့်ပါကြောင်း၊ ကျေးလက်မီးလင်းရေးကော်မတီများကို Reform ပြုလုပ်နိုင်ရန်အတွက် ကျေးရွာမီးလင်းရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပေါင်းစပ်ရေးဆွဲသွားသင့်ပါကြောင်း။

တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အားရရှိရေး အကောင်အထည်ဖော်ရန်နှင့် ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများ စီမံကွပ်ကဲခြင်းကိစ္စသည် ကြီးမားကျယ်ပြန့်သည့်အတွက် ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အင်ဂျင်နီယာချုပ်တစ်ဦး ဦးစီးသည့် ကျေးလက်ဒေသလျှပ်စစ်ဓာတ်အားအကောင်အထည်ဖော်ရေးနှင့် ဖြန့်ဖြူးထိန်းသိမ်းရေးဌာနခွဲကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအောက်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိကျေးရွာမီးလင်းရေးကော်မတီများ ကြုံတွေ့နေရသော အခက်အခဲ၊ ပြဿနာများ ပြေလည်စေရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများပါဝင်၍ ကျေးလက်မီးလင်းရေးကော်မတီဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရေးဆွဲကာ လက်ရှိမီးလင်းရေးကော်မတီများကို အသစ်ပြင်ဆင်ဖွဲ့စည်းသည့် Reform နည်းလမ်းက ပို၍သင့်တော်ပါကြောင်းနှင့် ယခုအဆိုကို မှတ်တမ်းအဖြစ်ထားသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် ဆုံးဖြတ်သည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

# အမျိုးသားစံချိန်စံညွှန်းကောင်စီ စတုတ္ထအကြိမ် စည်းဝေး




**နေပြည်တော် ဩဂုတ် ၂၁**

ပညာရေးဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ကျင်းပသော အမျိုးသားစံချိန်စံညွှန်းကောင်စီ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအောင်ထူး၊ ဦးကျော်လင်း၊ ဦးဝင်းမော်ထွန်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားစံချိန်စံညွှန်း ကောင်စီအဖွဲ့ဝင်များကို ပြန်လည်ဖွဲ့စည်းရန်အတွက် အဖွဲ့ဝင်နေရာများတွင် ကောင်စီအဖွဲ့ဝင်အသစ်များ ပြန်လည်အစားထိုး အဆိုပြုဖွဲ့စည်းပုံစာရင်းတင်ပြရန်၊ အမျိုးသားစံချိန်စံညွှန်းကောင်စီမှ ဆက်လက်ဆောင်ရွက်ရမည့် ရေတိုလုပ်ငန်းများနှင့် ရေရှည်လုပ်ငန်းစဉ်များကို စနစ်တကျဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ယနေ့အစည်းအဝေးမှ အတည်ပြု ချမှတ်ဆောင်ရွက်သည့် စံချိန်စံညွှန်းများသည် အမျိုးသားကျန်းမာရေး၊ အစားအသောက်ဘေးကင်းရေး၊ အမျိုးသားလုံခြုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးများနှင့် ပတ်သက်သည့် အရေးကြီးသော စံချိန်စံညွှန်းများဖြစ်သည့်အတွက် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမျိုးသားပို့ကုန်မြှင့်တင်နိုင်မည့်လုပ်ငန်းများကိုလည်း တွန်းအားပေး ဆောင်ရွက်သွားရန်နှင့် တစ်ပြိုင်တည်းတွင်လည်း စံချိန်စံညွှန်းဆိုင်ရာဥပဒေ၏နည်းဥပဒေ(မူကြမ်း)ကိုလည်း ဆက်လက်ပြီး ရေးဆွဲသွားရန် လိုအပ်ပါကြောင်း၊ စံချိန်စံညွှန်းဆိုင်ရာဥပဒေ(မူကြမ်း) အသစ်ကိုလည်း အကြံပြုဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း၊ အမျိုးသားအရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကအခန်းကဏ္ဍတွင် ဦးဆောင်ဦးရွက်ပြုနေသည့် အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များအနေဖြင့် တင်ပြထားသည့် လုပ်ငန်းစဉ်များအပေါ် အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသားစံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကို ပြန်လည်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဟံသာဝတီ ဦးဝင်းတင် စနေစာပေဝိုင်း(ဆဋ္ဌမအကြိမ်)ကျင်းပ




**ရန်ကုန် ဩဂုတ် ၂၁**

ဟံသာဝတီ ဦးဝင်းတင်အား ဂုဏ်ပြုသောအားဖြင့် ပြုလုပ်သည့် ဟံသာဝတီ ဦးဝင်းတင် စနေစာပေဝိုင်း (ဆဋ္ဌမအကြိမ်)ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီစားသောက်ဆိုင်ရှိ ငြိမ်းချမ်းရေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟံသာဝတီ ဦးဝင်းတင် စနေစာပေဝိုင်း၏ သဘာပတိဖြစ်သူ မုံရွာဦးအောင်ရှင်က ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအကြောင်း၊ (၂၁)ရာစု ပင်လုံဆွေးနွေးပွဲနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရလေ့ရှိသော အခက်အခဲများ စသည့်တို့ကို စာတမ်းမိတ်ဆက်အနေဖြင့် ပြောကြားသည်။

ထို့နောက် ဆရာအေးမောင်ကျော်က "ငြိမ်းချမ်းရေးဆွေးနွေးပွဲ အတွေ့အကြုံနှင့် (၂၁)ရာစု ပင်လုံ" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက စာတမ်းအပေါ် ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဆွေးနွေး ဖြေကြားသည်။

"ဆရာဦးဝင်းတင်က ဒီလို စနေစာပေဝိုင်းကို တစ်ပါတီစနစ်အောက်မှာကတည်းက ကိုယ့်ရဲ့လုပ်ပိုင်ခွင့်ဘောင်ကိုချဲ့ပြီး လုပ်ဆောင်ခဲ့တာပါ။ ကျွန်တော်တို့ လုပ်နေတဲ့ အချိန်ကာလနဲ့တော့ မတူပါဘူး။ ဆရာဦးဝင်းတင်လက်ထက်က ဖတ်ခဲ့တဲ့ စာတမ်းတွေက အထူးသဖြင့် နိုင်ငံရေးကို ဦးစားပေးတဲ့ စာတမ်းတွေ များပါတယ်။ အခုလုပ်တဲ့ စာပေဝိုင်းမှာတော့ စာပေအမျိုးအစား စုံလင်စွာ ပါပါတယ်။ ဒီလို စာပေဝိုင်းကို လူငယ်တွေ များများတက်စေချင်တယ်။ လူငယ်တွေအနေနဲ့ ဒီလို စကားဝိုင်းတွေ၊ စာပေတွေနဲ့ အဆက်ပြတ်နေတဲ့အတွက် သူတို့ကို များများလာစေချင်ပါတယ်"ဟု မုံရွာဦးအောင်ရှင်က ပြောသည်။

ဟံသာဝတီ ဦးဝင်းတင် စနေစာပေဝိုင်းကို ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းနှင့် ဆရာဦးဝင်းတင်ကို ချစ်မြတ်နိုးသူများက စုပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် လစဉ် အလှည့်ကျကျင်းပလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျင်းပရာတွင် နိုင်ငံတစ်ဝန်းရှိ စာပေနယ်ပယ်နှင့် နိုင်ငံရေးအသိုင်းအဝိုင်းမှ ဆရာဦးဝင်းတင်ကို ချစ်မြတ်နိုးသူများက စာတမ်းများ ပြုစု၍ ဖတ်ကြားကြကြောင်း သိရသည်။

"ဟံသာဝတီ ဦးဝင်းတင်ရဲ့ စာအုပ်တွေကို မကြာခဏ ပြန်ဖတ်ဖြစ်ပါတယ်။ အခုလို စာပေဝိုင်းကို လာရောက်တာကတော့ ဒါဟာ ပထမဆုံးအကြိမ်ပါ။ ဒီစာပေဝိုင်းကနေ ကျွန်တော်တို့နိုင်ငံရဲ့ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးဖော်ဆောင်ခဲ့မှု သမိုင်းကြောင်းတွေကို သိခွင့်ရတဲ့အတွက် အများကြီးအကျိုးရှိပါတယ်"ဟု အဆိုပါ စာပေဝိုင်းသို့ တက်ရောက်သူ ကမာရွတ်မြို့နယ်မှ စာပေဝါသနာရှင် ကိုမင်းသူက ဆိုသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး(ပဏီတ)**

# ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့်ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေသုံးစင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ ယနေ့တွင် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**




# နေပြည်တော် တပ်ကုန်းတွင် ချောင်းရေဝင်ရောက်မှုကြောင့် ကျေးရွာရေနစ်မြုပ်

**နေပြည်တော် ဩဂုတ် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအတွင်းရှိ သံပုရာကုန်းကျေးရွာနှင့် လက်ပန်အိုင့်ကျေးရွာများတွင် ယနေ့ နံနက် ၆ နာရီမှ ၈ နာရီအထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆင်သေချောင်းမှ ချောင်းရေများ ကျေးရွာများအတွင်း ဝင်ရောက်ခဲ့ရာ ကုန်းမြင့်တွင် လေးပေ၊ အနိမ့်ပိုင်းတွင် ခြောက်ပေခန့် ရေနစ်မြုပ်ခဲ့ပြီးနောက် ရေပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နံနက် ၁၀ နာရီတွင် မြို့နယ်မှ တာဝန်ရှိသူများက ရေနစ်မြုပ်သည့် ကျေးရွာများသို့ သွားရောက်စစ်ဆေးကြည့်ရှုရာ သံပုရာကုန်းကျေးရွာ၌ အိမ်ခြေ ၅၅ အိမ်ခန့်၊ လက်ပန်အိုင့်ကျေးရွာ၌ အိမ်ခြေ ၂၀ ခန့် ရေဝင်ရောက်ခဲ့ပြီး လူ၊ တိရစ္ဆာန်နှင့် ပစ္စည်းများ ထိခိုက်သေဆုံးမှု မရှိကြောင်း၊ လက်ရှိအချိန်တွင် ချောင်းရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်ပြီး ချောင်းဘေးရှိ နေအိမ်များအား သတိဖြင့် နေထိုင်ရန်နှင့် လိုအပ်ပါက ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် အသိပေးထားသည်။ **နိုင်ဝင်း(ကြီးကြာကန်)**

# ရန်ကုန်မြို့ပြ အိမ်ရာစီမံကိန်းများကြားမှ ရှားပါးလယ်ယာမြေ အသနားခံ



**ရန်ကုန် ဩဂုတ် ၂၁**

နိုင်ငံတော်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြေနေရာရရှိမှုအပေါ် မူတည်၍ အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။ မြို့ပြဖွံ့ဖြိုးမှု တိုးတက်လာသည်နှင့်အညီ မြို့ပြအိမ်ရာ လိုအပ်ချက်များလည်း မြင့်တက်လာလျက်ရှိပြီး ယင်းကိုပြည့်မီအောင် အကောင်အထည်ဖော်ပေးနိုင်ရန် နိုင်ငံတော်အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိရာ တန်ဖိုးသင့်အိမ်ရာစီမံကိန်း၊ တန်ဖိုးနည်း အိမ်ရာစီမံကိန်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းအိမ်ရာ စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းတွင် နိုင်ငံတော်၏ အဓိကကျသော စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် မြေနေရာအနေအထားအရ မြေရရှိမှု အခက်အခဲရှိသော်လည်း မြို့သစ်မြို့နယ်များရှိ လယ်ယာမြေများပေါ်တွင် မြို့ပြဖွံ့ဖြိုးရေးအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ခဲ့သည်များရှိပြီး ဆက်လက်အကောင်အထည်ဖော်မည့် စီမံကိန်းများလည်း ရှိနေသည်ဟု သိရသည်။

လက်ရှိတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ခဲ့ရာတွင် ရတနာနှင်းဆီအိမ်ရာစီမံကိန်း၊ ဧရာဝဏ် အိမ်ရာစီမံကိန်းစသည့် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ပြီး ဆက်လက်၍ အဆိုပါရတနာနှင်းဆီအိမ်ရာစီမံကိန်း၏ အနောက်ဘက် (၇၃)ရပ်ကွက်တွင် နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ယခုနှစ် ဩဂုတ် ၉ ရက်က ဆိုင်းဘုတ်စိုက်ထူသွားခဲ့သည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်း အကောင်အထည်ဖော်မည့် မြေနေရာသည် မြေဧက ၁၈၃ ဧကခန့်ရှိပြီး လက်ရှိတွင် မိုးစပါး စိုက်ရာသီဖြစ်သောကြောင့် စပါးစိုက်ပျိုးထားပြီးသော လယ်မြေများလည်းဖြစ်ကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။ အဆိုပါ မြေနေရာတွင် ၁၉၉၇ ခုနှစ်ခန့်မှ စတင်၍ နှစ် ၂၀ နီးပါး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဆက်တိုက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပြီး ရန်ကုန်မြို့ စိမ်းလန်းစိုပြည်ရေးစီမံချက်ဖြင့် နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့သော နေရာဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့က နှစ်ပေါင်းများစွာ ဆက်တိုက်ကို စိမ်းလန်းစိုပြည်ရေး စီမံချက်အနေနဲ့ စိုက်ပျိုးခဲ့တာပါ။ နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးလုပ်ပါလို့ ချထားပေးခဲ့တုန်းကလည်း လယ်စိုက်ခဲ့ပါတယ်။ အခုလို နိုင်ငံတော်က စီမံကိန်းလုပ်မယ်ဆိုရင်လည်း နှစ်ပေါင်းများစွာကနေ လက်ရှိအထိ စိုက်ပျိုးရေးကိုပဲ တစိုက်မတ်မတ်လုပ်ခဲ့တဲ့ လယ်သမားတွေအပေါ် ငဲ့ညှာသုံးသပ်ပြီး ညှိနှိုင်းစေချင်ပါတယ်။ ဒီဩဂုတ်လထဲမှာ ကျွန်တော်တို့ကို မြို့နယ်ရုံးက အခုလုပ်လက်စတွေကို ဆက်မစိုက်ဘဲနဲ့ ရပ်တန့်ပေးပါဆိုတာရယ်၊ နိုင်ငံတော်စီမံကိန်းဖြစ်တဲ့အတွက် ဝန်ထမ်းအိမ်ရာစီမံကိန်းလုပ်မယ်။ မကန့်ကွက်ပါနဲ့ဆိုပြီး ခေါ်ပြောပါတယ်။ ကျွန်တော်တို့အနေနဲ့ ကန့်ကွက်ဖို့လည်းမရှိသလို၊ နှောင့်ယှက်လိုတဲ့ ဆန္ဒလည်းမရှိပါဘူး။ ပြည်သူ့အစိုးရဖြစ်တဲ့အတွက် ကျွန်တော်တို့သည်လည်း ပြည်သူတွေပဲဖြစ်တဲ့အတွက် တရားမျှတစွာနဲ့ ညှိနှိုင်းဆောင်ရွက်ပေးဖို့ အသနားခံစာကို သက်ဆိုင်ရာအားလုံးကို တင်ပြထားပါတယ်။ ကျွန်တော်တို့ အခုလိုလယ်စိုက်ခဲ့တာကြောင့်လည်း တခြားအကွက်တွေလို ကျူးကျော်တွေ မဝင်ရောက်အောင်လည်းအတတ်နိုင်ဆုံးကို ကာကွယ်ခဲ့ကြပါတယ်။ ပြည်သူ့အစိုးရလက်ထက် မျှမျှတတဖြေရှင်းပေးမယ်လို့ မျှော်လင့်ပါတယ်"ဟု အဆိုပါမြို့နယ်တွင် နေထိုင်သူ လယ်သမားတစ်ဦးက ပြောသည်။

အဆိုပါ လယ်မြေဧက ၁၈၃ ဧကပေါ်တွင် နှစ်ပေါင်းများစွာ တရားဝင်လယ်ယာလုပ်ကိုင်ခွင့်ရ လယ်သမားခြောက်ဦးရှိပြီး သုံးဦးမှာလည်း ယခင်ကပင် လုပ်ကိုင်ခဲ့ခြင်းဖြစ်ကာ စုစုပေါင်းလယ်သမား ကိုးဦးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ သက်ဆိုင်ရာမြို့နယ်နှင့်ရပ်ကွက်ကောင်စီ/အုပ်ချုပ်ရေးမှူးအဆင့်ဆင့် အသိအမှတ်ပြုခဲ့သည့် လုပ်ကိုင်ခွင့်ရ လယ်သမားများဖြစ်ပြီး ယင်းတို့နှင့် ကပ်လျက်ဖြစ်သော (၇၄)ရပ်ကွက်ရှိ လယ်မြေများတွင်မူ သက်ဆိုင်ရာနှင့် ကုမ္ပဏီတို့မှ မူလလယ်ပိုင်ရှင်နှင့် စိမ်းလန်းစိုပြည်ရေး စီမံချက်ဖြင့် လုပ်ကိုင်နေသော လယ်သမားများအား နစ်နာကြေးများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါ လယ်သမားကိုးဦးအနေဖြင့် စိုက်ပျိုးဖြစ်ထွန်းနေသော လယ်မြေများကို ဆက်လက်လုပ်ကိုင်ခွင့်ရပ်တန့်ထားရပြီး နစ်နာမှုများအတွက် နိုင်ငံတော်အဆင့်ဆင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးတို့ထံ အသနားခံစာများ တင်ပြထားကြောင်း သိရသည်။

ယင်းလယ်ယာမြေ အသနားခံစာနှင့် ဝန်ထမ်းအိမ်ရာစီမံကိန်းများနှင့်ပတ်သက်၍ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ မေးမြန်းခဲ့ရာတွင် စီမံကိန်းမှာ ဩဂုတ်လအတွင်းက ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့မှသာ အသေးစိတ် ဖြေကြားပေးနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လယ်ယာမြေလုပ်ကိုင်ဆောင်ရွက်နေသော စိုက်ပျိုးမြေများမှာ နည်းပါးလာနေပြီဖြစ်ပြီး စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ မြို့ပြဖွံ့ဖြိုးရေး၊ မြို့ပြတည်ဆောက်ရေးနှင့် မြို့ပြဧရိယာချဲ့ထွင်တည်ဆောက်ခြင်း၊ မြို့သစ်စီမံကိန်းများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်နေသည်ဖြစ်ရာ လယ်ယာစိုက်ပျိုးလုပ်ကိုင်နေသော လယ်သမားများအနေဖြင့် မြို့ပြစီမံကိန်းများကို ကန့်ကွက်နှောင့်ယှက်ရန် ဆန္ဒမရှိသော်လည်း ၎င်းတို့အပေါ် မျှတစွာဖြေရှင်းဆောင်ရွက်ပေးရန် အဆင့်ဆင့်အသနားခံစာ ဆက်လက်တင်ပြသွားမည်ဟု လယ်သမားများက ဆိုသည်။

ယင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြအိမ်ရာစီမံကိန်းများ ပတ်ပတ်လည်ဝန်းရံနေသော ရှားပါးလယ်ယာမြေဧက ၁၈၃ ဧကပေါ်တွင် အကောင်အထည်ဖော်တော့မည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းအပေါ် ပြည်သူ့အစိုးရ နိုင်ငံတော်အစိုးရထံ အသနားခံ တင်ပြထားမှုမှာ လယ်သမားတို့၏ မျှော်လင့်ချက်ပင်ဖြစ်ကြောင်း လယ်သမားများက ပြောကြားကြသည်။

**(ဆုနှင်းလဲ့)**

## မြန်မာနိုင်ငံအတွက် ဆုရယူခဲ့သည့် တေးသံရှင် နီနီခင်ဇော်နှင့် တေးသံရှင် အောင်ထက်တို့ကို ပရိသတ်များက ကြိုဆို

**ရန်ကုန် ဩဂုတ် ၂၁**

ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းမြို့တွင် ကျင်းပခဲ့သည့် အာဆီယံသီချင်းဆိုပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့ကာ ဆုရယူပေးခဲ့ပြီး ပြန်လည်ရောက်ရှိလာသော တေးသံရှင်နီနီခင်ဇော်နှင့် တေးသံရှင်အောင်ထက်တို့ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပရိသတ်များက ကြိုဆိုခဲ့ကြသည်။

မြန်မာနိုင်ငံအတွက် "မျှော်လင့်ချက်တစ်စုံတစ်ရာ" သီချင်းဖြင့် ဒုတိယဆုကို ဆွတ်ခူးခဲ့သော တေးသံရှင်နီနီခင်ဇော်က "ကိုယ့်နိုင်ငံက ကိုယ်မြတ်နိုးတဲ့သီချင်းတွေကို အာဆီယံစင်မြင့်ထက်မှာ ဖျော်ဖြေခွင့်ရတယ်။ ပြီးတော့ အမေစုရဲ့မေတ္တာကို ရည်ညွှန်းထားတဲ့ ဒီ"မျှော်လင့်ချက်တစ်စုံတစ်ရာ" သီချင်းနဲ့ အခုလိုဆုရခဲ့တဲ့အတွက်လည်း နီ ဂုဏ်ယူတယ်။ ပီတိဖြစ်ရပါတယ်။ ဒီပီတိက နီ့အတွက် မဟုတ်ပါဘူး။ အောင်ထက်အတွက်လည်း မဟုတ်ပါဘူး။ နီတို့အားလုံးစုပြီး ကြိုးစားခဲ့တာဟာ မြန်မာနိုင်ငံအတွက် ဖြစ်ပါတယ်" ဟု ဆုရရှိခဲ့ခြင်းအပေါ် သူ၏ခံစားချက်ကို ပြောသည်။

ပြိုင်ပွဲတွင် အာဆီယံနိုင်ငံအဖွဲ့ဝင်နိုင်ငံများမှ အဆိုတော် ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများမှ အဆိုတော်များလည်း ပါဝင်ခဲ့သည်။ တေးသံရှင်နီနီခင်ဇော်သည် အကြိုပွဲစဉ်တွင် "နှုတ်ဆက်ထွက်ခွာခြင်း" သီချင်းဖြင့် ဆန်ခါတင် ၁၀ ဦးစာရင်းဝင်ခဲ့ပြီး "မျှော်လင့်ချက်တစ်စုံတစ်ရာ"သီချင်းဖြင့် ဒုတိယဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ တေးသံရှင်အောင်ထက်သည် ဆန်ခါတင် ၁၀ ဦးစာရင်းတွင် မပါဝင်ခဲ့သော်လည်း "အချစ်ဘယ်ကစ" သီချင်းဖြင့် ပရိသတ်အကြိုက်ဆုံးဆုကို ဆွတ်ခူးရယူနိုင်ခဲ့သည်။

"ကျွန်တော် တကယ်ပျော်ပါတယ်။ လူကြိုက်အများဆုံးဆုဆိုတာ ကျွန်တော်သီချင်းဆိုတဲ့အချိန် သူတို့စိတ်ထဲမှာ ခံစားရတဲ့ ခံစားမှုကို အသိအမှတ်ပြုသွားတာလို့ ထင်ပါတယ်။ ဘာသာစကားလည်း နားလည်တာမဟုတ်ဘဲနဲ့ သူတို့ခံစားမိတယ်။ ပြီးတော့ ကျွန်တော် Top Ten ထဲမဝင်လို့ အိပ်မပျော်တဲ့ ဗီယက်နမ်သူတွေတောင်ရှိတယ်လို့ ကျွန်တော်သိလိုက်ရတဲ့အတွက် အလွန်ပျော်မိပါတယ်" ဟု တေးသံရှင်အောင်ထက်က ဆုရရှိခဲ့ခြင်းအပေါ် သူ၏ခံစားချက်ကို ပြောသည်။

အကြိမ်(၅၀)မြောက် ကျင်းပသည့် The ASEAN+3 သီချင်းဆိုပြိုင်ပွဲကို Voice of Vietnam (VOV) မှ ကြီးမှူး၍ ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းမြို့တွင် ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည်။ ပြိုင်ပွဲကျင်းပရခြင်းမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အပါအဝင် တရုတ်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရန်နှင့် ယဉ်ကျေးမှုလုပ်ငန်းများ ဖလှယ်မြှင့်တင်နိုင်စေရန်ဖြစ်သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-အေးမင်းသူ**



**နှောင်အစဉ်မသေွ**
**အောင်မြင်စေ ရှေ့ခရီး**

- အမှောင်ခွင်း၍ အလင်းဆောင်
  ပြည်သူ့အလင်းရောင်။
  မြန်ပြည်လူ့ဘောင် တိုးတက်ရေး
  လမ်းညွှန်ပြသပေး။
- ကမ္ဘာ့ရေးရာ အဖြာဖြာ
  ဘာသာပြန်ပြုကာ။
  ပြည်ရွာအတွက် အကျိုးပြု
  စာပေစွမ်းဆောင်မှု။
- စု၊ တု၊ ပြု လို့ တာဝန်ကျေ
  ခေတ်အဆက်ဆက်ပေ။
  စာပေပီမာန် ရှေ့ခရီး
  အောင်မြင်ပါစေသတည်း။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(နှစ်(၇၀)ပြည့် စာပေဗိမာန်ကို ဂုဏ်ပြုလျက်)

## မြန်မာ Squash အသင်း လိုက်ပါလာသည့်ယာဉ် မတော်တဆမှုဖြစ်ပွား

**ကွာလာလမ်ပူ ဩဂုတ် ၂၁**

မြန်မာ့လက်ရွေးစင် Squash ကစားသမားများ လိုက်ပါလာသည့် မော်တော်ယာဉ်သည် ယနေ့နံနက်ပိုင်းက မတော်တဆမှုဖြစ်ပွားခဲ့သည်။

မြန်မာ Squash အသင်းသည် ပြိုင်ပွဲကျင်းပမည့် ဘူကစ်ဂျာလီကွင်းအနီး ပြိုင်ပွဲကျင်းပမည့်နေရာသို့ သွားရောက်ရာ ရောက်ခါနီးတွင် ယာဉ်တန်းရှေ့မှကားအား ဝင်တိုက်မိခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ကစားသမားရှစ်ဦးစလုံး ပွန်းပဲ့ဒဏ်ရာရရှိခဲ့ပြီး ကစားသမားနှစ်ဦးမှာ နှစ်ရက်ခန့်အနားယူရမည်ဖြစ်သည်။ ဆီးဂိမ်း Squash ပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်က စတင်ကျင်းပလျက်ရှိပြီး မြန်မာကစားသမားများ၏ ပွဲစဉ်အချို့ကို အချိန်ပြောင်းလဲပေးခြင်း၊ ဒဏ်ရာရသည့် ကစားသမားအချို့နေရာတွင် အစားထိုးလဲလှယ်ခြင်းများ ပြုလုပ်ခွင့်ပေးခဲ့သည်။ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်းအား တင်ဆောင်လာသည့်ယာဉ်နှင့် ထိုင်း၊ ဖိလစ်ပိုင်အသင်းတို့ကို တင်ဆောင်လာသည့် မော်တော်ယာဉ်တို့မှာ ယာဉ်ထိန်းရဲဖြင့် ရှေ့ဆင့်နောက်ဆင့်သွားရောက်ခဲ့ပြီး ပြိုင်ပွဲကျင်းပမည့် ကွင်းသို့ ရောက်ခါနီးတွင် ယင်းကဲ့သို့ ဖြစ်ရပ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ "ကစားသမားရှစ်ဦးစလုံး ဒဏ်ရာရခဲ့ပေမယ့် ပွန်းပဲ့တာမျိုးပါ။ နှစ်ယောက်တော့ နည်းနည်းပိုပြင်းထန်ပြီး နှစ်ရက်လောက်နားရမှာပါ။ ရှေ့ကားက အရှိန်လျှော့တာကို ကျွန်မတို့လိုက်ပါလာတဲ့ကားက အရှိန်မထိန်းနိုင်လို့ နောက်က ဝင်တိုက်သွားတာပါ" ဟု မြန်မာ Squash အသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သတင်း-စိုးညွန့်(ခေတ္တ-မလေးရှား)**

# ကယားပြည်နယ်ဥပဒေချုပ်ရုံး ဧည့်ရိပ်သာနှင့် အရာထမ်းအိမ်ရာဖွင့်ပွဲကျင်းပ



**လွိုင်ကော် ဩဂုတ် ၂၁**
ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကယားပြည်နယ် ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ရှမ်းပြည်နယ် ဥပဒေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန်၊ မွန်ပြည်နယ် ဥပဒေအရာရှိ၊ ကယားပြည်နယ် ဥပဒေအရာရှိတို့သည် ယနေ့ နံနက် ၈ နာရီခွဲက လွိုင်ကော်ခရိုင် ဥပဒေရုံးနှင့် လွိုင်ကော်မြို့နယ်ဥပဒေရုံး ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ကြပြီး ပန္နက်တင်ပေးကြသည်။**(ယာပုံ)**

ဆက်လက်၍ နံနက် ၉ နာရီတွင် ကယားပြည်နယ် ဥပဒေချုပ်ရုံး၊ ဧည့်ရိပ်သာနှင့် အရာထမ်းအိမ်ရာဖွင့်ပွဲ အခမ်းအနားပြုလုပ်ရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ကယားပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကယားပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဥပဒေချုပ်ရုံး၊ ဧည့်ရိပ်သာနှင့် အရာထမ်းအိမ်ရာအဆောက်အအုံနှင့် စပ်လျဉ်း၍ ထူးဝေလင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရန်နိုင်က ရှင်းလင်းတင်ပြပြီး ဧည့်ရိပ်သာနှင့် အရာထမ်းအိမ်ရာဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဥပဒေအရာရှိ ဦးတင့်ဝေက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကယားပြည်နယ်ဥပဒေချုပ်ရုံး၊ ဧည့်ရိပ်သာနှင့် အရာထမ်းအိမ်ရာတို့အား ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်သည် ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍတိုးတက်ကောင်းမွန်ရေးအတွက် မိမိတို့ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအနေဖြင့် တရားမျှတရေး၊ အဂတိတရားကင်းရှင်းရေး၊ မှန်ကန်စွာ စဉ်းစားတွေးခေါ်ပြီး ဥပဒေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အရည်အသွေးနှင့် အရည်အချင်းရှိသည့် ဝန်ထမ်းများဖြစ်ရေးကို အလေးထားဆောင်ရွက်ရန်နှင့် ပြည်သူက အသိအမှတ်ပြုသည့် ယုံကြည်အားကိုးသည့် ဥပဒေအရာရှိများ၊ ဥပဒေရုံးများဖြစ်အောင် ကြိုးစားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အခြေခံပညာကျောင်းများ ယာယီပိတ်ထား

**မြင်းမူ ဩဂုတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း ဩဂုတ် ၁၅ ရက်မှစ၍ ဧရာဝတီမြစ်ရေများတိုးလာခဲ့ပြီး ယခုအခါ မြင်းမူမြို့၏ စိုးရိမ်ရေအမှတ် ၁၁၅၀ စင်တီမီတာအထက် ၁၀ စင်တီမီတာအထိ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်နှင့် ကျေးရွာများမှ စာသင်ကျောင်းအချို့ကို ယနေ့မှစ၍ ယာယီပိတ်ထားပြီဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်းရှိ မြို့ပေါ်အရှေ့ပိုင်းရပ်ကွက်မှ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) လက္ကပင်အလယ်တန်းကျောင်းခွဲ၊ ဆပ္ပကုန်း(မူလွန်)ကျောင်း၊ ဆိပ်သာကျေးရွာ၊ ရွာသစ်(ကျွဲရိုက်)အုန်းပင်ကျေးရွာနှင့် သာယာပေါင်းကျေးရွာတို့ရှိ မူလတန်းကျောင်း လေးကျောင်းအပါအဝင် စာသင်ကျောင်းပေါင်း ခုနစ်ကျောင်းအား စာသင်ကြားမှုအခက်အခဲများ၊ ကျောင်းသားငယ်များ၏ ကျန်းမာရေးနှင့် အခြားဘေးအန္တရာယ်များမဖြစ်ပေါ်စေရေးတို့အတွက် ရေများကျဆင်းချိန်အထိ ကျောင်းများကိုယာယီပိတ်ထားခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ ပညာရေးဌာနရုံးမှ သိရသည်။

ယင်းစာသင်ကျောင်း ခုနစ်ကျောင်းတွင် ပညာသင်ကြားလျက်ရှိသော အလယ်တန်းကျောင်းသား ကျောင်းသူ ၃၁၉ ဦးနှင့် မူလတန်းကျောင်းသား ကျောင်းသူ ၅၆၂ ဦးအား ပညာသင်ကြားမှုအခက်အခဲမဖြစ်စေရေး သင်ကြားရေးနှင့်ပတ်သက်၍ ဆက်လက်စီစဉ်ဆောင်ရွက်ရန် သက်ဆိုင်ရာမှ ဆက်လက်စီစဉ်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



**မြစ်ကြီးနားခရိုင် ဆဒုံးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ ဩဂုတ် ၂၀ ရက်က ရပ်ကွက် (၅) လီဆူနှစ်ခြင်း ဘုရားကျောင်း၌ သုတ၊ ရသစာအုပ်များ ဖတ်ရှုခြင်းဖြင့် ပြည်သူများ စာပေ ဗဟုသုတရရှိစေရန်နှင့် စာပေမှရရှိသော အကျိုးကျေးဇူးများ သိရှိစေရန်ရည်ရွယ်၍ စာအုပ်များ ငှားပေးစဉ်။**

မြို့နယ်(ပြန်/ဆက်)

## တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ်စေရေး (၁၂)ကြိမ်မြောက် ပညာပေးစာတမ်းဖတ်ပွဲကျင်းပ

**ဘားအံ ဩဂုတ် ၂၁**
ကရင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်ဆေးပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ်ပညာပေး(CTME)အား ခုတင်(၅၀)ဆံ့ ဘားအံတိုင်းရင်းဆေးရုံနှင့် မြိုင်ကြီးငူတိုင်းရင်းဆေးပညာဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူဗဟိုပြုကျန်းမာရေးဆိုင်ရာများနှင့် တိုင်းရင်းဆေးပညာရပ်များ ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်စေပြီး ထိရောက်သောမြန်မာ့တိုင်းရင်းဆေးကုထုံးများနှင့် ဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက်ရည်ရွယ်ကာ ထိခိုက်ဒဏ်ရာအကြောင်းနှင့် ကုထုံးများအကြောင်း (၁၂)ကြိမ်မြောက် အသိပညာပေး စာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဘားအံမြို့ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ၌ပြုလုပ်ရာ ကရင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကရင်ပြည်နယ် တိုင်းရင်းဆေးပညာအသင်း၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းဆေးဝန်ထမ်းများ၊ ဘားအံမြို့ တိုင်းရင်းဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ဒေသခံတိုင်းရင်းဆေးပညာ ဝါသနာရှင်ပြည်သူများအား အသိပညာပေး စာတမ်းဖတ်ကြားရာတွင် အမြင့်ပေါ်မှ လိမ့်ကျခြင်း၊ သတ်ပုတ်ရိုက်နှက်ခံရခြင်း၊ လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာရခြင်း၊ ယာဉ်အန္တရာယ်၊ အားကစားပွဲများကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ ကလေးငယ်များ ဆော့ကစားရာမှ ထိခိုက်ဒဏ်ရာရခြင်းများကို တိုင်းရင်းဆေးပညာဖြင့် ပြုစုစောင့်ရှောက်ကုထုံးများ၊ ဆေးဖက်ဝင်အပင်များဖြင့် ကုသခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များအား မြိုင်ကြီးငူတိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်ညိုဝင်းနှင့် ခုတင်(၅၀)ဆံ့ ဘားအံတိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်နော်အေးအေးသင်းတို့က စာတမ်းဖတ်ကြားကြသည်။

အဆိုပါ ထိခိုက်ဒဏ်ရာအကြောင်းနှင့်ပတ်သက်သည့် သိရှိလိုသောအချက်များကို တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြရာ တိုင်းရင်းဆေးပညာရှင်များက ပြန်လည်သုံးသပ်ရှင်းလင်းပေးခဲ့ကြကြောင်းနှင့် ကရင်ပြည်နယ်အတွင်းရှိ ပြည်သူများအကြား တိုင်းရင်းဆေးပညာရပ်များ ပိုမိုကျယ်ပြန့်စွာ ရောက်ရှိစေရေးနှင့် ပညာပေးလုပ်ငန်းများ၊ အသိပညာပေး စာတမ်းဖတ်ခြင်းကို ရောဂါခေါင်းစဉ်အလိုက် တစ်လလျှင် တစ်ကြိမ် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

❏

✪ **ကျောဖုံးမှ**

ကွင်းလုံးပြည့်နီးပါး ပရိသတ်များ၏အားဖြင့် အိမ်ရှင်မလေးရှားအသင်းသည် ဂိုးရရန်ကြိုးပမ်းခဲ့ပြီး မြန်မာအသင်းမှာ မလေးရှားအမှားကိုစောင့်ကာ ထိုးဖောက်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းတိုက်စစ်မှူးအောင်သူ အပိုင်အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ မိနစ် ၃၀ ကျော်တွင် မလေးရှားအသင်း ဂိုးများဆက်တိုက်ရခဲ့ပြီး ၃၂ မိနစ်တွင် နာဒါရာဂျာက အဖွင့်ဂိုးသွင်းယူခဲ့သည်။ အဖွင့်ဂိုးရပြီး တစ်မိနစ်အကြာတွင် မလေးရှားအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ဘင်ရာဆစ်က ခေါင်းတိုက်သွင်းခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းသည် ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့သည်။ မြန်မာအသင်းသည် သန်းပိုင်နှင့် ရွှေကိုကိုထည့်ကာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မလေးရှားဂိုးပေါက်ကို ခြိမ်းခြောက်လာနိုင်ခဲ့သည်။ ၇၅ မိနစ်တွင် ရွှေကိုအပိုင်ကန်ခွင့်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၈၂ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရသည်။ မလေးရှားအတွက် တတိယဂိုးကို နာဒါရာဂျာကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၆ မိနစ်တွင် သန်းပိုင်က သွင်းယူခဲ့သည်။

အုပ်စု (က)တွင် အိမ်ရှင်မလေးရှားနှင့် မြန်မာအသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး မြန်မာအသင်းက ပွဲကုန် လေးပွဲကစားအပြီးတွင် ကိုးမှတ်၊ မလေးရှားအသင်းက သုံးပွဲကစား ကိုးမှတ်ရထားသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ- စိုးညွန့်(ခေတ္တမလေးရှား)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၀ ရွာ ထပ်မံတိုးမြှင့်

**ဖြူး ဩဂုတ် ၂၁**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် မြစိမ်းရောင်ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသော ကျေးရွာများဖြစ်သည့် အောင်စည်ယွန်းကျေးရွာ၊ ကွာရီအနောက်ကျေးရွာ၊ လိပ်ပေါကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ ရေပြာကျေးရွာ၊ ပြောင်သေရွာမကုန်းရွာတို့အား ဩဂုတ်လ ဒုတိယပတ်မှစတင်၍ ကွင်းဆင်းကာ မြစိမ်းရောင်စီမံကိန်းအရ အရင်းမပျောက် မတည်ငွေကျပ်သိန်း ၃၀၀ ကို ထုတ်ပေးနိုင်ရေးအတွက် ကျေးရွာမြစိမ်းရောင်ကော်မတီများကို ဖွဲ့စည်းပေးခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အထက်ဖော်ပြပါ ကျေးရွာ ၁၀ ရွာကို ထပ်မံတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမစတင်အကောင်အထည်ဖော်ခဲ့ရာတွင် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငါးရွာ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၁၅ ရွာ၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၁၅ ရွာ၊ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၁၀ ရွာ စုစုပေါင်းကျေးရွာ ၄၅ ရွာတို့တွင် ဆက်လက် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

❖ **မြန်မာဝူရှူးမှ**

နန်းကွန့်ပြိုင်ပွဲနှစ်ခုပေါင်းတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့သည်။ သိန်းသန်းဦးသည် ယမန်နေ့က ယှဉ်ပြိုင်သည့် နန်းတောင်းပြိုင်ပွဲတွင် ၉ ဒသမ ၆၇ မှတ်၊ ယနေ့ယှဉ်ပြိုင်သည့် နန်းကွန့်ပြိုင်ပွဲတွင် ၉ ဒသမ ၆၇ မှတ်ဖြင့် နှစ်ရက်ပေါင်း ၁၉ ဒသမ ၃၄ မှတ်ဖြင့် ရွှေဆုရခဲ့ပြီး ဗီယက်နမ်က ငွေတံဆိပ်၊ မလေးရှားက ကြေးတံဆိပ်ရခဲ့သည်။ မြန်မာဝူရှူးအဖွဲ့သည် ယနေ့ပွဲအပြီးတွင် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ရရှိခဲ့ပြီး နောက်ဆုံးနေ့ကို ယနေ့ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း - ရဲရင့်ရှိုင်း**
**ဓာတ်ပုံ - စိုးညွန့်(ခေတ္တမလေးရှား)**

## ကော့တောင်(လိပ်ကျွန်း)အမှု နောက်ဆုံးအယူခံတင်

**ဗန်ကောက် ဩဂုတ် ၂၁**
ကမ္ဘာကျော် လိပ်ကျွန်းလူသတ်မှု နောက်ဆုံးအယူခံအား ထိုင်းရှေ့နေများကောင်စီမှ ကော့စမွေတရားရုံးတော်သို့ ယနေ့နံနက်ပိုင်းက တင်ပြခဲ့ကြောင်း မြန်မာသံရုံး အထူးစုံစမ်းရေးကော်မတီမှသိရသည်။

စာမျက်နှာ ၃၁၉ မျက်နှာပါသော နောက်ဆုံးအယူခံလျှောက်လဲချက် အမှုတွဲကို ထိုင်းရှေ့နေများကောင်စီမှ ရှေ့နေအမျိုးသမီး ထစ်(Tip) နှင့် FED မှ အမျိုးသမီးရှေ့နေ ရှီ (She)တို့နှစ်ဦးတို့က ယနေ့နံနက် ၉ နာရီခွဲက ကော့စမွေ အယူခံတရားရုံးသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လျှောက်လဲချက်တွင် အဓိကကျသော ကွဲလွဲချက် ၁၁ ချက်ကို မူတည်၍ အားသာချက်ပေါင်း ၅၅ ချက်တို့ကို အသေးစိတ် တင်ပြလျှောက်လဲထားခြင်းဖြစ်ကြောင်း သိရသည်။

ကော့တောင်(လိပ်ကျွန်း)မြန်မာသံရုံး အထူးစုံစမ်းရေးကော်မတီမှ မြန်မာရှေ့နေကြီး ဦးအောင်မျိုးသန့်က "ရှေ့နေများကောင်စီနဲ့ တွေ့ဆုံတုန်းက အနည်းဆုံး ခြောက်လကြာရမယ့် အမှုကိစ္စမကြာဘဲနဲ့ ပြန်ချတာကို ကြည့်မယ်ဆိုရင် ဒီအမှုဟာ မျှော်လင့်ချက်ရှိတယ်ဆိုတာကိုလည်း ထိုင်းရှေ့နေများ ကောင်စီက ပြောခဲ့ပါတယ်။ ဥပဒေအရ ဝင်းနဲ့ဇော်တို့နှစ်ဦးဟာ အပြစ်မရှိပါဘူး။ အမှုအပြောင်းအလဲဖြစ်လာမယ်လို့တော့ ယုံကြည်ပါတယ်"ဟုပြောသည်။ **(ပွင့်သစ္စာ)**

# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်အထိမ်းအမှတ် ကျောင်းအခြေပြု စက်ဘီးစီးပွဲကျင်းပ

**လားရှိုး ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဩဂုတ် ၁၉ ရက် နံနက် ၆ နာရီက လားရှိုးမိုတယ်ရှေ့၌ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ် ကျောင်းအခြေပြု စက်ဘီးစီးပွဲကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က သေနတ်ပစ်ဖောက် တာလွှတ်ပေးပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်သူများ၊ ကျောင်းသားလူငယ်များက မြို့တစ်ပတ်စီးကာ လားရှိုးပြည်နယ် မြို့မအားကစားဝင်းသို့ ပန်းဝင်ကြောင်း သိရသည်။ အဆိုပါ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ် ကျောင်းအခြေပြု စက်ဘီးစီးပွဲတွင် အင်အား ၃၀၀ ပါဝင် ဆင်နွှဲကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




# ထီးချိုင့်မြို့၌ ကြက်ဥ၊ ကြက်သားစားပွဲကျင်းပ

**ထီးချိုင့် ဩဂုတ် ၂၁**

ထီးချိုင့်မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေး(H5 N1) ရောဂါကင်းရှင်းပြီး ပြည်သူများ ကြက်ဥ၊ ကြက်သားများကို စိတ်ချလက်ချ စားသုံးနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကြက်မွေးမြူရေး လုပ်ငန်းရှင်များ ပူးပေါင်း၍ ကြက်ဥ၊ ကြက်သားစားပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးဒေါက်တာ သန့်ဆွေဦးက ကြက်ဥ၊ ကြက်သားစားပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံကြက်မွေးမြူရေးကဏ္ဍ၌ ကောလာဟလကြောင့် ကြက်ဥ၊ ကြက်သား စားသုံးမှုကျဆင်းပြီး သုံးလအတွင်း အမေရိကန်ဒေါ်လာ ၁၆၅ သန်း ဆုံးရှုံးမှုဖြစ်ပေါ်နေသည့်အတွက် ကြက်ဥ၊ ကြက်သားရောင်းအား ပြန်လည်မြင့်တက်လာစေရန်၊ ထီးချိုင့်မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ မတွေ့ရှိသည့်အတွက် ကြက်ဥ၊ ကြက်သားများကို စိတ်ချလက်ချ စားသုံးကြရန် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကြက်ဥ၊ ကြက်သားစားပွဲတော်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အိဟေမာကျော်နှင့် အဖွဲ့ဝင်များ၊ ကြက်ဥ၊ ကြက်သားရောင်းချသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်မွေးမြူရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများတက်ရောက်၍ ကြက်ကြော်နှင့် ကြက်ဥများ စားသုံးခဲ့ကြကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**

၀



# မြေငလျင်လှုပ်ရှားမှုကိုတိုင်းတာနိုင်ရန် မြေငလျင်တိုင်းစက်များ တပ်ဆင်ထား

**ကသာ ဩဂုတ် ၂၁**

ကသာမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် ဒေသအတွင်း ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးစနစ် ဗဟိုဌာန( RegionaL Integrated Multi – hazard Early Warning System )တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ မြေငလျင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေငလျင်စခန်းများကို မြေငလျင်တိုင်းစက်များကို ကသာ၊ ညောင်ဦး၊ တောင်ကြီး၊ စစ်တွေမြို့တို့တွင် တပ်ဆင်မည်ဖြစ်ပြီး ကသာမြို့၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ရုံးဝင်းအတွင်း တပ်ဆင်ထားရှိသည်။

မြေငလျင်တိုင်းစက်များကို အင်ဒိုအရှေ့တောင်အာရှဒေသ အပေါ်ယံကျောက်သားမြေမျက်နှာသွင်ပြင်ပုံသဏ္ဌာန်ပြောင်းလဲမှု တိုင်းတာရေးနှင့် မြေငလျင်လှုပ်ရှားမှု လေ့လာစောင့်ကြည့်ရေး စီမံကိန်းအရ တပ်ဆင်ခြင်းဖြစ်ပြီး ကသာမြို့တွင် အဆောက်အအုံကို ဇူလိုင် ၂၀ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ဩဂုတ် ၁၄ ရက်တွင် မြေငလျင်တိုင်းစက်များကို နိုင်ငံခြားပညာရှင် နှစ်ဦးက လာရောက်တပ်ဆင်ပေးခဲ့သည်။ မြေငလျင်တိုင်းစက်ကို အင်အားနည်းမြေငလျင်နှင့် အင်အားပြင်းမြေငလျင်များတိုင်းတာသောစက်ဟူ၍ နှစ်မျိုး တပ်ဆင်ထားသည်။

“ကသာမြို့ဟာ မြေငလျင်ကြော သိပ်မကျပါဘူး။ ဒါပေမယ့် ပတ်ဝန်းကျင်မှာ လှုပ်ခတ်တဲ့ မြေငလျင်ဒဏ်တွေကို ခံစားရပါတယ်။ မြေငလျင်က ကြိုတင်ခန့်မှန်းလို့ မရနိုင်ပေမယ့် ငလျင်ဖြစ်ပေါ်တဲ့နေရာတွေကို အတိအကျ သိနိုင်ပါတယ်”ဟု ကသာခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦးလွင်က ပြောကြားသည်။

ကသာခရိုင်အတွင်း မြေငလျင်တိုင်းစက်များ တပ်ဆင်သွားမည်ဖြစ်ပြီး ကသာမြို့၌ အဆင့်မြင့်နည်းပညာများဖြင့် နောက်ထပ်မြေငလျင်တိုင်းစက်များ တပ်ဆင်ရန်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ကမ္ဘာအဝှမ်း တောတွေခန်းလည်း စိမ်းလန်းတို့ပြည် တောနှင့်စည်၏။**

## ကြေးမုံ သတင်းတိုများ

### မွေးမြူရေးဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းဖွင့်

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၁**

ဆင်ပေါင်ဝဲမြို့၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပြုလုပ်သည့် မွေးမြူရေးဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အဖွင့်အမှာစကား ပြောကြားကြပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာစိုးတင့်က မွေးမြူရေးဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**မျိုးမျိုး(ဆင်ပေါင်ဝဲ)**

### အခြေခံပန်းအလှပြုပြင်နည်း၊ မိတ်ကပ်နှင့် ဆံပင်ဆင်ယင်ထုံးဖွဲ့မှု သင်တန်းဆင်း

**အင်းတော် ဩဂုတ် ၂၁**

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အခြေခံပန်းအလှပြုပြင်နည်း၊ မိတ်ကပ်နှင့် ဆံပင်ဆင်ယင်ထုံးဖွဲ့မှု (၁/၂၀၁၇) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေညိုက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြနှစ်ဦးက သင်တန်းဆင်းအမှတ်တရစကားများ အသီးသီး ပြောကြားကြပြီး သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုလက်ဆောင်နှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသား သင်တန်းသူ ၃၈ ဦး တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

**ကျော်မြိုင်(အင်းတော်)**

### လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**ဗန်းမော် ဩဂုတ် ၂၁**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာ မောင်းနှင်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်း(၁/၂၀၁၇)ကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက သာစည်ရပ်ကွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၌ ကျင်းပကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ခရိုင်အတွင်းရှိ ဗန်းမော်၊ မိုးမောက်၊ မန်စီမြို့နယ်တို့မှ တောင်သူ ၃၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မင်းမင်းဦး)**

### ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြော

**မြစ်သား ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းကို ယနေ့နံနက် ၉ နာရီက ကင်းစိန်ဈေးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကိုကို ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကင်းစိန်ဈေးကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းနှင့် အိမ်ခြေ ၁၇၃ အိမ်တို့အား သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးဟောပြောခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ အဘိတ်ဆေးခပ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းများ တစ်အိမ်တက်ဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

### မူခင်းပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်း အထက(၂)ရှိ စံပယ်ခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီက စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြငြိမ်းတို့ ဦးဆောင်၍ သက်ငယ်မုဒိမ်းမှုပပျောက်ရေး မူခင်းအသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ရာ ဆရာမများနှင့် ကျောင်းသူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်ဝင်း(ကြည့်မြင်တိုင်)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၄၄၀၊ သွင်းကုန် ၄၉၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် Canter ယာဉ်၊ Hilux ယာဉ်နှင့် ခရီးသည်တင်မှန်လုံယာဉ်တို့ကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်ဆီ (5L×4) (30) Pkgs, (2L×6) (60) Pkgs,(18L)(15) Pkgs၊ Cat Food (20kg) (25) Pkgs၊ Computer Mouse (80) U၊ Queen အချိုရည် (1×12) (40) Pkgs၊ Lipo (1×50Pcs) (1×100mm) (50) Pkgs စုစုပေါင်း (ခန့်မှန်းတန်ဖိုးကျပ် ၃ ဒသမ ၇ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။




**(သတင်းစဉ်)**

# မိုင်းပန်မြို့နယ်တွင် ငွေကျပ် ၃၅၉ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီခန့်က မိုင်းပန်မြို့နယ် တာဆန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခွန်တပေးမောင်းနှင်ပြီး စိုင်းနွံခေး၊ မအေးရင်နှင့် မနန်းယွန်းတို့လိုက်ပါလာသည့် မော်တော်ယာဉ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် ဘိန်းစိမ်း ၂၄ ဒသမ ၅ ကီလိုကို လည်းကောင်း။




အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၃၂)မြဝတီမှ ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၂)ရပ်ကွက် စိန်နဂါး(၂)မိုတယ်ရှေ့၌ နေလင်းထွန်းမောင်းနှင်ပြီး မင်းမင်းဖြိုးလိုက်ပါလာသည့် မော်တော်ယာဉ်အားရှာဖွေရာ မင်းမင်းဖြိုး၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြား၊ နေလင်းထွန်းထံမှ ငွေကျပ် ၁၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မြဝတီမြို့ Royal Palace ဧည့်ရိပ်သာ၌ တည်းခိုနေသူ ဝတုတ်(ခ) စည်သူကျော်နှင့် မယမင်းစုစုလှိုင်တို့ကိုတွေ့ရှိပြီး လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၅ ပြား၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ် တစ်သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ဓါတ်ပုံ)**

**(သတင်းစဉ်)**

# မြောင်းမြပြည်သူ့ဆေးရုံကြီးတွင် ရာသီတုပ်ကွေးရောဂါ H1N1 သံသယရှိသူ အမျိုးသမီးတစ်ဦး သေဆုံး

**မြောင်းမြ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် H1N1 သံသယရှိသူ အမျိုးသမီးတစ်ဦးသည် ယနေ့နံနက် ၇ နာရီက သေဆုံးသွားကြောင်း အဆိုပါဆေးရုံမှတ်တမ်းများအရ သိရသည်။

သေဆုံးသူအမျိုးသမီးမှာ မြောင်းမြမြို့နယ် စက်ကုန်းကျေးရွာအုပ်စု တောင်ပူဇာကျေးရွာမှဖြစ်ပြီး ဩဂုတ် ၁၇ ရက်တွင် ဖျားပြီး ချောင်းဆိုး၊ မောပန်းကာ ဩဂုတ် ၂၀ ရက်တွင် မြောင်းမြပြည်သူ့ဆေးရုံကြီး ဖျားနာဆောင်သို့ ရောက်ရှိလာရာ လိုအပ်သော ဆေးဝါးကုသမှုများ ပြုလုပ်ခဲ့သော်လည်း အဆိုပါအမျိုးသမီးမှာ ယနေ့နံနက်တွင် သေဆုံးသွားခဲ့သည်။ အဆိုပါသေဆုံးသူအမျိုးသမီးထံမှ ဓာတ်ခွဲနမူနာ Naso-Pharymgeal swab များကိုရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဌာန (NHL) သို့ ပေးပို့စစ်ဆေးထားရှိပြီး လောလောဆယ်တွင် H1N1 သံသယရှိ လူနာအဆင့် သတ်မှတ်ထားကြောင်း သိရသည်။

သေဆုံးသူ အမျိုးသမီးမှာ ရှစ်လရှိ ရင်သွေးငယ်ကို ကိုယ်ဝန်ဆောင်ထားပြီး မိခင်ရော ကလေးပါ သေဆုံးခြင်းဖြစ်ကာ လက်ရှိတွင် ယောကျ်ားလေး တစ်ဦး၊ မိန်းကလေး လေးဦး စုစုပေါင်း သားသမီး ငါးဦး အိမ်တွင်ကျန်ရှိခဲ့ကြောင်းလည်း သိရသည်။

လက်ရှိအခြေအနေတွင် မြောင်းမြခုတင်(၂၀၀) ဆေးရုံကြီး၌ မြောင်းမြမြို့ (၁၁)လမ်းရှိ အမျိုးများအိမ်တွင် လာရောက်နေထိုင်လျက်ရှိသူ မကံထူးတည် အသက်(၄)နှစ် ဖခင် Dr အောင်မျိုးဦး၊ (အသုတ်တိုက်နယ်ဆေးရုံ)၏ သမီးငယ်မှာ မြောင်းမြပြည်သူ့ဆေးရုံကြီးသို့ ယနေ့နံနက် ၉ နာရီက Low Grade, Fever ချောင်းဆိုးပြီး ရောက်ရှိလာရာ Naso-Pharymgeal swab ဓာတ်ခွဲနမူနာများရယူ၍ (NHL) သို့ ပေးပို့ဆောင်ရွက်ထားပြီး လိုအပ်သော ကုသမှုများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြောင်းမြ၌ ဩဂုတ် ၁၄ ရက်ကလည်း ကျားကွင်း၊ စစ်ကွင်းကျေးရွာနေ ဒေါ်သူဇာခိုင် (၃၀)နှစ်မှာ စကမြားတိုက်နယ်ဆေးရုံ၌ ကလေးခွဲစိတ်မွေးဖွားပြီး လေးရက်မြောက်နေ့တွင် မြောင်းမြဆေးရုံကြီးသို့ရောက်ရှိကာ ဆေးကုသမှုခံယူရင်း H1N1 သံသယဖြင့် သေဆုံးခဲ့ပြီး သေဆုံးသူ၏ Naso-Pharymgeal swab ဓာတ်ခွဲနမူနာများကို ရယူ၍ (NHL) သို့ ပေးပို့ခဲ့ရာ ဩဂုတ် ၁၉ ရက်တွင် (H1N1) Positive ဖြစ်ကြောင်း အတည်ပြုပြန်ကြားခဲ့သည့်အတွက် H1N1 ဖြင့် ကနဦးသေဆုံးသူဖြစ်ကြောင်း ဆေးရုံမှတ်တမ်းများအရ သိရသည်။

ရောဂါတွေ့ရှိပြီး နောက်ပိုင်း မြောင်းမြခရိုင် ကျန်းမာရေးဦးစီးဌာနမှ သေဆုံးသူ၏ ကျေးရွာနှင့် အဆိုပါကျေးရွာနှင့် ထိစပ်နေသော လူနေထူထပ်သည့် ကျေးရွာများတွင် H1N1 ရာသီတုပ်ကွေးနှင့်ပတ်သက်သော ရောဂါလက္ခဏာများ ကာကွယ်ရေး၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထောက်အကူပြု ကျေးရွာအဖွဲ့အစည်းများအား ရောဂါ၏ သံသယလက္ခဏာများကို နေ့စဉ်စောင့်ကြည့်ပြီး လိုအပ်ပါက နီးစပ်ရာ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံများသို့ အချိန်မီညွှန်းပို့ပြီး ထိရောက်သော ကုသမှုခံယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

**အောင်မင်း(မြောင်းမြ)**

# တံတားဦးမြို့နယ်တွင် ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်တို့မှ မြစ်ရေများဝင်ရောက်လျက်ရှိ

**တံတားဦး ဩဂုတ် ၂၁**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်းသို့ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် တံတားဦးမြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စုများသို့ ဩဂုတ် ၁၉ ရက်မှ ယနေ့အထိ အိမ်ခြေ ၁၆၄၈ အိမ်၊ အိမ်ထောင်စု ၁၆၈၅ စု၊ လူဦးရေ ၆၅၆၁ ဦး၊ တိရစ္ဆာန်ပေါင်း ၃၄၃၁ ကောင်တို့အား ရေလွတ်ရာကုန်းမြင့်နေရာ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ထားရသည်။

ထိုပြောင်းရွှေ့နေထိုင်ရာ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ တံတားဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းနီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်နှင့် တာဝန်ရှိသူများက မြစ်ရေဝင်ရောက်သည့် နေရာများသို့သွားရောက်ပြီး အားပေးစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများသည် ရေဝင်ရောက်သည့်နေရာများကို လိုက်လံကြည့်ရှုပြီး သဲအိတ်များဖြင့် တားသည့်နေရာများအား ကျိုးပေါက်မှုမရှိစေရေး၊ ရေဝင်ရောက်မှုနည်းနိုင်သမျှ နည်းပါးအောင် ဆောင်ရွက်ထားရှိရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

"ကျွန်တော်တို့ကျေးရွာမှာ မြစ်နဲ့နီးတဲ့အတွက်ကြောင့် တစ်ရွာလုံး ရေဝင်ရောက်နေပါတယ်။ ဒီရေဝင်ရောက်မှုဟာ ကျွန်တော်တို့အတွက် သာမန်ဖြစ်ရိုးဖြစ်စဉ်ပါ။ ဒါပေမယ့် ကျွန်တော်တို့ ရေဘေးသင့်ပြည်သူတွေအတွက် အလှူရှင်တွေ၊ ကယ်ဆယ်ရေးပစ္စည်းတွေ လိုအပ်နေပါတယ်။ လူတွေအတွက် ဝမ်းစာကလွယ်ကူပြီး တိရစ္ဆာန်တွေအတွက် အစာတွေ ခဲယဉ်းလျက်ရှိပါတယ်"ဟု ရေဝင်ရောက်သည့် လက်ဆောင်ယူကျေးရွာသားတစ်ဦးက ပြောကြားသည်။

**(ရဲတင့်)**



# မတရားဖမ်းဆီးချုပ်နှောင်ကာ ခြောက်လှန့်ငွေတောင်းခံမှု ဘုရားသုံးဆူမြို့၌ ဖြစ်ပွား

**ကော့ကရိတ် ဩဂုတ် ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့၌ ဩဂုတ် ၂၀ ရက်က အမှတ်(၃)ရပ်ကွက် စကားဝါလမ်းသွယ်(၁)လမ်းတွင် လူနှစ်ဦးအား မတရား ဖမ်းဆီးချုပ်နှောင်ထားကြောင်း သတင်းအရ နယ်မြေလုံခြုံရေးနှင့် ပူးပေါင်းအဖွဲ့သည် ၎င်းနေအိမ်အားဝင်ရောက်ရှာဖွေခဲ့ကြောင်း သိရသည်။

အဆိုပါ နေအိမ်ခန်းအတွင်း၌ မောင်ဝိုင်းကျော် (၃၀)နှစ် လဲဝန်းကျေးရွာ ဥတ္တရသီရိမြို့နယ်နှင့် အောင်ဇော်(၄၄)နှစ် လဲဝန်းကျေးရွာ ဥတ္တရသီရိမြို့နယ် နေပြည်တော်နေသူတို့ နှစ်ဦးအား နေအိမ်ခန်းအတွင်း ဖမ်းဆီးချုပ်နှောင်ထားသည်ကို တွေ့ရှိရသဖြင့် မေးမြန်းရာ သာသနာပြုအဖွဲ့ ဘုရားသုံးဆူတာဝန်ခံ စောခင်မောင်ဝင်း (၃၉)နှစ်နှင့် အပေါင်းအပါ ခြောက်ဦးတို့က ဩဂုတ် ၆ ရက်တွင် ၎င်းတို့ငှားရမ်းနေထိုင်သော အိမ်၌ ချုပ်နှောင်ထားခဲ့ကြောင်း သိရသည်။



၎င်းတို့နှစ်ဦးအား ဆက်လက်စစ်ဆေးရာ သံစားကျောက်ပြုလုပ်မည့်ကိစ္စနှင့် ပတ်သက်၍ လုပ်ဆောင်ပေးနိုင်ခြင်းမရှိသဖြင့် တစ်ဦးလျှင် ၃၅ သိန်းပေးဆောင်ရန် တောင်းဆိုရာ ပေးဆောင်နိုင်ခဲ့ခြင်း မရှိသဖြင့် နေအိမ်အိပ်ခန်းအတွင်း ထိပ်တုံးဖြင့် ငါးရက်၊ အခန်းအတွင်း ၁၀ ရက်ခန့် ချုပ်နှောင်ခံခဲ့ရသည်ဟု သိရှိရသည်။ ထို့ကြောင့် အဆိုပါနှစ်ဦးအား ခြောက်လှန့်ငွေတောင်းယူပြီး မတရားချုပ်နှောင်ထားသူ ခြောက်ဦးအား ဘုရားသုံးဆူ မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(စိုးထက်အောင်၊ တင်ဝင်းလှိုင်)**

■

# ပြိုင်ဘက်ကစားသမားမျက်နှာကို တွန်းခဲ့သည့်ရာမို့စ် ၁၈ ကြိမ်မြောက်လာလီဂါအနီကတ်ပြသခံခဲ့ရ

ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဒီပို့တီဗိုအသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ လာလီဂါပွဲစဉ်မှာ ပြိုင်ဘက်ကစားသမားဖာဘီယန်ချားရဲ့ မျက်နှာကို လက်နဲ့တွန်းခဲ့တာကြောင့် အနီကတ်ပြသခံခဲ့ရပါတယ်။

ဆာဂျီယိုရာမို့စ်အနေနဲ့ အခုပြသခံခဲ့ရတဲ့ အနီကတ်ဟာ သူ့ရဲ့ကစားသမားတစ်လျှောက်လာလီဂါပြိုင်ပွဲမှာ ပြသခံခဲ့ရတဲ့ ၁၈ ကြိမ်မြောက်အနီကတ်ဖြစ်ပါတယ်။

ရာမို့စ်ရဲ့ကစားသမားဘဝတစ်လျှောက် စုစုပေါင်းအနီကတ် ၂၃ ကြိမ်ပြသခံခဲ့ရတာဖြစ်ပြီး လာလီဂါပြိုင်ပွဲမှာ ၁၈ ကြိမ်၊ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ သုံးကြိမ်၊ စပိန်ကိုပါဒယ်ရေးပြိုင်ပွဲမှာ နှစ်ကြိမ်ပြသခံခဲ့ရတာဖြစ်ပါတယ်။

ရာမို့စ်ဟာ လာလီဂါအနီကတ်ပြသခံခဲ့ရတာကြောင့် သူ့ရဲ့အနီကတ်ပြသခံခဲ့ရမှုဟာ ဆီဗီလာနောက်တန်းကစားသမားဟောင်း ပါဘလိုအယ်လ်ဖာရိုနဲ့ တန်းတူဖြစ်သွားခဲ့ပြီး ပါဘလိုအယ်လ်ဖာရိုဟာလည်း လာလီဂါမှာကစားစဉ်က လာလီဂါအနီကတ် ၁၈ ကြိမ်ပြသခံခဲ့ရတာပါ။

ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်အနေနဲ့ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှ စတင်ကာ လက်ရှိအချိန်အထိ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ၁၀ နှစ်ကြာဖြတ်သန်းခဲ့ရာမှာ အနီကတ် ၂၃ ကတ်ပြသခံခဲ့ရပြီး အဝါကတ် ၁၆၇ ကတ်အထိ ပြသခံခဲ့ရတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။







# ပီအက်စ်ဂျီနှင့် အတူ ဂိုးသွင်းယူပြီးနောက် ဘာစီလိုနာညွှန်ကြားရေးမှူးများအဖွဲ့အား နေမာ ဝေဖန်

ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့သွားခဲ့တဲ့ တိုက်စစ်မှူးနေမာဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ အိမ်ကွင်းပွဲစဉ်မှာ ဂိုးသွင်းယူခဲ့ပြီးနောက် ဘာစီလိုနာအသင်းရဲ့ ညွှန်ကြားရေးမှူးအဖွဲ့ကို ဝေဖန်လိုက်ပါတယ်။ ဘရာဇီးကြယ်ပွင့် နေမာဟာ အခုလအစောပိုင်းက ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးပေါင် ပေါင် ၁၉၈ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးနေမာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘာစီလိုနာအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့ပေမယ့် အသင်းရဲ့ ညွှန်ကြားရေးမှူးများအဖွဲ့နဲ့ အဆင်မပြေမှုတွေကြောင့် ပြင်သစ်ကလပ်ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ခဲ့တာပါ။ “ပီအက်စ်ဂျီကို ရောက်ခဲ့မယ်ဆိုရင် အရာရာတိုင်းကို အကောင်းဆုံးဖြစ်အောင်ကြိုးစားမယ်။ ဒါပေမယ့် ညွှန်ကြားသူတွေ မှားနေတဲ့ ဘာစီလိုနာမှာတော့ ဆက်မနေသင့်တော့ဘူး။ သူတို့နဲ့နေရတာ ဝမ်းနည်းစရာလည်းကောင်းတယ်”လို့ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ တိုက်စစ်မှူးနေမာက ပြောကြားခဲ့ပါတယ်။

ပီအက်စ်ဂျီအသင်းကတော့ အချမ်းသာဆုံးအသင်းဖြစ်တဲ့အတွက် ကစားသမားခေါ်ယူမှုမှာ ထိပ်တန်းမှာရှိနေသလို လက်ရှိအချိန်မှာလည်းပဲ တူးလော့စ်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဆိုတဲ့ရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယားထိပ်မှာရပ်တည်နေပါတယ်။

ဘာစီလိုနာအသင်းကတော့ နေမာမရှိတော့တဲ့ တိုက်စစ်ပိုင်းမှာ ဆွာရက်ဇ်နဲ့ မက်ဆီတို့သာရှိခဲ့တာကြောင့် လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ စာချုပ်သက်တမ်းကုန်ဆုံးမယ့် တိုက်စစ်မှူးလီယွန်နယ်မက်ဆီကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ စီစဉ်နေပါတယ်။

# လိဒ်စ်ယူနိုက်တက်တိုက်စစ်မှူး ခရစ်ဝုဒ်အား အသင်း၏စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ဘန်လေ ခေါ်ယူ




ဘန်လေအသင်းဟာ လိဒ်စ်ယူနိုက်တက်အသင်းတိုက်စစ်မှူး ခရစ်ဝုဒ်ကို အသင်းရဲ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ ဘန်လေအသင်းအနေနဲ့ တစ်ပတ်လုပ်ခလစာပေါင် ၃၅၀၀၀ နဲ့စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး ခရစ်ဝုဒ်ဟာ ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက လက်စတာစီးတီးအသင်းကနေ ချန်ပီယံရှစ်ကလပ် လိဒ်စ်ယူနိုက်တက်အသင်းကို ပြောင်းရွှေ့သွားပြီးနောက်ပိုင်း ၈၈ ပွဲပါဝင်ကစားခဲ့ပြီး ၄၄ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တဲ့ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

နယူးဇီလန်ကြယ်ပွင့် ခရစ်ဝုဒ်ဟာ သူ့ရဲ့အနာဂတ်အတွက် ပြင်ဆင်နေတာမို့ လိဒ်စ်ယူနိုက်တက်ယှဉ်ပြိုင်ကစားခဲ့တဲ့ ဆန်းဒါးလန်းအသင်းနဲ့ ပွဲစဉ်မှာလည်း ပါဝင်ကစားခဲ့ခြင်းမရှိခဲ့ပါဘူး။

အခုနှစ်ဘောလုံးရာသီမှာတော့ ခရစ်ဝုဒ်ဟာ လိဒ်စ်ယူနိုက်တက်အသင်းနဲ့အတူ သုံးပွဲသာလျှင် ပါဝင်ပွဲထွက်ကစားခဲ့တာဖြစ်ပါတယ်။အခုစာချုပ်ချုပ်ဆိုခေါ်ယူခဲ့တဲ့ ခရစ်ဝုဒ်ဟာ ဘန်လေအသင်းအတွက်တော့ အခုနှစ်အပြောင်းအရွှေ့ကာလမှာ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တဲ့ ခြောက်ဦးမြောက်ကစားသမားတစ်ဦးဖြစ်ပြီး ခရစ်ဝုဒ်ကို လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်နဲ့ ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

ဘန်လေအသင်းအတွက်တော့ အရင်က အသင်းရဲ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တဲ့ကစားသမားဟာ ရောဘီဘရက်ဒီဖြစ်ပြီး အဲဒီကစားသမားကို ပြောင်းရွှေ့ကြေးပေါင် ၁၃ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။



# မန်စီးတီးကွင်းလယ်လူနာဆရီ တူရကီသို့ ပြောင်းရွှေ့

မန်စီးတီးအသင်းကွင်းလယ်ကစားသမား နာဆရီဟာ တူရကီကလပ် အန်တယ်ယာစပေါအသင်းကို နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ကာ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ပါတယ်။

အသက်(၃၀)အရွယ်ရှိနေပြီဖြစ်တဲ့ နာဆရီကို ၂၀၁၁ ခုနှစ်က အာဆင်နယ်အသင်းကနေ မန်စီးတီးက ခေါ်ယူခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်ပွဲစဉ် ၁၂၉ ပွဲအထိ ပါဝင်ကစားပေးထားပါတယ်။

ကွင်းလယ်ကစားသမားနာဆီရီကို ပြီးခဲ့တဲ့ရာသီက ဆီဗီလာအသင်းထံ အငှားချခဲ့ပြီး အဲဒီလိုအငှားမချခင်မှာ မန်စီးတီးအသင်းနဲ့အတူ ဆုဖလားသုံးလုံးအထိရယူပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

အခုလိုတူရကီကလပ်ကို နာဆရီမပြောင်းရွှေ့ခင်က မန်စီးတီးအသင်းရဲ့ ရာသီအကြိုခရီးစဉ်မှာ ပါဝင်ခဲ့တာဖြစ်ပြီး နည်းပြဂွာဒီယိုလာရဲ့ လက်ထက်မှာ မန်စီးတီးအသင်းမှာ ပုံမှန်ပွဲထွက်ခွင့်အတွက် ရုန်းကန်ရမှာဖြစ်တဲ့အတွက် ပြောင်းရွှေ့သွားခဲ့ခြင်းလည်းဖြစ်ပါတယ်။

အန်တယ်ယာစပေါအသင်းမှာ အရင်က ဘာစီလိုနာတိုက်စစ်မှူးဟောင်း တစ်ဦးဖြစ်တဲ့ ဆမ်မျူရယ်အီတိုးက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူနေတာဖြစ်ပြီး ဆမ်မျူရယ်အီတိုးနဲ့ နာဆရီတို့ရဲ့ တွဲဖက်မှုကိုလည်း မြင်တွေ့ရဦးမှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်




# အိန္ဒိယနိုင်ငံက A(H1N1)အတွက် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၁**

ယခုနှစ်အတွင်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအတွင်း၌လည်း ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A H1N1 pdm 09) ဖြစ်ပွားလျက်ရှိရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများကို နိုင်ငံတကာမှ ကူညီလှူဒါန်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရာသီတုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် အိန္ဒိယနိုင်ငံမှ ဩဂုတ် ၂၁ ရက်အထိ လူ ၈၈၀၀ စာ ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးများ၊ ရောဂါစမ်းသပ်သည့် ပစ္စည်း (Test Kit) အခု ၁၀၀၀၀၊ ရောဂါကုသသည့် ဆေးTamiflu ဆေးပြား ၅၀၀၀၀ နှင့် ဆေးအမှုန့်ဘူး ၁၀၀၀၊ N95 နှာခေါင်းစည်း အခု ၁၉၂၀၀၀ တို့ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံမှ ကူညီလှူဒါန်းထားသည့် ဆေးနှင့် ဆေးပစ္စည်းများကို ရာသီတုပ်ကွေးရောဂါကာကွယ်ခြင်း၊ ရောဂါစမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးကုသမှုပေးခြင်းစသည့် လုပ်ငန်းများ၌ အကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အကူအညီပေးရာ၌ အိန္ဒိယသံရုံးမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အိန္ဒိယနိုင်ငံအနေဖြင့်လည်း လိုအပ်သည့်အကူအညီများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အနာကြီးရောဂါဝေဒနာရှင်များအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မရမ်းချောင်ကျေးရွာရှိ မေတ္တာပရဟိတ လူမှုစောင့်ရှောက်ရေးဂေဟာသို့ အနာကြီးရောဂါဝေဒနာရှင်များအတွက် လှူဒါန်းငွေပေးအပ်ပွဲကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အနန္တဂုဏ်ရည်အသင်းစာသင်တိုက် ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အနန္တဂုဏ်ရည်အသင်းဥက္ကဋ္ဌ ဦးကျော်မင်းလွင်က ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အနာကြီးရောဂါဝေဒနာရှင်များအတွက် ဦးမောင်မောင်ကြီးမိသားစုနှင့် အနန္တဂုဏ်ရည်အသင်းဥက္ကဋ္ဌ ဦးကျော်မင်းလွင်တို့က မေတ္တာပရဟိတလူမှုစောင့်ရှောက်ရေးဂေဟာသို့ ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ မေတ္တာပရဟိတလူမှုစောင့်ရှောက်ရေးဂေဟာဥက္ကဋ္ဌ ဦးလှဌေးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**(ဉာဏ်ဟိန်း)**

# ရေပေးရေးတင်ဒါလုပ်ငန်းရှင်းလင်းပွဲ ကျင်းပ

**သရက် ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ရေပေးရေးတင်ဒါလုပ်ငန်းရှင်းလင်းပွဲကိုဩဂုတ် ၁၇ ရက်က ကျင်းပသည်။ ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်က တင်ဒါရကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ညှိနှိုင်း၍ အရည်အသွေး ပြည့်မီစွာ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ၂၀၁၇-၂၀၁၈ တင်ဒါလုပ်ငန်းများ၊ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် တင်ဒါရကော်မတီမှ ဆောင်ရွက်ရမည့် လုပ်ငန်းများကို တင်ပြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးယုမော်တို့က စာချုပ်ပါအတိုင်းအရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး တက်ရောက်သူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်းသိရသည်။

**ဇော်ထက်(သရက်)**

## သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ဦးယဉ်ထွေး [၁၂/တမန(နိုင်)၀၅၄၂၉၂]၊ ဒေါ်ချိုချိုဦး[၁၂/တမန(နိုင်)၀၁၆၇၁၆] တို့၏ သားဖြစ်သူ မောင်ခန့်မင်းသူ [၁၂/တမန(နိုင်) ၁၂၈၀၄၀]သည် ခွင့်မလွှတ်နိုင်သောကိစ္စများကို ဆောင်ရွက်ပြီး မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာယူပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဆောင်ရွက်ခြင်းပြုမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

**ဦးယဉ်ထွေး[၁၂/တမန(နိုင်) ၀၅၄၂၉၂]၊ ဒေါ်ချိုချိုဦး[၁၂/တမန(နိုင်)၀၁၆၇၁၆]**

## ရောင်းမည်(ညှိနှိုင်းဈေး)

အမြန်ဆုံးဖွံ့ဖြိုး တိုးတက်လာနေသော သီလဝါ မြန်မာ-ဂျပန်အထူးစီးပွားရေးဇုန်အနီး၊ သန်လျင်၊ လက်ယက်စမ်း၊ လမ်းကျယ်၊ ဉယျာဉ်ခြံမြေ "၀ ဒသမ ၃၃၈ဧက" (၇၅ပေ×၁၉၅ပေ)၊ ပိုင်ရှင်အမည်ပေါက် တစ်ထပ် B/N, ရေ/မီးစုံ၊ ဈေး/ကျောင်းနီး၊ လူနေ/လုပ်ငန်းသင့်လျော်၊ ခြံစည်းရိုးခတ်ပြီး၊ လူနေရပ်ကွက်များ အလယ်တွင်ရှိပါသည်။ (အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။)

**ဖုန်း-၀၉-၇၉၄၂၆၃၇၄၀၊ ၀၉-၂၅၀၁၇၃၂၆၁**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လမ်းဦးစီးဌာန၊ စက်မှုဌာနခွဲ၊ ယန္တရားတပ်ခွဲ(တောင်)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ထုတ်လုပ်သည့်နိုင်ငံ |
| --- | --- | --- | --- |
| (၁) | တာယာအမျိုးပေါင်း(၅)မျိုး | (၂၃၂)လုံး | Vietnam |
| (၂) | ဘက်ထရီအမျိုးပေါင်း(၃)မျိုး | (၄၂)လုံး | Thailand |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၁၅-၉-၂၀၁၇ရက်
တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက် - ၂၂-၉-၂၀၁၇ နံနက်(၁၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ၂၂-၉-၂၀၁၇၊ မွန်းလွဲ(၁)နာရီ
တင်ဒါပုံစံရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု)ရုံး ယန္တရားတပ်ခွဲ (တောင်)၊ စက်မှုဌာနခွဲ၊ လမ်းဦးစီးဌာန၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၆၆၀၈၈၀၊
၀၁-၆၆၀၀၇၁၊
၀၉-၄၂၀၇၂၄၆၃၃

**ပစ္စည်းဝယ်ယူရေးကော်မတီ၊ ယန္တရားတပ်ခွဲ(တောင်)**

## "ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ် (၁၃၈)၊ နှစ် (၆၀) ဂရန်မြေ အမျိုးအစား အကျယ်အဝန်း (၄၀' ၁၀" x ၆၀') ပေ၊ ဧရိယာ (၀.၀၅၈) ဧက ဦးဘုန်းမြင့်အမည်ပေါက် မြေကွက်ပေါ်ရှိ အမှတ် (၄၁) ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် (၃၆) ဟု ခေါ်တွင်သော အိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ရန်အတွက် အများသိစေရန် ကြေညာခြင်း"

အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်တို့အား ဝယ်ယူ ပိုင်ဆိုင် လက်ဝယ်ထားရှိသူ **ဦးကျော်ထူး** (၁၂/ရကန (နိုင်) ၀၂၆ရ၀ရ) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ တင်ပြကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
| --- | --- |
| ဒေါ်နိုင်နိုင်နု | ဦးအောင်မျိုးမင်း |
| B.Com (Q)., R.L | B.Sc, H.G.P, R.L |
| အထက်တန်းရှေ့နေ (စဉ်-၂၂၄၃၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၉၇) |

ဖုန်း - ၀၉-၅၃၁၃၃၄၉၆ ၊ ၀၉-၄၂၁၀၁၈၀၈၀

## ဦးကျော်ဝမ်းယဉ်ထွန်း၏ တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်-၃၇၊ မြေညီထပ်နေ ဒေါ်ချိုပဘာ(ခ)ဒေါ်ချိုစန္ဒီသော် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ဗတထ(နိုင်)၀၀၀၈၅၃]ကိုင်ဆောင်သူက အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်မသည် ဦးကျော်ဝမ်းယဉ်ထွန်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ဗတထ(နိုင်)၀၁၇၆၃၈]ကိုင်ဆောင်သူနှင့် ၁-၈-၂၀၁၂ရက်က ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်ဦးစီးအရာရှိ ရှေ့မှောက်တွင် ထိမ်းမြားမင်္ဂလာ ကတိသစ္စာပြုလွှာကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဦးကျော်ဝမ်းယဉ်ထွန်းမှာ ပထမဇနီး ဒေါ်သန္တာအေးနှင့် ၂၆-၁၂-၂၀၁၆ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၆/၂၀၁၂ ပါ စီရင်ချက်နှင့် ဒီကရီအရ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မဒေါ်ချိုပဘာ(ခ)ဒေါ်ချိုစန္ဒီသော်ကသာ ဦးကျော်ဝမ်းယဉ်ထွန်း၏ တရားဝင်ဇနီးဖြစ်ပါသည်။

၁၈-၈-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃၁၊ ဦးကျော်ဝမ်းယဉ်ထွန်း၏ နာရေးကြော်ငြာတွင် ဒေါ်သန္တာအေးက ခင်ပွန်းဖြစ်ကြောင်း ထည့်သွင်းကြေညာခဲ့ရာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏အမိန့်ကို မျက်ကွက်ပြုရာကျသည့်အပြင် တရားရုံးကို မထီမဲ့မြင်ပြုရာ ကျရောက်စေပါသည်။

သို့ဖြစ်၍ ကျွန်မသာလျှင် ဦးကျော်ဝမ်းယဉ်ထွန်း၏ တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်ချိုပဘာ(ခ)ဒေါ်ချိုစန္ဒီသော်**
**[၁၂/ဗတထ(နိုင်)၀၀၀၈၅၃]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညဏစီမံချက်)၊ မြေကွက်အမှတ်(၅၈၄)၊ မြေကွက်တည်နေရာအမှတ်(၅၈၄)၊ နွယ်သာကီလမ်း၊ ပေါင်းကူညဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ရတနာမာန်အောင်တောရ ဓမ္မရိပ်သာကျောင်း၏ကိုယ်စားဆရာတော် ဦးဝါယာမိန္ဒ [၁၁/ကဖန(သ)၀၀၀၀၁၉]မှ ပေါင်းကူညဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းအမှတ်-၁၂၄၊ မြေကွက်အမှတ်-၁၃၅၊ ပေ(၄၀×၆၀)ပါမစ်မြေ အမည်ပေါက် ဦးထွန်းနု (T/RGN-050039)မြေအား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးမြင့်ထွန်းထံမှ ကျွန်ုပ်ဦးစိုးပိုင်က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးပိုင်**
**[၈/နမန(နိုင်)၁၀၇၇၇၄]**
**ဖုန်း-၀၉-၇၇၃၀၈၉၀၇၀**

## Mandalar Charm Travels & Tours ၏ သင်္ဘောခရီးစဉ်

အပျော်စီးသင်္ဘော (Costa Victoria Cruise Package)
ဩဂုတ်လ ပရိုမိုးရှင်း

(၁) စင်္ကာပူ - မလက္ကာ - ပီနန် - စင်္ကာပူ ၄ရက် USD 379 မှစ၍
(Sailing Dates : Nov 8,15,22 & 29 Dec20,27 & 30)
(၂) စင်္ကာပူ - ဖူးကက် - ပီနန် - စင်္ကာပူ ၅ရက် USD 474 မှစ၍
(Sailing Dates : Nov 4,11,18 Dec12 & 23 Jan 2 & 6
(၃) စင်္ကာပူ - ဖူးကက် - လန်ကာဝီ - ပီနန် - စင်္ကာပူ ၆ရက် USD 576 မှစ၍
(Sailing Dates : Dec 2)
(၄) စင်္ကာပူ - ဖူးကက် - ပီနန် - မလက္ကာ - စင်္ကာပူ ၆ရက် USD 551 မှစ၍
(Sailing Dates : Dec 7)

၂၂၆ မြေညီထပ်၊ ၃၈လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၂၅၆၆၇၂/၀၁ - ၂၄၂၁၂၉၊ မိုဘိုင်း ၀၉ - ၅၀၄ - ၅၈၁၉

## ပျောက်ဆုံးကြောင်း

ဒေါ်သီတာဝင်း[၁၂/စခန(နိုင်)၀၁၉၆၁၀]၏ နိုင်ငံကူးလက်မှတ် (Passport) စာအုပ်မူရင်း အမှတ် (M-136855)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၄၀၇၃၆

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ သပြုပင်အထကခွဲ၊ ဒသမတန်း Aမှ မသံသာထွန်း၏ ဖခင်အမည်မှန်မှာ ဦးလှထွန်းလွင် [၁၂/အစန(နိုင်)၁၈၃၄၆၇]ဖြစ်ပါကြောင်း။

19th August 2017
H.E. Mr. Vikram Misri
Ambassador
Embassy of India
Yangon

Subject : Invitation for Interactive Business Session Meet with DICA, DOT & Overseas Chambers

Respected Sir,

Our Myanmar India Business Chamber is having an Interactive Business on 25th August 2017 4 pm onwards at Park Royal hotel, Yangon; which includes Presentations from Directorate of Trade (i.e. DOT) & Directorate of Investment & Company Administration (i.e. DICA lead by Director General U Aung Naing Oo). After which we would also have MOU signing ceremony with the various Overseas Chambers in Myanmar followed by dinner.
We request you to kindly grace this occasion and join us for dinner.
Thanking you.

For Myanmar India Business Chamber

B. L. Goenka
President

သစ် ပင် စိုက် ပါ ဒို့ က မ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

# စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ခ) ပျက်စီးလွယ်သော ပစ္စည်းဖြစ်ပါက သတ်မှတ်ထားသော အချိန်ကာလကို ရုံးဖွင့်ရက် ၁၀ ရက်မှ ၃ ရက်သို့ လျှော့ချရမည်။ အဆိုပါ ၃ ရက်အား ထပ်မံတိုးချဲ့ခြင်း မပြုနိုင်။

၆၅။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်အား ပြန်လည်စိစစ်ရန်နှင့် ကြားနာခွင့်ပြုရန် သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေးတောင်းဆိုသည့်ရက်မှ ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၆၆။ တရားရုံးက မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းမှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့လျှင် တင်သွင်းသူသည် အဆိုပါပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန်ရုံးသို့ ပေးဆောင်ရမည်။ အကောက်ခွန်အာဏာပိုင်များအနေဖြင့် တင်သွင်းသူထံမှ အဆိုပါကုန်ကျစရိတ်များကို မရရှိခဲ့လျှင် လျှောက်ထားသူသည် အဆိုပါကုန်ကျစရိတ်များအား ပေးဆောင်ရန် တာဝန်ရှိပြီး တင်သွင်းသူထံမှ ထိုသို့ပေးဆောင်ရမည့် မည်သည့်စရိတ်ကိုမဆို ပြန်လည်ရပိုင်ခွင့် ရှိစေရမည်။

၆၇။ တရားရုံးက မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါပစ္စည်းများကို မှားယွင်းစွာဆိုင်းငံ့ခြင်းနှင့် ယာယီထိန်းသိမ်းခြင်းတို့ကြောင့် ဖြစ်ပေါ်သည့် နစ်နာကြေးကို တရားရုံးမှ သတ်မှတ်ဆုံးဖြတ်သည့် ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။

၆၈။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းများကို စီးပွားရေးအလို့ငှာမဟုတ်ဘဲ ပစ္စည်းတင်သွင်းသူက ကိုယ်ပိုင်သုံးရန် ရည်ရွယ်၍ ခရီးသည်ဝန်စည်အနေဖြင့် ယူဆောင်လာသော ပစ္စည်းများနှင့်သော်လည်းကောင်း၊ အနည်းငယ်မျှသာ တင်သွင်းတင်ပို့လာသော ပစ္စည်းများနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၆၉။ အကောက်ခွန်အာဏာပိုင်များသည် မူပိုင်ခွင့်ချိုးဖောက်ခြင်းနှင့် သက်ဆိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့်သော်လည်းကောင်း၊ အခြားသောနိုင်ငံများမှ အကောက်ခွန်အာဏာပိုင်များနှင့်သော်လည်းကောင်း၊ မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများနှင့်လည်းကောင်း သတင်းအချက်အလက်များ ဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည်။

**အခန်း(၂၀)**
**တရားရုံးတည်ထောင်ခြင်း**

၇၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် တရားရုံးများတည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့်တရားသူကြီးများအား အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ တရားရုံးများကို တည်ထောင်ခြင်းမပြုမီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အပ်နှင်းသည့် တရားရုံးအား အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) တရားရုံးများက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်အပေါ် အယူခံမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သည့်တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

**အခန်း (၂၁)**
**မူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ လုပ်ပိုင်ခွင့်များ**

၇၁။ (က) မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူမည်သူ မဆို ပုဒ်မ ၇၂ နှင့် ၇၃ ပါပြဋ္ဌာန်းချက်များအရ ယာယီအရေးယူဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူ မည်သူမဆို ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ အရေးယူပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

၇၂။ (က) တရားရုံးသည် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ ပုဒ်မ ၇၁ ပုဒ်မခွဲ(က)အရ လျှောက်ထားလာပါက တရားမကြောင်းအရ ကုစားဆောင်ရွက်ရန် အောက်ပါယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းအား ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ရှင်းလင်းပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်သည့်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှု လမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန်အတွက် သင့်သည်ထင်မြင်သည့် အမိန့်၊

(၂) စွပ်စွဲခံရသော မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်မှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်အတွက် သင့်သည် ထင်မြင်သည့် အမိန့်၊

(၃) သက်ဆိုင်ရာအကောက်ခွန်ရုံးက ထုတ်ထားသည့် ဆိုင်းငံ့မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန် အမိန့်။

(ခ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန်အတွက် လျှောက်ထားသူထံမှ အောက်ပါတို့ကို တောင်းဆိုနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်ခံနေရကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ခံရရန် အလားအလာရှိကြောင်း ခိုင်လုံသေချာစေရန်အလို့ငှာ သင့်လျော်လုံလောက်သည့် မည်သည့်သက်သေခံ အထောက်အထားများကိုမဆို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း၊

(ဂ) တရားရုံးက ထုတ်ပြန်ထားသောအမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် တရားရုံးသည် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) တရားရုံးသည် လျှောက်ထားသူတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီ အရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက်ပေါင်း ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့်အချိန်အတွင်း တရားစွဲဆိုမှုကို စတင်ဆောင်ရွက်ခဲ့ခြင်း မရှိလျှင် ပုဒ်မ ၇၃ ပုဒ်မခွဲ(ခ) ကို မထိခိုက်စေဘဲ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၇၃ ပုဒ်မခွဲ(က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) တရားရုံးသည် ယာယီအရေးယူ ဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်မျှတသော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၇၃။ (က) တရားရုံးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် တစ်ဖက်သတ်ယာယီ အရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူအား ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကိုဖြစ်စေ တန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ်ကျရောက်မည်ဟု စိုးရိမ်ဖွယ်ရာရှိခြင်း၊

(ခ) တရားရုံးသည် တစ်ဖက်သတ်ယာယီအရေးယူ ဆောင်ရွက်ရာတွင်-

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) တရားရုံးက သတ်မှတ်သည့် သင့်လျော်သော အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူ ဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းယာယီအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၇၄။(က) မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာ ဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည် -

(၁) အကောက်ခွန်ရှင်းလင်းပြီးသည့် တင်သွင်းလာသော မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ထားသည့် ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးခြင်းအပါအဝင် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန်အတွက် သင့်သည် ထင်မြင်သည့်အမိန့်၊

(၂) (ကက) မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ လုံလောက်သော နစ်နာကြေးကို ပေးဆောင်စေရန်အတွက် ချမှတ်သည့် အမိန့် သို့မဟုတ် သင့်လျော်သောကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန် အမိန့်။

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များအား ပေးဆောင်စေရန် အမိန့်။

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှုမရှိစေရန်အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်ခြင်းမရှိဘဲ မူပိုင်ခွင့်ချိုးဖောက်သောပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့် အမိန့်၊

(၄) မူပိုင်ခွင့် ချိုးဖောက်သောပစ္စည်းများပြုလုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာ တန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့် အမိန့်။

(ခ) တရားရုံးသည် ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၃)နှင့်(၄)အရ အမိန့်တစ်ခုခုကို ချမှတ်ရန် စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် မူပိုင်ခွင့်ချိုးဖောက်မှု အတိုင်းအတာကို အချိုးညီစွာ ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၇၅။ မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား တိုင်တန်းသူက လျော်ကြေးပေးရမည့်အပြင် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို တိုင်တန်းသူက ပေးဆောင်စေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၇၆။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့် စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံ အထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ၊

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန် စွပ်စွဲငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သော သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သော အချိန်ကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်၊

၇၇။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ်ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအားပေးစေရန် အမိန့်ချမှတ်နိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်း ပြောင့်မတ်သမာဓိရှိမှု၊အရည်အချင်းအလိုက်ချီးမြှင့်မြှောက်စားမှုနှင့် တန်းတူညီမျှအခွင့်အရေးရရှိမှုများ တိုင်းဒေသကြီးအဆင့်ဆွေးနွေးပွဲ မန္တလေးမြို့တွင်ကျင်းပ



**မဟာအောင်မြေ ဩဂုတ် ၂၁**

နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်း ဖြောင့်မတ် သမာဓိရှိမှု၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုနှင့် တန်းတူညီမျှ အခွင့်အရေးရရှိမှုများကို တိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Hotel Mandalay ၌ ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီ က ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ဆွေးနွေးပွဲ၏ခေါင်းစဉ်အကြောင်းအရာများ၊ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ စီမံချက်တွင် ပါရှိသည့် ဦးစားပေးနယ်ပယ် (၄) ရပ်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအား ဆက်စပ်ရှင်းလင်းပြောကြားသည်။ ၎င်းနောက် UNDP မှ နည်းပညာအကြံပေးအရာရှိ ခရစ်စတိုဖာစီပေါ်လတစ်(စ်)က နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး အဓိကကဏ္ဍမှာ အားလုံးပါဝင်နိုင်မှု၊ကိုယ်ကျင့်တရား၊ ဖြောင့်မတ်သမာဓိရှိမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှု၊ ဓမ္မဓိဋ္ဌာန်ကျစွာပြုမူခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းနှင့် လုပ်ချင်ကိုင်ချင်စိတ်ရှိမှုအစရှိသည်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ UNDP မှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မတ္တရာမြို့နယ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**မတ္တရာ ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် တောင်ကန်ကျေးရွာအုပ်စု ကင်းကျေးရွာတွင် အမှတ် (၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (မန္တလေး)မှ ကြီးမှူးကျင်းပသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကင်းကျေးရွာ ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မန္တလေး)မှ ရဲအုပ်သက်ထွန်းဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာအကြောင်းအရာများကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ချိုမာဦးက အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေးစသည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲသို့ အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (မန္တလေး)မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကင်းကျေးရွာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ဧရာဝတီမြစ်ရေ ဒုတိယအကြိမ်မြင့်တက် အခြေခံပညာကျောင်းအချို့ယာယီပိတ်ထားရ

**ပခုက္ကူ ဩဂုတ် ၂၁**

ဧရာဝတီမြစ်ရေ ပထမအကြိမ် မြင့်တက်ခဲ့ပြီးနောက် ဒုတိယအကြိမ်အဖြစ် မြင့်တက်လာကာ ပခုက္ကူမြို့နယ်အတွင်း ဩဂုတ် ၂၁ရက်အထိ အခြေခံပညာကျောင်း ခုနစ်ကျောင်း ပိတ်ထားရသည်။

ပခုက္ကူမြို့တွင် ဧရာဝတီမြစ်ရေ၏စိုးရိမ်ရေအမှတ်မှာ ၂၁၅၀ စင်တီ မီတာဖြစ်ပြီး ဩဂုတ် ၂၁ ရက် နံနက် ၆ နာရီခွဲအချိန်တိုင်းတာချက်များအရ ၂၁၅၄ စင်တီမီတာသို့ ရောက်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်ထားသည်။ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် အလယ်တန်းဆင့်ကျောင်း သုံးကျောင်းနှင့်မူလတန်းဆင့်ကျောင်း လေးကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှသိရသည်။

**ကိုဇော်(ခတု)**



## နေပြည်တော်၌ ဝန်ထမ်းများစွမ်းရည်မြှင့်သင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ကြီးမှူးဖွင့်လှစ်သည့် စွမ်းရည်မြှင့်သင်တန်း(၃/၂၀၁၇)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)သင်တန်းကျောင်း (ပျဉ်းမနား)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က သင်တန်းအဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ စွမ်းရည်မြှင့်သင်တန်း(၃/၂၀၁၇)တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမှုထမ်း ၃၀ တို့အား ဩဂုတ် ၂၁ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## မန္တလေးမြို့အနီး ရှမ်းကလေးကျွန်းကျေးရွာရေတိုးချိန် အပျော်စီးလှေလာရောက်စီးသူများလာ



**မန္တလေး ဩဂုတ် ၂၁**

မန္တလေးမြို့အနီး ရှမ်းကလေးကျွန်းကျေးရွာမှာ ဧရာဝတီမြစ်ရေတက်သည့်အတွက် တစ်ရွာလုံး ရေဝင်ကာ ကမ်းနားလမ်းပေါ်သို့ ရွှေ့ပြောင်းကြရသည်။ လူများမှာ လှေဖြင့် ရွာထဲသို့အသွားအလာပြုလုပ်ပြီး တိရစ္ဆာန်များကို ကားလမ်းဘေးတွင် ထားကြရသည်။ ဆိုင်ကယ်များကိုမူ ကမ်းနားလမ်းတွင် အပ်ထားကြသည်။

ဆိုင်ကယ်အပ်ခအဖြစ် တစ်နေကုန်ငွေကျပ် သုံးရာပေးရပြီး မည်သည့်အချိန်မဆို ပြန်အပ်ခွင့် ပြန်ယူခွင့်ရှိသည်။ ရှမ်းကလေးကျွန်းကျေးရွာ ထိပ်တွင် သစ်သားတံတားကလေး တည်ရှိနေသည်။ ရေတက်ချိန်တွင် ရွာထဲသို့ သွားနိုင်ရန်လှေများကို သစ်သားတံတားကလေးအနားထားရှိကြသည်။ ရွာထဲသို့ ရွာသူရွာသားများလှေဖြင့် သွားလာမှုတွင် လူတစ်ဦးလျှင် ငွေကျပ်နှစ်ရာပေးဆောင်ရသည်။ အချို့မှာကိုယ်ပိုင်လှေများဖြင့်သွားလာကြသည်။

ရှမ်းကလေးကျွန်းကျေးရွာမှာ ကမ်းနားလမ်း၊ ကန်တော်ကြီးနှင့်နီးသည့်အတွက် ရေကြည့်လာသူများမှာ သစ်သားတံတားကလေးပေါ်လာရောက်ရင်း အပျော်တမ်းလှေစီးခြင်းများကို ပြုလုပ်လာရာမှ အပျော်စီးလှေများအဖြစ် လှော်ခတ်ပေးလာကြသည်။

အပျော်လှေစီးသူများမှာ ရှမ်းကလေးကျွန်းကျေးရွာကိုပတ်ကာ လှော်ခတ်ပေးကြသည်။လှေစီးရင်း ဧရာဝတီမြစ်ရှုခင်းနှင့် စစ်ကိုင်းတောင်တန်းအလှကိုကြည့်ရှုကြသည်။

လှေစီးခအဖြစ် တစ်ဦးလျှင် ငွေကျပ်တစ်ထောင်ပေးရသည်။လှေတစ်စီးလျှင် လူသုံးဦးမှလေးဦးအထိ တင်ဆောင်ကာလှော်ခတ်ပေးကြသည်။ သစ်သားတံတားကလေးနှင့် ရှမ်းကလေးကျွန်းလှေဆိပ်တွင် အငှားလှော်ခတ်သည့်လှေ ၂၀ ကျော်ရှိသည်။ ရေတိုးချိန်တွင် လှေသမားတစ်ဦးလျှင် ငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ ကျော်အထိရရှိကြောင်းသိရသည်။

**တိမ်တမန်**

## ထီးလင်းမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်စက်ဝန်း) သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ထီးလင်း ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်စက်ဝန်း) မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကို အောင်သပြေခန်းမ၌ ဩဂုတ် ၂၀ ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မြဝင်းက စီမံကိန်းရည်ရွယ်ချက်နှင့် စီမံခန့်ခွဲမှုအကြောင်းရှင်းလင်းပြောကြားခြင်း၊ ပထမနှစ်စက်ဝန်း တွေ့ရှိချက်များကို စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးအေးထွန်းမင်းက အကျဉ်းချုပ်တင်ပြခြင်း၊ အကြိုဆုရွေးချယ်ထားမှုအား နည်းပညာအကြံပေး အဖွဲ့ခေါင်းဆောင် ဦးသန်းနိုင်က ရှင်းလင်းပြောကြားခဲ့သည်။

အစည်းအဝေး တက်ရောက်လာကြသည့် ကျေးရွာစီမံခန့်ခွဲမှုအထောက်အကူပြုကော်မတီအဖွဲ့များအား အဖွဲ့ခုနစ်ဖွဲ့ခွဲ၍ လုပ်ငန်းသုံးသပ်ချက်များ၊ အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။ အစည်းအဝေး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြကာ စီမံကိန်းတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း(ပထမနှစ်စက်ဝန်း)တွင် အကောင်းဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် (ပထမ)အုံးနွဲ့ကျေးရွာအုပ်စု၊ (ဒုတိယ) ဝက်သက်မြောက်ကျေးရွာအုပ်စု၊ (တတိယ) ညောင်ကျေးရွာအုပ်စုနှင့် ပထမအကောင်းဆုံးကျေးရွာအဖြစ် တိကျေးရွာ၊ ဒုတိယ ပြင်ဘကျေးရွာနှင့် တတိယ အထက်ကျော်ကျေးရွာများသို့ ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အစည်းအဝေးသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ကျေးရွာ စီထောက်ကော်မတီများ၊ မြစိမ်းရောင်ကော်မတီများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ရပ်မိရပ်ဖများ စုစုပေါင်း အင်အား ၄၃၀ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုံရွာမြို့နယ်တွင် ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာမှုကို ရေကင်းများဖြင့်စောင့်ကြည့်

**မုံရွာ ဩဂုတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ အဓိကဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကမ်းတွင် တည်ရှိသည့် မုံရွာမြို့နယ်အတွင်း ယခုနှစ်မိုးရာသီတွင် ဒုတိယအကြိမ်အဖြစ် ချင်းတွင်းမြစ်ရေကြီးမြင့်တက်သဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ သီးနှံစိုက်ခင်းများအတွင်းသို့ မြစ်ရေမဝင်ရောက်ရန်အတွက် ရေကင်း (၂၄) ခုဖြင့် စောင့်ကြည့်လျက်ရှိကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

မုံရွာမြို့နယ်တောင်ဘက်အခြမ်း သစ်ဆိမ့်ကျေးရွာရေကင်း အမှတ် (၁) မှ မုံရွာမြို့ပေါ်ရုံးကြီးရပ်ကွက် နန်ချွန်ဆိပ်ကမ်းရှိ ရေကင်းအမှတ် (၁၄)ထိလည်းကောင်း၊ မုံရွာမြို့မြောက်ဘက်ခြမ်းဖြစ်သော ရုံးကြီးရပ်ကွက် သလ္လာဝတီဆိပ် ရေကင်းအမှတ် (၁၅) မှ စစ်ပင်ရပ်ကွက်ရှိ ရေကင်းအမှတ် (၂၄) အထိ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှကြီးကြပ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ရေကြီးမြင့်မှုကို မုံရွာမြို့နယ်မှာ ၁၂၀၀ စင်တီမီတာအထိ ခံနိုင်အောင် တာပေါင်တွေ မြှင့်တင်ထားပါတယ်။ မြစ်ရေကြီးလာချိန်တွေမှာလည်း သတိထားစောင့်ကြည့်ပါတယ်။ ပထမအကြိမ်တုန်းကလည်း စင်တီမီတာ ၁၀၇၀ ကျော်အထိ တက်ရောက်ခဲ့တဲ့အတွက် စောင့်ကြည့်ခဲ့ပါတယ်။ အခုလည်း မုံရွာမြို့နယ်အောက်ပိုင်းအစ သစ်ဆိမ့်ကျေးရွာကနေ မုံရွာမြို့နယ်မြောက်ဘက် စစ်ပင်ရပ်ကွက်အထိကို ရေကင်း ၂၄ ခုနဲ့ စောင့်ကြည့်သွားမှာပါ" ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့တွင် ချင်းတွင်းမြစ်ရေသည် ယင်းမြို့၏ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာဖြစ်ပြီး ယနေ့ နံနက် ၁၀ နာရီတွင် ၁၀၂၂ စင်တီမီတာသို့ ရောက်ရှိလျက်ရှိရာ မြစ်ရေဆက်လက်တက်နိုင်သဖြင့် ရေကင်းများဖြင့် စောင့်ကြပ်လျက်ရှိကြောင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သဲအိတ်၊ မြေသယ်ယူရန်တောင်းများ၊ ပေါက်ပြား၊ ဂေါ်ပြား၊ တူရွင်း၊ မျှောတိုင်၊ သစ်သားတိုင်၊ ဝါး၊ ကြိုး၊ သဲ၊ သံ၊ ဝါးထရံကပ်များကိုလည်း စုဆောင်းထားရှိရန် နှိုးဆော်ထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



# ယာဉ်တိုက်ပြေးများဖမ်းမိပါက ကျေအေးရုပ်သိမ်းခွင့်တင်ခြင်းအား ကန့်ကွက်သွားမည်

**မကွေး ဩဂုတ် ၂၁**
ယာဉ်တိုက်မှုဖြစ်ပြီး လူသေဆုံးမှုများဖြစ်ပေါ်ခဲ့သော အမှုအချို့တွင် တာဝန်မယူဘဲ ထွက်ပြေးတိမ်းရှောင်မှုများရှိနေပြီး စုံစမ်းဖော်ထုတ်၍ဖမ်းဆီးမိပါက ညှိနှိုင်းပြေလည်မှုများဖြင့် တရားရုံးတော်သို့ ကျေအေးရုပ်သိမ်းခွင့်တင်ပြခြင်းများကို ကန့်ကွက်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမှတ် (၄) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(မကွေး)ဒု-တပ်ဖွဲ့ခွဲမှူး ရဲမှူးသာဌေးထံမှ သိရသည်။

"တိုက်ပြေးတယ်။ တာဝန်မခံဘူး။ ရှောင်တယ်။ ရဲကကြိုးစားပမ်းစားနဲ့ဖော်ထုတ်ခါမှ မိတယ်။ တရားရုံးရောက်တော့ ဘာလုပ်ကြတုန်းဆိုတော့ ကာယကံရှင်နဲ့ အတင်းညှိနှိုင်းလိုက်ကြပြီးတော့ with draw ပေါ့။ ကျေအေးရုပ်သိမ်းခွင့်တွေတင်ကြတယ်။ အဲလို ကိုယ့်တာဝန်ကိုယ်မယူခဲ့ဘူး။ ရဲကစုံစမ်းဖော်ထုတ်လို့ ပေါ်လာမှ with draw တင်လာတာတွေရှိရင် ကန့်ကွက်မယ်။ လုံးဝကျေအေးရုပ်သိမ်းခွင့် မပေးသင့်ပါဘူး။ ဥပဒေအတိုင်း ဆက်လုပ်သင့်ပါတယ်ဆိုပြီး တင်ပြကန့်ကွက်ပါမယ်" ဟု ရဲမှူးသာဌေးက မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပညာပေးဖြန့်ဝေထားသော ပန်းဖလက်များတွင် ထွက်ပြေးတိမ်းရှောင်သွားပါက ပို၍ကြီးလေးသော ပြစ်ဒဏ်ခံရမည်ဆိုသည့်အချက်အလက်ပါဝင်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပေးသည့် ငွေကျပ် ၈၈ သိန်းဖြင့် ပညာပေးရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နေကြောင်း ၎င်းက ဆက်ပြောသည်။

မကွေးခရိုင်အတွင်း ယာဉ်တိုက်မှုများတွင် နှစ်စဉ်တိုက်ပြေးမှုများရှိနေပြီး ၂၀၁၇ ခုနှစ်အတွင်းတွင် တိုက်ပြေးမှု သုံးမှုရှိကာ အသက် (၇၆) နှစ်အရွယ် သတင်းထောက်ကြီးတစ်ဦး သေဆုံးခဲ့မှုတွင်လည်း တရားခံမမိသေးဘဲ စုံစမ်းဖော်ထုတ်နေဆဲဖြစ်ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှ သိရသည်။

ထွက်ပြေးပြီးမှဖမ်းမိပါက ကျေအေးရုပ်သိမ်း၍မရကြောင်းသိလာလျှင် ယာဉ်မတော်တဆမှုများ၌ တာဝန်ယူမှုများရှိလာမည်ဟု ယူဆကြောင်း တိုက်ပြေးမှုများတွင် မျက်မြင်နှင့်အပြင်သတင်းများကြားသိရသော်လည်း တရားဝင်ကူညီမှုများအားနည်းနေကြောင်း ရဲမှူးသာဌေးမှ သုံးသပ်ပြောကြားသည်။

ယာဉ်စစ်ဆောင်ရွက်ရာတွင် ပြည်သူများကို ယဉ်ယဉ်ကျေးကျေးဆက်ဆံရန်၊ သည်းခံရန်မှာကြားထားပြီး လိုအပ်ပါက ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်ရန် ယာဉ်ထိန်းအမျိုးသားများကို ကျင်စက်အရှည်၊ အမျိုးသမီးများကို ကျင်စက်အတိုများထုတ်ပေးထားပြီး တရားဝင်အသုံးပြုခွင့်လည်းပေးထားကြောင်း ယာဉ်ထိန်းတပ်ဖွဲ့ တာဝန်ရှိသူကဆိုသည်။

အမှတ် (၄) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(မကွေး)၊ ခရိုင်နယ်မြေအတွင်း၌ မဆင်မခြင်၊အရှိန်ပြင်း၊ ယာဉ်မောင်း မကျွမ်းကျင်၊ မူးယစ်မောင်းနှင်ခြင်းတို့နှင့်သက်ဆိုင်သည့် ယာဉ်မတော်တဆမှုများမှာ ၂၀၁၅ခုနှစ်တွင် ၁၆၃၀ မှု၊ ၂၀၁၆ ခုနှစ်တွင် ၁၄၉၁ မှု၊ ၂၀၁၇ ဇူလိုင်လထိ ၉၉၃ မှုရှိကြောင်း ဒုရဲမှူး သန့်ဇင်ထံမှ သိရသည်။

**ဧယျတု(မကွေး)**

# အောင်မြင်သောအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအား Solar Battery နှင့် စွမ်းအားမြင့်မီးဖိုပေးအပ်

**ဖယ်ခုံ ဩဂုတ် ၂၁**
ဖယ်ခုံမြို့နယ် သစ်တောဦးစီးဌာန အစီအစဉ်ဖြင့် မိုးဗြဲကျေးရွာအုပ်စု သစ်ယာထင်းရှူးကုန်းကျေးရွာတွင် အောင်မြင်သော ဒေသပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအား Solar Battery နှင့် စွမ်းအားမြင့် မီးဖိုပေးအပ်ပွဲ အခမ်းအနားကိုဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ စာသင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခွန်းအေးမောင်က အဖွင့်အမှာစကားပြောကြားပြီး ဖယ်ခုံမြို့နယ် အမှတ်(၂)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ Solar Battery ငါးစုံနှင့် စွမ်းအားမြင့်မီးဖို ၂၂ လုံးတို့အား တာဝန်ရှိသူများက သစ်ယာထင်းရှူးကုန်းကျေးရွာရှိ အောင်မြင်သော အစုအဖွဲ့ပိုင်သစ်တောအသုံးပြုပြည်သူများထံ ပေးအပ်ပြီး ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါကျေးရွာသည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောများပြုန်းတီးမှုမရှိစေရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးတို့အတွက် ဒေသခံပြည်သူများက သစ်တောများကို အစုအဖွဲ့ပိုင်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ကယန်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဖယ်ခုံမြို့နယ် အမှတ်(၂)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ အစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**



# ငါးသယံဇာတတိုးပွားစေရေးချင်းတွင်းမြစ်အတွင်း ငါးသန်ကောင်ရေတစ်သိန်းစိုက်ထည့်

**ချောင်းဦး ဩဂုတ် ၂၁**
ငါးသယံဇာတ တိုးပွားစေရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ချင်းတွင်းမြစ်အတွင်း ချောင်းဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ညီတိုး ဦးဆောင်၍ ငါးသန်ကောင်ရေတစ်သိန်းကို စိုက်ထည့်ခဲ့ကြသည်။

ချောင်းဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောသောင်းခိုင်က ယနေ့ ချင်းတွင်းမြစ်အတွင်း တစ်လခွဲအရွယ်ရှိတဲ့ ငါးခုံးမအမျိုးအစား ငါးသန်တွေကို စိုက်ထည့်ခြင်းဖြစ်ကြောင်း၊ ငါးသယံဇာတ တိုးပွားရေးအတွက် တရားမဝင်ငါးဖမ်းနည်းများ အသုံးမပြုရန် ပညာပေးရေးလုပ်ငန်းများ လုပ်ဆောင်နေပြီး တရားမဝင် ငါးဖမ်းနေမှုများ တွေ့ရှိပါက အရေးယူမည်ဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ်ပြန်/ဆက် (ချောင်းဦး)**

# မော်လူးဒေသပဲခူးကျေးရွာတွင်အိမ်သုံးဆိုလာမီးနှင့်စွမ်းအားမြင့်မီးဖိုများပေးအပ်

**အင်းတော် ဩဂုတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ပဲခူးကျေးရွာတွင် ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက ဒေသခံပြည်သူများအစုအဖွဲ့ပိုင် သစ်တောတည်ထောင်စိုက်ပျိုးအောင်မြင်သူများအား အိမ်သုံးဆိုလာမီးနှင့် စွမ်းအားမြင့်မီးဖိုများပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် အင်းတော်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းဝင်းက ပဲခူးကျေးရွာအတွင်းရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်စိုက်ပျိုးမှုနှင့် ပတ်သက်၍ သိသင့်သိထိုက်သောအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အဆိုပါကျေးရွာမှ အကောင်းဆုံး အောင်မြင်စွာ စိုက်ပျိုးနိုင်ကြသူ ခြောက်ဦးကို မြို့နယ်သစ်တောဦးစီးအရာရှိနှင့် တာဝန်ရှိသူများက တစ်ဦးချင်းစီကိုအိမ်သုံးဆိုလာမီးနှင့် စွမ်းအားမြင့်မီးဖိုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါကျေးရွာတွင် CF စိုက်ဧက ၄၅ ဧက ကို တောင်သူ ၁၃ ဦးမှ စိုက်ပျိုးနိုင်ခဲ့ပြီး ၎င်းတို့အထဲမှ အကောင်းဆုံး စိုက်ပျိုးနိုင်ခဲ့ကြသော တောင်သူခြောက်ဦးကို မော်လူးဒေသတွင် ပထမအကြိမ်အဖြစ် ပေးအပ်နိုင်ခဲ့ကြောင်း သစ်တောဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ အင်းတော်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇော်လင်းဝင်းနှင့်အဖွဲ့၊ မော်လူးသစ်တောဘိနယ်တာဝန်ခံ ဦးဝင်းလှိုင်မိုးနှင့်အဖွဲ့၊ မော်လူးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ပဲခူးကျေးရွာ ရာအိမ်မှူးဦးအောင်စိုးနှင့်ဖိတ်ကြားထားသည့်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ခင်မောင်ဆွေ**



# ကလေးမြို့ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ အသံစစ်ဆေးမည့် နေ့ရက်နှင့် တိုက်ရိုက်ထုတ်လွှင့် ယှဉ်ပြိုင်မည့်နေ့ရက် အတည်ပြုသတ်မှတ်

**ကလေး ဩဂုတ် ၂၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ MRTV, Forever Groupနှင့် ရွှေသံလွင်မီဒီယာ SKYNET တို့မှဂုဏ်ယူစွာတင်ဆက်မည့်ငြိမ်းချမ်းရေးဂီတပွဲတော် Peace Music Festival 2017 သီချင်းဆိုပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၉ ရက်တွင် စတင်ပြုလုပ်မည်ဖြစ်သော်လည်းတိုက်ရိုက်ထုတ်လွှင့်မှုအတွက် ရာသီဥတုအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် ရက်ပြန်လည်ရွှေ့ဆိုင်းရာမှ ယခုအခါအသံစစ်ဆေးမည့်နေ့ရက်ကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ၊ Stage Rehearsal ပြုလုပ်ခြင်းကို အောက်တိုဘာ ၇ ရက်နှင့် တိုက်ရိုက်ထုတ်လွှင့် (Level-1 Live)ယှဉ်ပြိုင်ခြင်းကို အောက်တိုဘာ ၈ ရက်အဖြစ် အတည်ပြုသတ်မှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

"ကလေးမြို့မှာကျင်းပမယ့် ဒီအဆိုပြိုင်ပွဲကြီးကို ရက်ရွှေ့ဆိုင်းရာကနေ အခုယှဉ်ပြိုင်ရမယ့်နေ့ရက် အတိအကျအတည်ပြုသတ်မှတ်လိုက်ပြီဆိုတော့ ပြိုင်ပွဲဝင်ဖို့ အားခဲထားတဲ့ ညီငယ်၊ ညီမငယ်တွေ သီချင်းလေ့ကျင့်ရင်းနဲ့ ရင်ခုန်စရာနေ့ရက်လေးတွေကို ဖြတ်သန်းစောင့်မျှော်ကြရုံပေါ့။ ပဏာမအသံစစ်ဆေးဖို့နေရာကိုတော့ အတည်မပြုနိုင်သေးဘဲ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမနဲ့ အားကစားကွင်း မိုးလုံလေလုံခန်းမတို့ကို ယာယီရွေးချယ်ထားပါတယ်။ နောက်ဆုံးအဆင့် အသံအောင်မြင်သူ ၁၀ ဦးယှဉ်ပြိုင်မှုကိုတော့ မြို့တော်ခန်းမမှာ ပြုလုပ်ပြီး တိုက်ရိုက်ထုတ်လွှင့်ပေးသွားပါမယ်" ဟု ကလေးမြို့ ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပရေးကော်မတီ (ရုပ်သံ)မှ ဦးတင်ထွန်းဝင်းက ပြောသည်။

ငြိမ်းချမ်းရေးဂီတပွဲတော်အတွက် အသံစစ်ဆေးခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီး ၁၁ မြို့တို့တွင်လှည့်လည်ကျင်းပလျက်ရှိရာ ကလေးမြို့တွင် အသံအောင်မြင်သူ ၁၀ ဦးတို့ကို ပဏာမရွေးချယ်၍ သံစုံတီးဝိုင်းဖြင့်ပြိုင်ပွဲတိုက်ရိုက်ကူးထုတ်လွှင့်မှုပြုလုပ်မည်ဖြစ်ကြောင်း၊ ယင်း ၁၀ ဦးထဲမှအောင်မြင်သူ ဒေသလက်ရွေးစင်သုံးဦးကို နိုင်ငံတော်အဆင့်ယှဉ်ပြိုင်နိုင်ရန်ရွေးချယ်သွားမည်ဖြစ်သည့်အပြင် ယှဉ်ပြိုင်မှုများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင် Music Live Show ပွဲအဖြစ်တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ယခုသီချင်းဆိုပြိုင်ပွဲတွင် တစ်နိုင်ငံလုံးအဆင့် ပထမ၊ ဒုတိယ၊ တတိယရရှိသူသုံးဦးနှင့် အထူးဆုအဖြစ် ခုနစ်ဦးရွေးချယ်၍ ဆုငွေများထိုက်ထိုက်တန်တန်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ကလေးမြို့ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပရေးကော်မတီ(ရုပ်သံ)မှ ဦးသန့်ဇင်က ပြောကြားသည်။

ကလေးမြို့ ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲအတွက် ချင်းပြည်နယ်(မြောက်ပိုင်း)အပါအဝင် ကလေး၊ ဂန့်ဂေါ၊ တမူးနှင့် ချင်းတွင်းအထက်ပိုင်းဒေသများမှ သီချင်းဆိုဝါသနာရှင် ၂၂၅ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားပြီးဖြစ်ကြောင်း၊ အကဲဖြတ်ဒိုင်အဖြစ် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ရွေးချယ်ထားသော တေးရေးဆရာ အောင်နိုင်စန်း၊ ဂီတအနုပညာရှင် ခင်မြတ်မွန်နှင့် တေးသံရှင်ဆုန်သင်းပါရ်တို့က ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ဧည့်သည် အဆိုရှင်များအဖြစ် နိုင်ငံကျော်တေးသံရှင် ဆုန်သင်းပါရ်နှင့် ခင်မိုးဝေ(ခ)ဗန်သော့ဒ်ကျင်းတို့က ဝါသနာရှင်ပြည်သူများအား ကူညီသီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း ကလေးခရိုင် သတင်းနှင့်ပြန်ကြားရေးဌာနမှ သိရသည်။

အဆိုပါသီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် ရည်ရွယ်ချက်တို့ဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများကိုအထောက်အကူဖြစ်စေရန် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ငြိမ်းချမ်းရေးဂီတပွဲတော် အဆိုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# Uber အငှားယာဉ်လုပ်ငန်းမှာ ဆစ်ဒနီနှင့် မဲလ်ဘုန်းတို့တွင် ကားပျံအငှားယာဉ်ဝန်ဆောင်မှုပြုလုပ်နိုင်ရန်စတင်စမ်းသပ်



ကားပျံအငှားဝန်ဆောင်မှုကို ၂၀၂၃ ခုနှစ်တွင် စတင်နိုင်ရန်စီစဉ်ထားနိုင်မည်ဟု Uber လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Jeff Holden ကမီဒီယာများကို ပြောကြားလိုက်ပြီး ယခင်ကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အချိန်နှောင့်နှေးကြန့်ကြာမှုများ လျှော့ချနိုင်တော့မည်ဖြစ်သည်ဟု ဆိုသည်။ လျှပ်စစ်စွမ်းအင်ကို အဓိကထားအသုံးပြုသွားမည်ဖြစ်ပြီး တစ်ကြိမ်အားသွင်းထားလျှင် ၁၆၀ ကီလိုမီတာအကွာအဝေးအထိ မောင်းနှင်နိုင်မည်ဖြစ်သည်ဟု သိရသည်။

ယာဉ်တစ်စင်းလျှင် လူဦးရေ ငါးဦးမှ ခြောက်ဦးအထိလိုက်ပါစီးနင်းနိုင်စေရန် ထုတ်လုပ်သွားမည်ဖြစ်ကာ ရပ်နားရန်နှင့် လျှပ်စစ်အားပြန်လည်သွင်းနိုင်ရန် အဆောက်အအုံခေါင်မိုးများပေါ်တွင် ယာဉ်ရပ်နားကွင်းများ ပြုလုပ်သွားမည်ဟုသိရသည်။ လေယာဉ်ထုတ်လုပ်သော လုပ်ငန်းအချို့နှင့်ပူးပေါင်းကာ အဆိုပါဝန်ဆောင်မှုကို ပြုလုပ်သွားမည်ဖြစ်ကာ ရဟတ်ယာဉ်နှင့်ဆင်တူသော်လည်း ၎င်းကဲ့သို့အသံဆူညံခြင်းမျိုးလျော့နည်းသွားမည်ဖြစ်ပြီး အခြားလုပ်ဆောင်မှုပိုင်းများမှာ ကွဲပြားမှုအချို့ရှိမည်ဖြစ်သည်။ အဆင်းအတက်အတွက် အတောင်ပံများတွင် ပန်ကာများကို တပ်ဆင်ပေးထားပြီး အဆိုပါပန်ကာများမှာ အပေါ်၊ အောက် လှုပ်ရှားထိန်းချုပ်နိုင်မည်ဖြစ်သည်ဟု သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် ဒူဘိုင်းမြို့နှင့် အမေရိကန်နိုင်ငံ ဒဲလ်လက်စ်မြို့တို့တွင်လည်း ကားပျံအငှားယာဉ်ဝန်ဆောင်မှုကို ပြုလုပ်မည်ဟု Uber လုပ်ငန်းက ကြေညာခဲ့ဖူးပြီး ယခုအချိန်တွင် ထပ်မံကြေညာခြင်းဖြစ်သည်ဟုသိရသည်။ သုံးသပ်သူအချို့က ၎င်းဝန်ဆောင်မှုစနစ် အမှန်တကယ်ဖြစ်ပေါ်လာပါက ယာဉ်ကြောကျပ်တည်းမှုများလာသည့် ဩစတြေးလျနိုင်ငံကဲ့သို့ပင် အခြားနိုင်ငံများတွင် များစွာအသုံးဝင်လာနိုင်မည်ဖြစ်သည်ဟု ပြောကြားထားသည်။

ALEX

# iPhone ဒီဇိုင်းနှင့်တူညီနေသည့် Coolpad Cool M7



တရုတ်နိုင်ငံအခြေစိုက် Coolpad အမှတ်တံဆိပ် အသစ်ထွက် စမတ်ဖုန်းတစ်မျိုးသည် နာမည်ကြီး iPhone ဒီဇိုင်းမျိုးနှင့် တူညီသည့် ပုံစံမျိုးနှင့် ထွက်ပေါ်လာခဲ့သည်။ မျက်နှာပြင် ၅ ဒသမ ၅ လက်မ အကျယ်ရှိပြီး ယခုလအတွင်း ဈေးကွက်အတွင်းရရှိနိုင်တော့မည်ဖြစ်သည်။

iPhone နှင့်ဒီဇိုင်းပိုင်းတူညီနေသော်လည်း လုပ်ဆောင်မှု အချက်အလက်နှင့် ကိုယ်ထည်တည်ဆောက်မှုတွင် ထည့်သွင်းထားသော ကုန်ကြမ်းများမှာ များစွာကွာခြားလျက်ရှိသည်။ သာမန်စမတ်ဖုန်းမျက်နှာပြင်ဖြစ်ပြီး 1080px -1920px ပါဝင်သည်။ ဖုန်းအတွင်း Qcta-Core Qualcomm Snapdragon 625 Chipset ကိုထည့်သွင်းတပ်ဆင်ထားပြီး သင့်တင့်သော စွမ်းဆောင်ရည်ရရှိမည်ဖြစ်သည်။ လည်ပတ်မှုစနစ် Android 7.1.1 ပါဝင်ပြီး အလူမီနီယံသတ္တု စပ်ကိုယ်ထည်နှင့် လက်ဗွေစနစ်လည်းပါဝင်သည်။

RAM ပါဝင်မှု 4 GB နှင့်သိုလှောင်သိမ်းဆည်းမှုအတွက် 64 GB ပမာဏပါဝင်ပြီး Micro SD ထပ်မံထည့်သွင်း အသုံးပြုနိုင်ခြင်းမရှိချေ။ ကင်မရာပိုင်းမှာ ကျောဘက်တွင် 12 MP ပါဝင်ပြီး အရှေ့ဘက်ကင်မရာ 13 MP ပါဝင်သည်။ ဘက်ထရီ 3200 mAh ပမာဏရှိသော ဘက်ထရီပါဝင်ပြီး ရရှိနိုင်သောအရောင်များမှာ Matte Black နှင့် Blue ဟူ၍ နှစ်ရောင်သာရရှိမည်ဖြစ်ကာ တန်ဖိုးအားဖြင့် တရုတ်ယွမ်ငွေ ၂၇၀၀ ဝန်းကျင်တွင်ရရှိနိုင်မည်ဖြစ်သည်။

ALEX




# အုန်းခွက်ပုံတူပန်းချီကား မှာယူရေးဆွဲခိုင်းမှုများလာ

**မန္တလေး ဩဂုတ် ၂၁**

အုန်းခွက်ပန်းချီကားများကို အွန်လိုင်းမှတစ်ဆင့် အပ်နှံကာ ရေးဆွဲခိုင်းမှုများပြားလျက်ရှိသည်။ အုန်းခွက်အတွင်း ပုံတူရေးဆွဲပေးရန်အတွက် အွန်လိုင်းမှတစ်ဆင့် ဓာတ်ပုံပေးပို့ကာ ဘဏ်မှငွေလွှဲပြီး ရေးဆွဲခိုင်းကြသည်။ လက်ရာမြောက်အုန်းခွက် ပန်းချီကားကို စားပွဲတင်နိုင်ရန်အတွက် စနစ်တကျပြုလုပ်ပေးထားသည်။ အုန်းခွက်ပန်းချီကားတစ်ကားလျှင် ငွေကျပ် ၅၀၀၀၀ ပေးရသည်။ လက်ရှိကာလတွင် အုန်းခွက်ပုံတူပန်းချီကားများကို ပုလင်းပန်းချီပညာရှင်ဦးချစ်မြက ရေးဆွဲပေးကာ ဒေသအနှံ့ အရောက်ပို့ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ ဈေးကွက်တွင် ထိုးဖောက်နိုင်ရန် ကြံဆလုပ်ကိုင်လျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပုလင်းပန်းချီဦးချစ်မြမှာ မှန်ပန်းချီ၊ ပုလင်းပန်းချီ၊ ဘူးခါးသီးပန်းချီ၊ အုန်းခွက်ပန်းချီများကို တီထွင်ရေးဆွဲခဲ့ရာ ပြည်တွင်းပြည်ပမှ ဧည့်သည်များ အထူးနှစ်သက်ကာ ဝယ်ယူအားပေးလာကြသည်။ လက်ရှိကာလတွင် ပုလင်း ပန်းချီ၊ မှန်ပန်းချီများနှင့်အတူ ဘူးခါးသီးပန်းချီ၊ အုန်းခွက်ပန်းချီများကို တွင်ကျယ်စွာ ရေးဆွဲလျက်ရှိသည်။ ပုလင်းပန်းချီပညာရှင် ဦးချစ်မြမှာ နတ်ပန်းချီဟု ညွှန်းဆိုသည်အထိ ပုလင်းပန်းချီတွင် နာမည်ကျော်လှသည်။

၁၉၈၀ ပြည့်နှစ် မှန်ပန်းချီရေးဆွဲခြင်းမှစတင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် မှန်ပန်းချီရေးဆွဲမှုရပ်ကာ၊ ပုလင်းပန်းချီကို သုံးနှစ်ခန့် ရေးဆွဲလေ့ကျင့်ခဲ့သည်။ ပုလင်းပန်းချီရေးဆွဲရာတွင် ကျော်ကြားမှု ပုလင်းပန်းချီပညာရှင်ဦးညိုလေး၏ ပုလင်းပန်းချီကို လေ့လာကာရေးဆွဲခဲ့သည်။ ပုလင်းပန်းချီရေးဆွဲနည်း ကျွမ်းကျင်လာသည့်အခါ နိုင်ငံတကာ ခရီးသွားဧည့်သည်များက အထူးဝယ်ယူအားပေးကြသည်။ နိုင်ငံတကာပြပွဲများအထိပါ ဖိတ်ခေါ်ကာ လက်တွေ့ရေးဆွဲပြခိုင်းသည်အထိဖြစ်လာခဲ့သည်။

နောက်ပိုင်းတွင် မှန်ပန်းချီ၊ ပုလင်းပန်းချီသာမက အုန်းခွက်ပန်းချီ၊ ဘူးခါးသီးပန်းချီများကိုပါ တီထွင်ရေးဆွဲလာသည်။ တန်ဖိုးသင့်ကာ လက်ရာမြောက်သည့် ဘူးခါးသီးပန်းချီနှင့် အုန်းခွက်ပန်းချီကားများကို ပြည်တွင်းပြည်ပမှ ဝယ်ယူအားပေးမှုများလာခဲ့သည်။ ယခုအခါ အွန်လိုင်းမှတစ်ဆင့်အုန်းခွက်ပုံတူ ပန်းချီကားများကို အပ်နှံရေးဆွဲခိုင်းမှုများပြားလာကြောင်း ပုလင်းပန်းချီဦးချစ်မြက ရှင်းပြသည်။

**နွေနဒီ(မြစ်ငယ်)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်

**ဗန်းမော် ဩဂုတ် ၂၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်နေသော တောင်သူလယ်သမားများအား လယ်ယာလုပ်ငန်းခွင်တွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ဗန်းမော်မြို့ရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉၀) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဗန်းမော်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတွင်ရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဩဂုတ်၂၀ရက်မှ စက်တင်ဘာ ၂ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းနည်းပြငါးဦးဖြင့် စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ ဗန်းမော်ခရိုင်အတွင်းရှိ သင်တန်းသား ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**ဦးလေးကြီး**

ကြေးမုံ
ဩဂုတ် ၂၂၊ ၂၀၁၇

# (၁၆၆) နှစ်ပြည့် ဦးပိန်တံတား



ကောင်းစည်သူ

ငှက်သမွန်များသွားလာနေသည့် ကျယ်ပြန့်သော ရေပြင်ကျယ်၏ အစပ်တွင် စိမ်းလန်းစိုပြည်သော စိုက်ကွင်းများရှိနေသည့် မြင်ကွင်းကျယ်တစ်ခု၏ အလယ်၌ ခပ်ကွေးကွေးတည်ရှိနေသော သစ်သားတံတားအိုကြီးသည် ကမ္ဘာ့ခရီးသွားများအကြား အလွန်ထင်ရှားသည့် သမိုင်းဝင် ဦးပိန် ရှေးဟောင်းတံတားဖြစ်သည်။ အင်းရေပြင်ကမ်းစပ်နောက်ခံတွင် မယ်ဇင်ပင်တန်းများရှိနေပြီး အနီးဝန်းကျင်တွင် ရှေးဟောင်းစေတီပုထိုး၊ အဆောက်အအုံများအပြင် ရှေးဟောင်းသုတေသန နယ်မြေတစ်ခုတည်ရှိခဲ့သည့်နေရာသည် တောင်သမန်ဟု ထင်ရှားသည့် ပြည်တွင်းပြည်ပ ခရီးသွားဒေသဖြစ်ပေသည်။

## အမရပူရနှင့် တောင်သမန်

သေခြင်းကင်းရာမြို့ဟု အဓိပ္ပာယ်ရှိသည့် ပါဠိဝေါဟာရ အမရပူရသည် ကုန်းဘောင်ခေတ်(၁၇၅၂-၁၈၈၅) တွင် ဘိုးတော်ဘုရား(ဗဒုံမင်း) လက်ထက်၌ ခရစ်နှစ် ၁၇၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ်အထိ တစ်ကြိမ်၊ သာယာဝတီမင်း လက်ထက်၌ ခရစ်နှစ် ၁၈၃၇ ခုနှစ်မှ ၁၈၅၇ ခုနှစ်အထိ တစ်ကြိမ် ဘုရင့်နန်းနှစ်ကြိမ်စိုက်ခဲ့သည့် မြို့တော်ဟောင်းဖြစ်သည်။

ခရစ်နှစ် ၁၇၈၃ ခုနှစ် မေလတွင် ဘိုးတော်ဘုရားတည်ထောင်ခဲ့သည့် အမရပူရသည် မန္တလေးမြို့မှ ၆ ဒသမ ၈ မိုင် ကွာဝေးပြီး ယခုအခါတွင် မြို့ပြဖွံ့ဖြိုးလာမှုကြောင့် မန္တလေးမြို့နှင့် တစ်ဆက်တည်းဖြစ်နေသည်။ မန္တလေးမြို့၏ တောင်ဘက်အရပ်၌ တည်ရှိသဖြင့် အမရပူရမြို့ကို တောင်မြို့ဟုလည်း ခေါ်ဆိုကြပြီး ပိုးထည်၊ ချည်ထည်လုပ်ငန်းနှင့် ကြေးသွန်းလုပ်ငန်းများကြောင့် ထင်ရှားသကဲ့သို့ ဦးပိန်တံတားကြောင့်လည်း ကမ္ဘာလှည့်ခရီးသွားများအကြား ကျော်ကြားခဲ့သည်။

အမရပူရမြို့၏ တောင်ဘက်တွင် တည်ရှိသည့် တောင်သမန်အင်းသည် အရှေ့မှ အနောက်သို့ နှစ်မိုင်၊ တောင်မှမြောက်သို့ တစ်မိုင်ကျယ်ဝန်းလျက် အင်း၏စုစုပေါင်းအကျယ်အဝန်းသည် ၂၃၁ ဒသမ ၇၃ ဧက ဖြစ်သည်။ သက်တမ်း ကြာရှည်စွာကပင် တည်ရှိခဲ့သည့် တောင်သမန်သည် 'ရေစစ်ကိုင်း၊ လှိုင်း ပခန်းငယ်၊ လယ်တောင်တွင်း၊ စပါး မည်းသင်း၊ အင်း တောင်သမန်၊ ကန်မိတ္ထီလာ' ဟု ကဝိလက္ခဏာဒီပနီကျမ်းတွင် မင်းကြီး သီရိမဟာဇေယျသူဖွဲ့ဆိုခဲ့သည့်အတိုင်း မြန်မာနိုင်ငံအတွင်း အထူးခြားဆုံး သဘာဝရေချိုအင်းကြီးတစ်ခုဖြစ်သည်။ မြန်မာအဘိဓာန်တွင် အင်းဟူသည့် ဝေါဟာရကို အလိုအလျောက်ဖြစ်ပေါ်နေသည့် ကျယ်ပြန့်သော ရေအိုင်ကြီးဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

ဧရာဝတီမြစ်အတွင်းမှ ရေများ တိုက်ရိုက်စီးဝင်သည့် တောင်သမန်အင်းသည် ဧရာဝတီမြစ်ရေပြင်မြင့်တက်ချိန် မိုးရာသီတွင် ရေများပြည့်လျှံနေလေ့ရှိသည်။ ရေများပြန်လည်စီးဆင်းသွားသည့် နွေရာသီတွင် အင်းအတွင်းစိုက်ခင်းများကို မြင်တွေ့ကြရမြဲဖြစ်သည်။ တောင်သမန်အင်းနှင့် အင်းတောင်ဘက်ရှိ ဒုဌဝတီမြစ်တို့ကို ဆက်သွယ်ထားသည့် ချောင်းငယ်ကို ဗဒုံမင်း၏ သားတော် ပခန်းမင်းသားက သက္ကရာဇ် ၁၂၀၃ ခုနှစ်တွင် တူးဖော်ခဲ့သည်။

ဧရာဝတီမြစ်နှင့် တောင်သမန်အင်းသည် တစ်ဆက်တည်းတည်ရှိနေသဖြင့် အင်းအတွင်းသို့ လှေများ၊ သစ်ဖောင်များ ဝင်ရောက်ခဲ့ပြီး ဗြိတိသျှစစ်သင်္ဘောများပင် ဝင်ရောက်ခဲ့သည်။ တောင်သမန်အင်းအတွင်းသို့ သင်္ဘောများ ဝင်ရောက်ခဲ့ပုံကို ဆရာကြီး ဒဂုန်နတ်ရှင်က ရတနာပုံနိဒါန်းစာအုပ်တွင် "မင်းတုန်းမင်းသည် အမရပူရမြို့ဟောင်း၌ စံနေတော်မူစဉ် အင်္ဂလိပ်သံတမန်ဖယ်ရာသည် လက်နက်အပြည့်အစုံ တပ်ဆင်ထားသော သင်္ဘောကြီးဖြင့် တောင်သမန်အင်းအတွင်းအထိ ရောက်အောင် ဝင်လာပါသည်။ ရေပြည့်ချိန်ဖြစ်၍ သင်္ဘောသည် နန်းတော်အပေါ်က မိုးနေသကဲ့သို့ ရှိသည်" ဟု ရေးသားခဲ့သည်။

ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၆၉ -၁၉၇၀ ဘဏ္ဍာရေးနှစ်တွင် တောင်သမန်အင်းစောင်းရှိ အောင်ခြင်းရှစ်ပါးဘုရားနှင့် မဟာဂန္ဓာရုံကျောင်းတိုက်အကြား၌ ရှေးဟောင်းသုတေသန တူးဖော်မှုများဆောင်ရွက်ခဲ့ရာ လူရုပ်ကြွင်းများ၊ အိုးများ၊ ပုတီးစေ့များ၊ ကျောက်နှင့် သံလက်နက်များကို တွေ့ရှိခဲ့သည်။ ၁၉၇၁ -၁၉၇၂ ဘဏ္ဍာရေးနှစ်တွင် တောင်သမန်၌ တူးဖော်မှုများဆက်လက်ဆောင်ရွက်ခဲ့ရာ အိုးထိန်းစက်ဖြင့် ပြုလုပ်ထားသည့် အိုးများကို တွေ့ရှိခဲ့ရသည်။ ယင်းအထောက်အထားများအပေါ် ရှေးဟောင်းသုတေသနဆိုင်ရာ သက်တမ်းတွက်ချက်မှုများအရ တောင်သမန် အနီးဝန်းကျင်နေရာများတွင် လွန်ခဲ့သော နှစ် ၂၀၀၀ တွင် လူများနေထိုင်ခဲ့ကြောင်း အဖြေထွက်ရှိခဲ့သည်။

## ဦးပိန်တံတား

မန္တလေးနှင့် အမရပူရအကြား တည်ရှိနေသည့် တောင်သမန်အင်း နှစ်ဖက်တွင် ရှေးအစဉ်အဆက်ကပင် ပြည်သူများနေထိုင်ခဲ့ကြသည်။ တောင်သမန်အင်း၏ အရှေ့နှင့်အနောက်တွင် နေထိုင်ကြသူများ သွားလာရေး အဆင်ပြေစေရန် ကျွန်းတံတားကြီးတစ်စင်းကို လွန်ခဲ့သော နှစ် ၁၆၀ ကျော်က တည်ဆောက်ခဲ့ရာ ယနေ့အချိန်တွင် သမိုင်းဝင် ကမ္ဘာကျော်တံတားကြီးအဖြစ် ရပ်တည်နေပေသည်။

ကုန်းဘောင်ခေတ် (ခရစ်နှစ် ၁၇၅၂-၁၈၈၅) ကိုးဆက်မြောက်ဘုရင် ပုဂံမင်း(ခရစ်နှစ်၁၈၄၆-၁၈၅၃)၏ အမိန့်အရ အမရပူရ မြို့ဝန်ရုံးမှ စာရေးဦးပိန်က တောင်သမန်အင်းကို ဖြတ်လျက် ကျွန်းသစ်လုံးတိုင်ပေါင်း ၉၈၄ တိုင် (နဝအဌ ၊ ဇယမောင်ပိန်) အသုံးပြု၍ ခြောက်ဖာလုံရှည်လျားသည့် တံတားကို တည်ဆောက်ခဲ့ရာ ခရစ်နှစ် ၁၈၅၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ်တွင် စတင်ဆောက်လုပ်၍ ၁၂၁၃ ခုနှစ်တွင် ပြီးစီးခဲ့သည့် ဦးပိန်တံတားကို တည်ဆောက်ခဲ့သည့် မြန်မာသက္ကရာဇ်အား 'အင်းက အော်အာ၊ ဆောက်လုပ်ခါ' ဟုလည်းကောင်း၊ တံတားပြီးစီးသည့်ခုနှစ်ကို 'အင်းက အော်ညီး ဆောက်လုပ်ပြီး' ဟု လည်းကောင်း မှတ်သားခဲ့ကြသည်။ ဦးပိန်တံတားကို တည်ဆောက်ရာတွင် စစ်ကိုင်းနှင့် အင်းဝရှိ နန်းတော်၊ အိမ်တော်အဆောက်အအုံဟောင်းများကို ဖျက်၍ သစ်သားများကိုသုံးစွဲခဲ့သည်ဟု ဆိုကြသည်။

မျက်မှောက်ခေတ် အတိုင်းအတာများအရ ဦးပိန်တံတားသည် ၁ ဒသမ ၂ ကီလိုမီတာ (၆ ဖာလုံ) ရှည်လျားသည်။ လှိုင်းဒဏ်လေဒဏ်ခံနိုင်ရန် ဦးပိန်တံတားကို တစ်ဖြောင့်တည်း မတည်ဆောက်ဘဲ တောင်ဘက်သို့ ကွေ့ဝိုက်ထားကာ တံတားပေါ်တွင် ခရီးသွားများ နားနေရန် ဇရပ်ဆောင် လေးဆောင်တည်ဆောက်ခဲ့သည်။ ဇရပ်ဆောင်များမှ တိုင်များကိုပါ ထည့်သွင်းရေတွက်လျှင် ဦးပိန်တံတားတွင် တိုင်လုံးပေါင်း ၁၀၈၆ တိုင်ရှိသည်။တံတားခန်းဖွဲ့ ပေါင်း ၄၈၂ ခန်းရှိခဲ့သည့်အနက် ဘုရင့်ဖောင်တော်များ ဖြတ်သန်းနိုင်ရန် ပြုလုပ်ထားသည့် ဖြုတ်၍တပ်၍ရသည့် တံတားအခန်း ကိုးခန်းရှိခဲ့သည်။ တံတားတိုင်များကို မြေကြီးအတွင်းသို့ ခုနစ်ပေစိုက်သွင်းထားသည့် ဦးပိန်တံတားသည် မြန်မာ့မြေပေါ်၊ မြန်မာ့ရေပေါ်တွင် အရှည်လျားဆုံးသော သက်တမ်းရှည် ကျွန်းတံတားကြီးဖြစ်ပေသည်။

နှစ်ပေါင်း ၁၆၀ ကျော်အတွင်း ထူးကဲရေကြီးမှုများကြောင့် ၁၉၄၆ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၇၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်များတွင် ဦးပိန်တံတား၏ အခန်းအချို့သည် ရေတွင်မျောပါခဲ့သည်။ ၁၉၇၃ ခုနှစ်က ဦးပိန်တံတားတိုင်ခန်း ၈၀ ကျော် ရေမျောသွားခဲ့သဖြင့် တောင်သမန်အင်းစပ်မှ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဦးဇနကာဘိဝံသနှင့် ပြည်သူများက ပြန်လည်ပြင်ဆင်ခဲ့သည်။ ထို့ကြောင့် ဦးပိန်တံတားသည် တိုင်လုံးပေါင်း ၁၀၀၀ ကျော် ၊ ဇရပ် ငါးဆောင်ဖြင့် လှပခန့်ညားစွာ တည်ရှိနေပေသည်။

## တံတားထိပ်နှစ်ဖက်မှ ရုပ်ပွားနှစ်ဆူ

ဦးပိန်တံတား၏ထိပ်နှစ်ဖက်၊ တောင်သမန်အင်းစောင်းတစ်ဘက်စီ၌ သမိုင်းဝင် ဗုဒ္ဓရုပ်ပွားတော်ကြီး နှစ်ဆူဖြစ်သည့် နေပူခံ ကိုယ်တော်ကြီးနှင့် ကျောက်တော်ကြီး ရုပ်ပွားတော်တို့ တည်ရှိသည်။ ဦးပိန်တံတား၏ အနောက်ထိပ်၊ တောင်သမန်အင်းစပ်တွင် တည်ရှိသည့် တောင်မင်းကြီးဘုရားခေါ် ဆင်ဖြူဝန်ဘုရားကို မြန်မာသက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် တောင်မင်းကြီးခေါ် အသည်ဝန် မင်းလှကျော်စွာက အမိုးအကာမရှိဘဲ နေပူခံ အုတ်ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် တည်ထားခဲ့သည်။

တောင်မင်းကြီးဘုရားသည် အမြင့် ၄၆ ပေ ၁၁ လက်မ၊ တင်ပလ္လင်ခွေထားသည့် ဒူးစွန်းနှစ်ဘက်အကျယ် ၃၆ ပေ ၆ လက်မ နှင့် မကိုဋ်တော်အမြင့် ၁၃ ပေ ၁ လက်မရှိသည်။ ရုပ်ပွားတော်ကြီး၏ မုဒြာ(လက်တော်ဟန်)သည် လက်ချောင်းတော်များမြေသို့ထိနေသည့် ဘူမိဖဿဖြစ်ပြီး အာသာန(ခြေတော်ဟန်)သည် ဗျာန်ဝင်စားနေသည့် ခြေထောက်အနေအထား ဗျာနာသနဖြစ်သည်။

ခရစ်နှစ် ၁၈၅၅ ခုနှစ်တွင် အမရပူရသို့ ရောက်ရှိခဲ့သည့် ဗြိတိသျှသံအဖွဲ့၏ အတွင်းရေးမှူး ဟင်နရီယူးလ်က အင်းဝရွှေနန်းတော်ရောက် ဗြိတိသျှ သံအဖွဲ့ မှတ်တမ်း (The Court of Ava in 1855) စာအုပ်တွင် "တောင်သမန်အင်းကို အပေါ်မှ စီး၍ ကြည့်နေသည့် အလား အလွန်ကြီးမားသော ဗုဒ္ဓဆင်းတုတော်ကြီး တစ်ဆူရှိသည်။ အဆိုပါရှုခင်းကား အီဂျစ်နိုင်ငံ နိုင်းမြစ်ဝှမ်းမှ ရှေးဟောင်းရုပ်တုကြီးများကို မြင်ရသည့် ရှုခင်းနှင့် ဆင်ဆင်တူနေသည်" ဟု မှတ်တမ်းတင် ရေးသားခဲ့သည်။

ထို့အတူ ၁၈၅၅ ခုနှစ် ဇွန်လတွင် အမရပူရသို့ ရောက်ရှိခဲ့သည့် သံအဖွဲ့မှ Linnaeus Tripe သည် တောင်မင်းကြီး နေပူခံရုပ်ပွားတော်ကြီးကို ဓာတ်ပုံရိုက်၍ ပလ္လင်အထက်သို့ ၃၇ ပေ ခြောက်လက်မ မြင့်ကြောင်း မှတ်တမ်းတင်ခဲ့သည်။

အင်း၏အရှေ့ဘက်၊ ဦးပိန်တံတား အဆုံးတွင်ရှိသော မဟာသကျသီဟကျောက်တော်ကြီးဘုရားကို ပုဂံမင်းက မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ် (ခရစ်နှစ် ၁၈၄၉ ခုနှစ်) တွင် တည်ထားခဲ့ပြီး အမရပူရမြို့မှ သုံးမိုင်အကွာတွင် တည်ရှိကာ ဉာဏ်တော် ၁၇ ပေ သုံး လက်မ၊ ဒူးတော်နှစ်ဘက် အကျယ်ခြောက်ပေလေးလက်မရှိသည်။

ကျောက်တော်ကြီးဘုရား အုတ်တိုက်ကို ပုဂံရှိ အာနန္ဒာစေတီ လိုဏ်ပုံစံဆောက်လုပ်ထားသည်။ ပုဂံမင်းလှူဒါန်းခဲ့သော အရပ်ရပ်မှ ကျောင်း၊ ကန်၊ သိမ် ၊ ဥမင်များနှင့် နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ နက္ခတ်တာရာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားများနှင့် နန်းတော်သူ၊ နန်းတော်သား၊ လှေပြိုင်ပွဲ၊ သင်္ဘော၊ ဆိုင်းဝိုင်းစသည့် ရောင်စုံပုံများကို စေတီတော် လိုဏ်အတွင်း၌ ရေးဆွဲထားသည်။ ကျောက်တော်ကြီး ဘုရားအတွင်း အမရပူရခေတ် နံရံဆေးရေးပန်းချီနှင့်မင်စာများကို မူလလက်ရာများအတိုင်း ထိန်းသိမ်းထားသည်။

မြန်မာ့ခရီးသွားနယ်မြေ တစ်ခုဖြစ်သည့် တောင်သမန်ရှိ အမရပူရခေတ် အမွေအနှစ်တစ်ခုဖြစ်သည့် ဦးပိန်တံတားသည် သက်တမ်း ၁၆၆ နှစ်ပြည့်ပြီ ဖြစ်သကဲ့သို့ တံတားနှင့် အတူယှဉ်တွဲတည်ရှိနေသည့် ရုပ်ပွားတော်ကြီးနှစ်ဆူသည်လည်း သက်တမ်း နှစ် ၁၆၀ ကျော်ခဲ့ပြီဖြစ်ပေသည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်း ရုပ်ဝတ္ထုများဖြစ်ကြသည့် ယင်းတို့သည် မြန်မာနိုင်ငံ၏ သမိုင်းအထောက်အထားများဖြစ်ကြသဖြင့် နှစ်ပေါင်းရှည်ကြာစွာ တည်တံ့နေစေရန် ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပေသည်။

ကိုးကား –
မြန်မာ့စွယ်စုံကျမ်း အတွဲ (၂)၊ (၆)၊ (၁၄)
တောင်သမန်ပတ်ဝန်းကျင် သမိုင်းဝင်နေရာများ (ကိုပညာ၊ အမရပူရ)
ဝင်းတွေနှင့်တည်ခဲ့သည့်မင်းနေပြည် (နတ်မောက်ထွန်းရှိန်)

# အော်တစ်ဇင်နှင့်စာသင်ကျောင်းများသိကောင်းစရာ ပညာပေးဟောပြောပွဲကျင်းပ

**ပဲခူး ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးဒုက္ခများ ကူညီကယ်ဆယ်ရေးကွန်ရက်နှင့် မြန်မာအော်တစ်ဇင်-Autism(ရန်ကုန်)တို့ ပူးပေါင်းပြီး ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း(YMBA)ခန်းမ၌ အော်တစ်ဇင်နှင့် စာသင်ကျောင်းများ သိကောင်းစရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးသဘာဝ ဘေးအန္တရာယ်ကွန်ရက်နာယက ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးကျော်မင်းစံက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးဒုက္ခများ ကူညီကယ်ဆယ်ရေးကွန်ရက်ဥက္ကဋ္ဌ ဦးဇော်နိုင်က ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအော်တစ်ဇင်အသင်း မှအတိုင်ပင်ခံ အမှုဆောင် ဒေါက်တာ ဉာဏ်ဝင်းကျော်က ဦးနှောက်ဖွံ့ဖြိုးမှုဆိုင်ရာ ရောဂါသဘာဝများအကြောင်းကိုလည်းကောင်း၊ မြန်မာအော်တစ်ဇင်အသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်လွင်က အော်တစ်ဇင်ဖြစ်ပွားခြင်းဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ အမှုဆောင်ဒေါ်ဥမ္မာစိုးက အော်တစ်ဇင်ကလေးများနှင့် စာသင်ကျောင်းများ ဆက်စပ်ပုံ၊ အော်တစ်ဇင်ကလေးများ စာသင်ကြားခွင့်ရရှိရေးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပုံများကိုရှင်းလင်းပြောကြားကြသည်။

အော်တစ်ဇင်သည် ဦးနှောက်နှင့်အာရုံကြောမူမမှန်ဖြစ်တာကိုခေါ်ဆိုပြီး အော်တစ်ဇင်ရောဂါသည် တစ်ကမ္ဘာလုံးအနေဖြင့် တစ်ဖြည်းဖြည်းဖြစ်ပွားမှုများလာသည်ကို တွေ့ရှိရကြောင်း၊ အမျိုးသားများသည် အမျိုးသမီးများထက်ပိုမိုပြီးအဖြစ်များကာ အော်တစ်ဇင်အဖြစ်နိုင်ဆုံးသည် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၊ မျိုးရိုးဗီဇရှိခြင်းတို့ကြောင့် ဖြစ်နိုင်မှုများကြောင်း၊ အော်တစ်ဇင်ဖြစ်သည့်ကလေးများမှာ အဓိကအားနည်းချက် (၃)ချက်ကို အများဆုံးတွေ့ရပါကြောင်း၊ လူမှု ဆက်ဆံရေး (သူစိမ်းနဲ့မျက်လုံးချင်းဆုံမကြည့်ပါဘူး)၊ စကားပြောနောက်ကျခြင်း၊ နှေးခြင်း၊ အပြုအမူနဲ့လှုပ်ရှားမှု အပြုအမူတစ်ခုကို ထပ်ခါတလဲလဲပြုလုပ်ခြင်း စသည်တို့ဖြစ်ကြောင်း၊ စနစ်တကျအချိန်ယူပြီး ဆောလျင်စွာ လေ့ကျင့်သင်ကြားပေးလျှင် အပြင်းစားမှအလတ်စား၊ အလတ်စားမှအပေါ့စားသို့ သက်သာလျော့ကျနိုင်ပါကြောင်း မြန်မာအော်တစ်ဇင်အသင်း ဥက္ကဋ္ဌဒေါက်တာမြင့်လွင်က ပြောသည်။

ယင်းနောက် တက်ရောက်လာကြသူများက အော်တစ်ဇင်အကြောင်းသိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာပညာရှင်များက ပြန်လည်ဖြေကြားကာ မြန်မာအော်တစ်ဇင်အသင်းဥက္ကဋ္ဌဒေါက်တာမြင့်လွင်က အစိုးရနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး ပဲခူးမြို့၌အော်တစ်ဇင်ကျောင်း ပေါ်ပေါက်လာရေး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

အော်တစ်ဇင်ကလေးများ ပညာသင်ကြားရာတွင်နိုင်ငံတော်ကချမှတ်ထားသောမူဝါဒ (နိုင်ငံတော်မှတိကျတဲ့ မူဝါဒများမရှိခြင်း)၊ လုပ်ထုံးလုပ်နည်း၊ အခြားလူများ၏စိတ်နေသဘောထား၊ လက်တွေ့ကျင့်သုံးချက်များသည် အတားအဆီးများအဖြစ်ရှိနေကြောင်း၊ မြန်မာအော်တစ်ဇင်အသင်းအနေဖြင့် ကမ္ဘာ့အော်တစ်ဇင်နေ့ အခမ်းအနားကိုကျင်းပလာခဲ့သည်မှာ (၇) နှစ်တိုင်ရှိခဲ့ပြီဖြစ်ကြောင်း၊ ပထမအကြိမ် မြန်မာအော်တစ်ဇင်အားကစားပွဲတော်ကိုလည်း ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှအော်တစ်ဇင်ကွန်ရက်များချိတ်ဆက်ခြင်း၊ မီဒီယာမှပညာပေးခြင်းအဖြစ် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မဂ္ဂဇင်းများ ထုတ်ဝေခြင်း၊ ပညာပေး ဗီဒီယိုရိုက်ကူးထုတ်လွှင့်ခြင်း၊ နိုင်ငံခြားမှ ပညာရှင်များဖိတ်ခေါ်ပြီး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိပါကြောင်း အမှုဆောင် ဒေါ်ဥမ္မာစိုးက ပြောသည်။

ဆွေးနွေးပွဲသို့သယံဇာတ၊သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ မြန်မာအော်တစ်ဇင်အသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပရဟိတလူမှုအဖွဲ့အစည်းများတက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မြန်မာ –ထိုင်းနယ်စပ်သောင်ရင်းမြစ်အတွင်းရှိ ရေလယ်ကျွန်းပေါ်သို့တာဝန်ရှိသူများ ရှောင်တခင်ဝင်ရောက်စစ်ဆေး

**မြဝတီ ဩဂုတ် ၂၁**

မြဝတီခရိုင် အုပ်ချုပ်ရေးမှူးဦးထူးလွင် ဦးဆောင်သော တာဝန်ရှိသူများသည် ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီက ထိုင်း-မြန်မာ နယ်စပ်သောင်ရင်းမြစ်အတွင်းရှိ ရေလယ်ကျွန်းပေါ်သို့ ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့တွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့စည်ပင်ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့ကြသည်။

ခရိုင်အုပ်ချုပ်ရေးမှူးက "အခုရှောင်တခင်လာကြည့်တာက ဒီရေလယ်ကျွန်းမှာနေထိုင်နေကြတဲ့ သူတို့တွေက သောင်ရင်းမြစ်ရေတက်လာရင် ရုတ်တရက်ကယ်ဆယ်ရေးတွေမလာခင် ဒုက္ခရောက်နိုင်တယ်။ ဒါကြောင့်ရေကြီးလာရင် ဘယ်လိုဆောင်ရွက်ရမယ်။ ဘယ်နေရာမှာ လူဘယ်လိုစုမယ်စသဖြင့် ဒီကျွန်းကခန့်ထားတဲ့ ရာအိမ်မှူးတွေနဲ့ တိုင်ပင်ကိုက်ထားမှုတွေကို ထပ်မံပြီး လာရောက်သတိပေးတာလည်းဖြစ်သလို ရေရဲ့စိုးရိမ်ရေအမှတ် မှတ်တိုင်တွေကိုလည်း ထောင်ထားပေးပြီး အလွယ်တကူကြည့်လို့ရအောင်ဆောင်ရွက်ပေးထားပါတယ်။ ပြီးတော့ မူးယစ်ဆေးဝါးတွေမလုပ်ကြဖို့နဲ့ H1N1 ရောဂါတွေနဲ့ပတ်သက်ပြီးတော့လည်း ဖျားနာရင် ဆေးရုံကိုချက်ချင်းပြသဖို့နဲ့ ကာကွယ်မှုတွေဘယ်လိုလုပ်ရမယ်ဆိုတာလည်း အသိပညာပေးတာလည်းပါပါတယ်။ အဓိကကတော့ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေ မလုပ်ကြဖို့ပါပဲ။ မူးယစ်ဆေးဝါးတွေလုပ်ရင်တော့ ဥပဒေအရအရေးယူရမှာပဲ" ဟု ရှင်းလင်းပြောကြားသည်။

ယင်းရေလယ်ကျွန်းသည် လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်က ထိုင်းနှင့်မြန်မာ သူပိုင်ငါပိုင်အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ပြီး ယခုအခါမြန်မာဘက်မှ ပိုင်ဆိုင်ကြောင်း အသိအမှတ်ပြုခံထားရကာ မြေဧက ၂၀ ခန့်ရှိပြီး လူနေအိမ်ခြေ ၆၅ အိမ်ရှိသည်။ မြဝတီမြို့၏အမှတ် ၁ ရပ်ကွက်နယ်မြေထဲ၌ ထည့်သွင်းထားကြောင်းသိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# စုပေါင်းမြေသြဇာကြဲပက်ပွဲကျင်းပ

**အုတ်တွင်း ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အင်ဒိုင်းကျေးရွာရှိ ဘက်စုံအဆင့်မြင့် စံပြကျေးရွာဧက ၅၀၀ ၌ မျိုးစေ့ထုတ်တောင်သူများ၏ လယ်မြေ၌ စုပေါင်းမြေသြဇာကြဲပက်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် အဆိုပါ စိုက်ကွင်းရှိရှင်းလင်းဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးတို့က လုပ်ငန်းနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများနှင့်အတူစုပေါင်းမြေသြဇာကြဲပက်ခဲ့ကြသည်။

အခမ်းအနားသို့ တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးမှူးဦးစန်းလွင်၊ အုတ်တွင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် မြို့နယ်စိုက်/ညိုအဖွဲ့ဝင်များ၊ တာဝန်ခံများ၊ ဖိတ်ကြားထားသော တောင်သူများနှင့် ခရိုင်၊ မြို့နယ်မှဝန်ထမ်းများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**စာမျက်နှာ ၁၅ မှ**

**(ဈ) အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုဒေသ**
(AFTA - ASEAN Free Trade Area)

အာဆီယံဟာ ၁၉၉၂ ခုနှစ် ဇန်နဝါရီလအတွင်း စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ် အာဆီယံ ထိပ်သီးအစည်းအဝေးမှာ စင်ကာပူကြေညာချက်ကို ထုတ်ပြန်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမူဘောင် (Framework Agreement on Economic Cooperation)အရ အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှုဒေသ (ASEAN Free Trade Area- AFTA) ကို ထူထောင်ခဲ့ပါတယ်။ AFTA ကို ထူထောင်လိုက်တာဟာ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဒေသ (Integrated ASEAN Economic Region) တည်ထောင်မှုရဲ့ အောင်မြင်မှု တစ်ခုဖြစ်ပါတယ်။

AFTA ကို ထူထောင်ရာမှာ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြား ကုန်သွယ်မှု အတားအဆီးတွေကို ဖယ်ရှားနိုင်ဖို့နဲ့ ဖယ်ရှားရာမှာလည်း အခွန်အကောက်များ လျှော့ချခြင်းအပြင် အခွန်အကောက်မဟုတ်တဲ့ ကုန်သွယ်မှု အတားအဆီးတွေ (Non-Tariff Trade Barriers) လျှော့ချဖို့ ဖြစ်ပါတယ်။ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဧရိယာကို CEPT (Common Effective Preferential Tariff)နဲ့ အကောင်အထည်ဖော်လျက်ရှိရာမှာ မူလအဖွဲ့ဝင်နိုင်ငံတွေဖြစ်ကြတဲ့ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့အတွက် ၂၀၀၂ ခုနှစ်မှာလည်းကောင်း၊ ဗီယက်နမ်နိုင်ငံအတွက် ၂၀၀၆ ခုနှစ်မှာလည်းကောင်း၊ မြန်မာနိုင်ငံနဲ့ လာအိုနိုင်ငံတို့အတွက် ၂၀၀၈ ခုနှစ်မှာလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံအတွက် ၂၀၁၀ ခုနှစ်မှာလည်းကောင်း အပြီးဆောင်ရွက်ဖို့ အစီအစဉ်တွေ ချမှတ်ခဲ့ပါတယ်။

အာဆီယံနိုင်ငံတွေအကြား အခွန်အကောက်နှုန်းထားတွေ လျှော့ချနိုင်ဖို့ CEPT Scheme ရဲ့ အဓိကမူဝါဒက အာဆီယံဒေသတွင်း သတ်မှတ်ထားတဲ့ ကုန်စည်အားလုံးကို ၂၀၁၀ခုနှစ် မတိုင်မီ အကောက်ခွန်နှုန်းထားများကို သုညရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ လျှော့ချသွားရန်၊ အရေအတွက် ကန့်သတ်ချက်တွေကို လျှော့ချသွားဖို့နဲ့ အခွန်အကောက်မဟုတ်တဲ့ ကုန်သွယ်မှုအတားအဆီးတွေ ပပျောက်သွားစေရေးအတွက် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ကုန်စည်တွေကို အမျိုးအစားသုံးမျိုးခွဲခြားပြီး အခွန်အကောက်လျှော့ချရေး ဦးစားပေးအဆင့် (၁)ရှိတဲ့ (Inclusion List) ပါ ကုန်စည်တွေရဲ့ ၉၀ ရာခိုင်နှုန်းဟာ အခွန်အကောက် သုည ရာခိုင်နှုန်း မှ ငါးရာခိုင်နှုန်းအတွင်း သတ်မှတ်ပြီး ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်အစောပိုင်းမှာ မူလခြောက်နိုင်ငံရဲ့ (Inclusion List) ပါကုန်စည်တွေရဲ့ ၃ ဒသမ ၈ ရာခိုင်နှုန်းသာလျှင် သတ်မှတ်ထားတဲ့ အခွန်အကောက် ငါးရာခိုင်နှုန်းအထက်မှာ ရှိပါတယ်။ လက်ရှိအခြေအနေမှာ အာဆီယံဒေသအတွင်းမှာ ကုန်သွယ်နေတဲ့ ကုန်စည်တွေရဲ့ ပျမ်းမျှကုန်သွယ်ခွန်နှုန်းမှာ ၃ ဒသမ ၈ ရာခိုင်နှုန်းသာရှိတာကို တွေ့ရှိရပါတယ်။ ဦးစားပေးအဆင့်(၂)မှာရှိတဲ့ (Temporary Exclusion List) က ကုန်စည်တွေကို မူလ ခြောက်နိုင်ငံအနေနဲ့ ၂၀၀၀ ပြည့်နှစ် မတိုင်မီလည်းကောင်း၊ ကျန် CLMV နိုင်ငံတွေအတွက် အမြန်ဆုံး (Inclusion List) ကို ကူးပြောင်းပြီး သုညရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအတွင်း သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ နောက်ဆုံးအဆင့်(၃)ဖြစ်တဲ့ Sensitive List က ကုန်စည်တွေကို ၂၀၁၀ ခုနှစ်နောက်ပိုင်းမှ စတင်သတ်မှတ်ဖို့ အဆိုပြုခဲ့ပါတယ်။ အဲဒီကုန်စည်အများစုဟာ လယ်ယာထွက်ကုန်ကြမ်းအချို့ ဖြစ်ပါတယ်။

CEPT Scheme မှာ မပါဝင်တဲ့ ကုန်စည် ၈၂၉ မျိုးရှိပါတယ်။ အဲဒီကုန်စည်တွေကို General Exception List အဖြစ် သတ်မှတ်ထားပြီး နိုင်ငံတော်လုံခြုံရေး၊ ပြည်သူ့ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်စည်တွေ ပါဝင်ပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ လွတ်လပ်စွာ ကုန်သွယ်မှုဒေသမှာ ကုန်စည်တွေသာမက ဝန်ဆောင်မှုလုပ်ငန်းတွေပါ ပါဝင်လာစေဖို့ ဆောင်ရွက်လျက်ရှိပြီး အာဆီယံခေါင်းဆောင်တွေရဲ့ အဓိကမျှော်မှန်းချက်က မူလအဖွဲ့ဝင် ခြောက်နိုင်ငံအနေနဲ့ ၂၀၁၀ခုနှစ်မှာလည်းကောင်း၊ အဖွဲ့ဝင်သစ်တွေအနေနဲ့ ၂၀၁၅ ခုနှစ်မှာလည်းကောင်း၊ သွင်းကုန်အခွန်အခများကို ဖျက်သိမ်းပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။

အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုဒေသအတွင်း CEPT Scheme ရဲ့ အကျိုးရလဒ်တွေကို လေ့လာကြည့်မယ်ဆိုရင် အာဆီယံဒေသတွင်းနိုင်ငံများရဲ့ ကုန်သွယ်မှုမှာ ၂၀၀၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၄၁ ဒသမ ၃ ဘီလီယံရှိခဲ့ရာကနေ ၂၀၁၅ ခုနှစ်မှာ ၁၆၃ ဒသမ ၇ ဘီလီယံအထိ ၁၅ ဒသမ ၉ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပြီး သွင်းကုန်အနေနဲ့ ၂၀၀၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ




Source: ASEAN Secretariat, Jakarta
tmqD,HEdkifiHrsm;\ pD;yGm;a&;wdk;wufrItajctaeyZ,m;

၁၁၉ ဒသမ ၇ ဘီလီယံရှိခဲ့ရာကနေ ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၄၂ ဒသမ ၈ ဘီလီယံအထိ တိုးမြင့်လာခဲ့ပါတယ်။

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကတစ်ဆင့် ရုပ်ပိုင်းဆိုင်ရာပေါင်းစည်း ဆက်နွှယ်ရေးမှာလည်း အာဆီယံအဖွဲ့ကြီးဟာ နောက်ကျနေဆဲဖြစ်ပါတယ်။ ပေါင်းစည်းဆက်နွှယ်ရေးအတွက် အာဆီယံသဘာဝဓာတ်ငွေ့စနစ်နဲ့ လျှပ်စစ်ဓာတ်အားပေးစနစ်ဆိုင်ရာ အဆိုပြုအစီအစဉ်တွေ ရှိနေသော်လည်းပဲ လက်တွေ့မှာ ဆောင်ရွက်နိုင်ခြင်း မရှိသေးတာ တွေ့ရ ပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ ဥရောပသမဂ္ဂလိုတူညီတဲ့ ငွေကြေး၊ ပြည်ပအကောက်အခွန်နဲ့ နိုင်ငံရေးယန္တရားတွေနဲ့ နီးနီးကပ်ကပ်ချိတ်ဆက်နေတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်လာဖို့တော့ လောလောဆယ်မှာ အခြေအနေမရှိသေးတာကို တွေ့မြင်နိုင်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ အာဆီယံမဟုတ်တဲ့ ပြင်ပနိုင်ငံတွေနဲ့ ကုန်သွယ်မှုလုပ်ငန်းစဉ်တွေကို မိမိတို့ရဲ့ အကျိုးစီးပွားနဲ့ ကိုက်ညီမှုအရ သီးခြားအစီအစဉ်နဲ့ ဆောင်ရွက်လေ့ရှိတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ ဥပမာအားဖြင့် ပစိဖိတ်ဖြတ်ကျော် လွတ်လပ်စွာကုန်သွယ်မှုမိတ်ဘက်အဖွဲ့ (TPP) မှာ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ ဘရူနိုင်းနိုင်ငံတို့သာ ပါဝင်တာကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပါတယ်။ အလားတူ အာဆီယံအသင်းကြီးရဲ့ အဓိကအဖွဲ့ဝင်တစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံဟာ သမ္မတ ဂျိုကိုဝီဒိုဒို လက်ထက်မှာ ဥရောပသမဂ္ဂနဲ့ သီးခြားကုန်သွယ်ရေးဆွေးနွေးပွဲတွေကို ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း စတင်ကျင်းပခဲ့ပါတယ်။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၈-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၈-၈-၂၀၁၇ ရက်နေ့မှ ၁၅-၉-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) (အခြေခံလစာ- ၁၇၀၀၀၀ + အရည်အချင်းလစာ ၄၀၀၀ + **M.H.R.A** ၁၀၀၀၀=၁၈၄၀၀၀) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

GUSTO COLLEGE

In Partnership with UNIVERSITY OF GLOUCESTERSHIRE

## UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာ
## *August Intake* အတွက်လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များဖြင့်စစ်ဆေးမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သော Pearson မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက ပြည်တွင်းရှိ GUSTO ၌ပင် နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။ ပြည်ပတွင်ဆက်လက်သင်ယူလိုပါက UK, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌လည်း တက်ရောက်နိုင်ပါသည်။
(နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- **၂၀၁၇ ဩဂုတ်လ တန်းခွဲသစ်** တက်ရောက်ရန် ပင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက် လျှောက်ထားနိုင်ပါသည်။

***နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်။***

Call Us : (09) 789 888 222, (09) 862 8806

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းဘုံဘားအနီး၊ ရန်ကုန်မြို့။



"မေသူမောင်" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
*၂၀၁၇-၂၀၁၈ ခုနှစ် - ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
*သံဝေဇနိယလေးဌာန(၇)ညအိပ်(၈)ရက်-(ဟိုတယ်-သီးသန့်)
*သံဝေဇနိယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တပ်ချိမဟာနယူးဒေလီ (၁၄)ညအိပ်(၁၅)ရက်ခရီးစဉ်။**ဟိုတယ်(၄)ည ကားသေးများဖြင့်သာ** ***အောက်တိုဘာလ မှစ၍ ဧပြီလအထိ ***ထွက်ခွာ ပါမည်။
ဆက်သွယ်ရန်ရုံးချုပ်-အမှတ်၊(8/H)ဆင်မလိုက်အဆင့်မြင့်ကွန်ဒို၊ ကမာရွတ် ရန်ကုန်ဖုန်း-၀၉. ၅၀၁၂၄၇၀၁၀၉. ၅၀၇၂၉၈၄၁၀၉. ၇၃၂၄၁၆၈၇၊ ၀၉. ၉၆၄၂၀၁၆၆၈ ၀၁. ၂၃၀၅၉၂၈၊ မန္တလေးဖုန်း-၀၉၄၄၄၀၃၀၂၇၀၁၀၉. ၇၉၀၉၀၉၉၂၄- ပဲခူးဖုန်း-၀၉. ၇၉၆၉၄၁၇၀၇- တောင်ကြီးဖုန်း-၀၉. ၂၅၉၆၂၆၂၆၉၁၀၈၁. ၂၁၂၄၈၉၉



ကိုကျော်နိုင်
CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE (အံစာတုံး) ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803



Amazing Time Travels & Tours
No.1 Travel Agent for Buddha Gaya
အမှတ် - ၁၃၂(A)၊ တတိယထပ်၊ ဘားဂရာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။
ဖုန်း - 01 2304785
09 73120852
09 43064845
UMTA

ဗုဒ္ဓဂယာ အဆင့်မြင့် ဘုရားဖူးခရီးစဉ် (ရက် ၇ည)
3* Hotel (၇ည) တစ်ဦးလျှင် - 950 USD
MAI လေကြောင်းလိုင်းဖြင့် လိုက်ပါစီးနင်းပြီး ခရီးစဉ်တလျှောက် Aircon bus များ အသုံးပြုပေးထားပါသည်။ ဟိုတယ်များတွင် Buffet စနစ်ဖြင့် ကျွေးမွေးပါမည်။ မှတ်တမ်းတင် Video များ ပြန်လည်ပေးအပ်ပါမည်။ ခရီးစဉ်တလျှောက် မြန်မာဘုန်းကြီးနှင့်မြန်မာစည်လမ်းညွှန်တို့ ပါဝင်ပါမည်။
(စရံငွေ 100 USD ပေးသွင်းရုံဖြင့် လူကြီးမင်းတို့၏ ကုသိုလ်ပျော်ရွှင် ခရီးစဉ်လေးကို စတင်လိုက်ပါ။
ထွက်ခွာမည့် ရက်များ - 05 Oct - 12 Oct 2017, 28 Feb - 07 Mar 2018



ဆုံသစ္စာ
Ph : 0973174066
095504667



"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534



GW
0973226006
0973133528
0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559


### စက်မှုဝန်ကြီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် ယာဉ်အို/ယာဉ်ဟောင်းအပ်နှံရာမှ ထွက်ရှိလာသည့် အင်ဂျင်အပျက်များ Assorted Type (Used Engine) (Mixed Material) ခန့်မှန်း (၂၀,၀၀၀လုံး)/ တန်ချိန် (၅၀၀၀)ခန့်ကို ရောင်းချရန်အတွက် နိုင်ငံခြားငွေ USD ဖြင့် အိတ်ဖွင့် တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၂၄-၈-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၆-၉-၂၀၁၇ရက် ၁၆း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၆၀၊ ၀၆၇-၄၀၅၀၆၇**




ရွှေဘုံသာ အလယ်လမ်းက
# ယူနိုက်တက်ဗွီးရှင်း
မျက်စိအထူးကုဆေးရုံကြီးနှင့် မျက်မှန်၊ မျက်ကပ်မှန်အရောင်းခန်းမ

အတွင်းတိမ်ခွဲစိတ်ရန်
(ECCE) ခေါ် လက်ဖြင့်ခွဲစိတ်ခြင်းအပြင်၊
မျက်စိကိုခွဲစရာမလို၊ချုပ်စရာမလိုပဲ
Phaco-Emulsifier
(Ultra Sound System)
ဖြင့်လည်းကုသပေးနေပါသည်။
ငွေကြေးအခက်အခဲရှိသူများကို အပတ်စဉ် တနင်္လာနေ့
နေ့လည်(၁း၀၀) နာရီ မှ ည (၇း၃၀)နာရီအထိ
ကြိုတင်စာရင်းပေးသွင်းသူများကို **အခမဲ့** စမ်းသပ်ခွဲစိတ်
ပေးနေပါသည်။
ဖုန်း - ၀၉ ၄၅၀၆၂၀၄၄၅

INTERNATIONAL BRANDED အစစ်များကိုသာ
အာမခံဖြင့် ရောင်းချပေးနေပါသည်။

Ray-Ban
OAKLEY
VOGUE eyewear
BURBERRY
BVLGARI
PRADA EYEWEAR

အထူးချွန်ဆုံး မျက်စိအထူးကု
ဆရာဝန်ကြီးများကိုယ်တိုင်
စမ်းသပ်ခွဲစိတ်ကုသပေးနေပါသည်။
ခေတ်မီစက်ပစ္စည်းများကို
အသုံးပြုပြီးမျက်မှန်များကို
နေ့ချင်းပြီးဆောင်ရွက်ပေးနေပါပြီ။

ရန်ကုန်ဆိုင်ခွဲ
- အမှတ်(၂၆၃)၊ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၃၈၄၈၃၈၊ ၂၅၂၇၁၈၊ ၃၈၉၉၃၉
- အမှတ်(၂၆၂)၊ရွှေဘုံသာအလယ်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁-၂၄၀၇၈၅
- အမှတ်(၆၆/၆၈)၊စံရိပ်ငြိမ်(၆)လမ်းထိပ်၊ရန်ကုန်အင်းစိန်လမ်းမ၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၅၃၂၃၁၇၊၂၃၀၄၂၉၄
- အမှတ်(၃၈/ဃ)၊လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းဈေးရှေ့၊ ဗဝန်း၊ ဖုန်း-၀၁-၈၅၆၅၉၂၂
- အမှတ်(၂၅၇/၂၅၈)၊ဂမုန်းပွင့်ရှော့ပင်းစင်တာ၊ဒုတိယထပ်၊ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်။ ဖုန်း-၀၉ ၇၇၁၄၅၀၃၉၉

မန္တလေးဆိုင်ခွဲ
- ၇၈လမ်း(၂၇လမ်းနှင့်၂၈လမ်းကြား)၊အမှတ်(A-3)၊ ဘုတာကြီးမြောက်ဘက်၊မန္တလေးမြို့။ ဖုန်း-၀၂-၆၈၇၈၆၊၃၄၄၄၂
- Diamond Plaza ၊စက်လှေကားအနီး(မြေညီထပ်)၇၈လမ်း၊၃၃လမ်းနှင့်၃၄လမ်းကြား။ ဖုန်း-၀၉၉၁၀၂၇၀၃၄
- ၈၄လမ်း(၂၉လမ်းနှင့်၃၀လမ်းကြား)၊အမှတ်(53/54B)၊မန္တလေးမြို့။ ဖုန်း-၀၂-၃၁၇၈၁

ကြေးမုံ
ဩဂုတ် ၂၂၊ ၂၀၁၇

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံများ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၂၄ | ၁၉ | ၁၅ | ၅၈ |
| ၂ | စင်ကာပူ | ၁၃ | ၁၃ | ၁၁ | ၃၇ |
| ၃ | ဗီယက်နမ် | ၈ | ၅ | ၉ | ၂၂ |
| ၄ | အင်ဒိုနီးရှား | ၇ | ၁၀ | ၁၅ | ၃၂ |
| ၅ | ထိုင်း | ၆ | ၈ | ၁၀ | ၂၄ |
| ၆ | ဖိလစ်ပိုင် | ၃ | ၆ | ၆ | ၁၅ |
| ၇ | မြန်မာ | ၃ | ၂ | ၁ | ၆ |
| ၈ | လာအို | ၀ | ၁ | ၁ | ၂ |
| ၉ | ဘရူနိုင်း | ၀ | ၀ | ၄ | ၄ |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၀ | ၃ | ၃ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

အောင်ကျော်ဝင်း



(၂၉)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲအဖြစ် မြန်မာယူ-၂၂ အသင်းနှင့် အိမ်ရှင် မလေးရှားယူ-၂၂ အသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲကို ရန်ကုန်မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှေ့တွင် LED Board ဖြင့် ပြသရာ ပရိသတ်များ လာရောက်ကြည့်ရှုအားပေးနေကြစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# မြန်မာဝူရှူးအဖွဲ့ ရွှေတစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူး

**ကွာလာလမ်ပူ ဩဂုတ် ၂၁**

ဆီးဂိမ်းဝူရှူးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ကွာလာလမ်ပူ ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပရာ မြန်မာဝူရှူးအဖွဲ့က ရွှေတစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။ မြန်မာဝူရှူးအဖွဲ့အတွက် ပထမဆုံးရွှေဆုကို နန်းတောင်းနှင့် နန်းကွန့်ပြိုင်ပွဲနှစ်ခုပေါင်းတွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နံနက်ပိုင်း၌ ကျင်းပသောပွဲစဉ်များတွင် မြန်မာဝူရှူးအဖွဲ့က ကြေးတံဆိပ်တစ်ခုသာ ရယူနိုင်ခဲ့သည်။ အဆိုပါကြေးတံဆိပ်ဆုကို အမျိုးသမီးချန်းစုပြိုင်ပွဲတွင် စန္ဒီဦးက ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ စန္ဒီဦးသည် စုစုပေါင်းရမှတ် ၉ ဒသမ ၆၅ မှတ်ဖြင့် ကြေးတံဆိပ်ဆုရခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်ကစားသမားက ၉ ဒသမ ၆၇ မှတ်ဖြင့် ပထမ၊ အိမ်ရှင်မလေးရှားက ၉ ဒသမ ၆၆ မှတ်ဖြင့် ဒုတိယရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြတ်သက်စုဝေဖြိုးမှာ အဆင့် (၄) နေရာသာရခဲ့သည်။ အမျိုးသားချန်းစုပြိုင်ပွဲတွင် မင်းခန့်ဇော်၊ အမျိုးသားကွန့်စုနှင့် တောင်းဆုပြိုင်ပွဲနှစ်ခုပေါင်းတွင် မျိုးမင်းကြီးတို့ ဆုတံဆိပ်နှင့်လွဲချော်ခဲ့သည်။

ညနေပိုင်းပွဲစဉ်များတွင် အမျိုးသားနန်းကွန့်ပြိုင်ပွဲ၌ မြန်မာဝူရှူးလက်ရွေးစင် ကစားသမား သိန်းသန်းဦးသည် နန်းတောင်းနှင့်

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❖



နန်းတောင်းနှင့် နန်းကွန့်ပြိုင်ပွဲတွင် ရွှေဆုရယူခဲ့သည့် သိန်းသန်းဦး။



မြန်မာအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို သန်းပိုင် သွင်းယူစဉ်။

# မြန်မာအသင်း

## အိမ်ရှင် မလေးရှားကို ရှုံးနိမ့်

**ကွာလာလမ်ပူ ဩဂုတ် ၂၁**

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) စတုတ္ထနေ့ပွဲစဉ်များကို ယနေ့ညပိုင်းက ရှာအလမ်ကွင်း၌ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင်မလေးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ပြီဖြစ်သော်လည်း အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲတွင် အိမ်ရှင်မလေးရှားကို ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယနေရာသာရယူနိုင်တော့မည်ဖြစ်သည်။ မြန်မာအသင်းသည် လူစုံနီးပါး ပါဝင်ခဲ့သော်လည်း အိမ်ရှင်အသင်းကို ယှဉ်မကစားနိုင်ခဲ့ဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ပြီဖြစ်သော်လည်း အမာခံကစားသမားအများစုဖြင့် ဆက်လက်ပွဲထွက်ခဲ့ပြီး လှိုင်းဘိုဘိုနေရာတွင် ရဲရင့်ထွန်း၊ ဟိန်းသီဟဇော်နေရာတွင် နန္ဒကျော်တို့ကိုသာ ပြောင်းလဲအသုံးပြုခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❂



